www.burmeseclassic.com



www.burmeseclassic.com

## ဂျူ နှစ်ခြောက်ဆယ်ပြည့်မြောက် ဂုဏ်ပြုဝတ္ထုစာအုပ်လေး

၁၉၈၈ ဒီဇင်ဘာလထုတ် ပန်းဒေသီ မဂ္ဂဇင်းပါ 'ပန်းကုံလေက လွင့်စေကာ' ဝတ္ထုတိုဖြင့် စာပေလောကနှင့် ရင်းနှီးခဲ့ရသည်။

၁၉၈၉ ခုနှစ်တွင် ပထမဆုံး ဝတ္ထုရှည်ကြီး ''မျှော်သလိုကြိုး ဝေဘာသီ'' ကို ထုတ်ဝေခဲ့သည်။

''ကြေကြွသွားအောင် ပုန်းခဲ့တယ်'' သည် ဂျူ၏ နှစ်ဆယ်မြောက် ဝတ္ထုရှည်တွေ။ ကြိုကြားမဂ္ဂဇင်းခဲ့သော အတွဲဝတ္ထုများ၊ ကဗျာများ၊ ဝတ္ထုတိုများလည်း ရှိခဲ့၏။

မွေးနံ့ကာလသည် ၂၀၀၃။

၂၀၀၃ အောက်တိုဘာ ၁ ရက်နေ့တိုင်အောင် ပိပိုး ရှင်သန် လှုပ်ရှားနေခြင်းမှာ သုံးဆယ့်ငါးနှစ်ပြည့်ပြီ။ ကျန်ခဲ့သော အတိတ် ကြိုးတိုးဆန်ကျန်ခဲ့ရာ အမြင်အမှတ်များကို လွမ်းမောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သန်းကျော်လည်ခဲ့ရာ ပတေတွေ့အကြုံဖြစ်စဉ်များ၏ ထိရိုက်မှုများကို တသက်ရှင်သရွေ့ တမျက်နှာပေါ်အထိရောက် ပြုံးမိခဲ့သည့် အသရေကျနှုန်းသည့်များ၊ ရှိသလို မပြည့်စုံမှုများသည်၊ ရှိနေမှာ ပေသရှာ၏။

မည်သို့ဖြစ်စေ မိမိ၏ စိတ်အားကို လက်ခံခဲ့သော စာဖတ်သူများ၏ ကျေးဇူးကို မမေ့ပျောက်စေရမည်။

စိတ်အားရသောကြောင့်ပင် မိမိနှင့် စာဖတ်သူများသည် စိတ်ချော ကိုယ်ပါ အကျွမ်းတဝင်ဖြစ်နေပြီ ဟု ယုံကြည်မိသည်။

အခြေအနေ အချိန်အခါကြောင့်ပင် အချို့အကြောင်းအရာများသည် ရင်ထဲမှာ အထောက်ကရ ကြွင်းကျန်နေဆဲပင်။

အနှစ်နှစ်အလယ်ချိုင်ကို မှတ်မှတ်ရရ အကြောင်းအရာများဖြင့် ရေးသားချင်ခဲ့သော်လည်း စိတ်လွှာတိုင်း လော်ကာမရောက်ခြင်းပြီး။

ဒီအတွက်တော့ စာဖတ်သူများကို အနူးအညွတ် တောင်းပန်ချင်ပါ၏။

အချိန်ကာလ အခြေအနေများနှင့်အတူ အတွေ့အကြုံ အရင်းအနှီးစာမူတို့က အစီအစဉ်ရှိနေဆဲ။

တစ်နေ့သော်တစ်နေ့ စာဖတ်သူများနှင့် ထိမိတော့ပါ နောက်ဆုံး ရင်ထဲက စိတ်အားများကို ပြီးအောင်ရေးပါမည် ... ဟု ယုံကြည်ထားမိသည်။

မိမိနှင့် ကျွမ်းဝင်ရာ စာဖတ်သူအားလုံး စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေ ... ဟု ဆုတောင်းရင်း။

ဖြိုး(ပု-မော)

၂၃ - ၈ - ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

# မောင်ညိုဩော

(ပန်းစေတာ)

## ကြွေသမျှထက်ပွင့်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

# အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

အင်ပါယာ
စာပေ

■ တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။
ဖုန်း - ၇၂၄၂၇၇
P.O. Box -234

■ တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်၊
ဖုန်း - ၃၉၃၂၆၅
E-mail: empire.mtk@mptmail.n

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၃၊ အခန်း ၁၁
ဗိုလ်မှူးကျော်သန်းဆန်းထင်အိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့(ဖ်)ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက် - ၁၂၀၉/၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက် - ၁၀၇၄/၂၀၀၃ (၉)
ထုတ်ဝေခြင်း - ပထမအကြိမ် ၂၀၀၃၊ အောက်တိုဘာ
အုပ်ရေ တန်ဖိုး - ၅၀၀၊ ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# မောင်ညိုအေး (ပန်းတော)

# ကြွေသမျှထက် ပွင့်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

ဝေဖို့ ပွင့်သမျှ
ကြွေလို့ လွင့်ရတယ်
ပွင့်သူကြွေသူ
ဘယ်တူမလဲ
အစဉ်ပဲလေ ...
ကြွေသမျှထက် ပွင့်ခဲ့တယ် ...။

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

BURMESE CLASSIC .com

မမမိုးရှိစဉ်ကတည်းက မွေးနေ့ရောက်လေတိုင်း ညချမ်းအခါမှာ အမှတ်တရပွဲလေးကို စည်ကားအောင် ကျင်းပပေးခဲ့မြဲ။

ပိုပြီး အမှတ်ရစေ၊ ဝမ်းနည်းစေသည်ကတော့ သူ့အသက်နှစ်ဆယ့်လေးနှစ် ပြည့်သောနေ့။ သူနှင့်အတူတူ မွေးနေ့ပွဲကို ပျော်ရွှင်စွာကျင်းပနေစဉ်မှာပင် မမမိုးတစ်ယောက် ရုတ်တရက်ဆုံးပါးသွားခဲ့၏။

ပြီနှစ်ဆယ့်တစ်ရက်ရောက်လေတိုင်း မမမိုးခေါ် ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



မိုးပြည့်အေး’ အား ရည်စူးပြီး မနက်ခင်းမှာ ဆွမ်းကပ်သည်။

ညချမ်းအချိန်မှာတော့ မမမိုးကို အောက်မေ့စွာဖြင့် သူ့မွေးနေ့ပွဲကို ကျင်းပရပြန်သည်။ ထိုအစီအစဉ်အတိုင်း နေထိုင်လာခဲ့ရာ နှစ်ထောင့်သုံးသို့ တိုင်ခဲ့ပြီ။ သူ့အသက်ပင် သုံးဆယ့်ရှစ်နှစ်ပြည့်ခဲ့ပြီလေ။

“ဦးထွန်း”

‘ဖြိုးပြည့်ထွန်း’ ၏ ခေါ်သံကြောင့် အတွေးတို့ ရပ်သွားရသည်။

“ဘာများပြောစရာရှိလဲ ဖြိုး”

ဖြိုးပြည့်ထွန်းကို စိုက်ကြည့်မိသည်။

မမမိုး မျက်နှာပေါက်နှင့်ဆင်ပြီး မိန်းမချောချောသူပင်။ မမမိုးဆုံးတော့ ဖြိုးပြည့်ထွန်းမှာ ရှစ်နှစ်သားအရွယ်။

“ဦးထွန်းရဲ့ မွေးနေ့ပွဲမှာ ဖြိုးရဲ့ ဧည့်သည်တစ်ယောက်ကို ဖိတ်ထားတယ်”

ကြားရသောစကားက အထူးအဆန်း။

သူ့ မွေးနေ့ပွဲတိုင်းကို ဖြိုးပြည့်ထွန်း၏ အပေါင်းအသင်းတွေ လာနေကျပင်။

“နှစ်တိုင်းလည်း ဖြိုးရဲ့မိတ်ဆွေတွေ လာနေကြပဲ၊ ဘာလို့များ အထူးအဆန်းလုပ်ပြီး အသိပေးရတာလဲ ဖြိုး”



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြည့်ထွန်း၏ အသက်မှာ မငယ်တော့။ နှစ်ဆယ့်နှစ်နှစ်ပင် ပြည့်ပြီးလေပြီ။

“ဒီနေ့ညလာမယ့် ဧည့်သည်ကို ဦးထွန်းတွေ့ဖူးမှာ မဟုတ်ဘူး၊ ညရောက်လို့ မိတ်ဆက်ပေးတဲ့အခါ ဦးထွန်း ကြိုသိနေအောင်လို့ပါ”

ဒီလောက်တော့ သူ မ, အသေးပေ။ သူတွေးတာ မှန်မမှန် စကားအစ်ကြည့်လိုက်သည်။

“ဘာလဲ . . . ဖြိုးဧည့်သည်က မိန်းကလေး မဟုတ်လား”

BURMESE CLASSIC .com

“ဟုတ်တယ် ဦးထွန်း”

နှုတ်မှ ဖြေသော်လည်း ဖြိုးပြည့်ထွန်းတစ်ယောက် သူ့မျက်နှာကို ရဲရဲမကြည့်ဝံ့။

ဖြိုးပြည့်ထွန်း၏ဧည့်သည်ကို ဒီညမှာ ဆုံဖြစ်မည်ပဲ။ ဖြိုးပြည့်ထွန်းအတွက် အရေးကြီးဧည့်သည် ဖြစ်နေမှတော့ သူ့အတွက်လည်း အရေးကြီးရတော့မည်လေ။

“ကောင်းပြီ ဖြိုး . . ညကျရင် တွေ့ကြတာပေါ့၊ ဧည့်သည်အတွက်တော့ စိတ်ပူမနေနဲ့၊ ဦးထွန်း ဧည့်ဝတ်ကျေရစေမယ်”

သူ့နှုတ်စကားကြောင့်ပင် ဖြိုးပြည့်ထွန်းမျက်နှာလေး ရွှင်လန်းသွား၏။ သူ့အနားမှ ဖြိုးပြည့်ထွန်းထွက်သွားပြီး မရှေးမနှောင်းမှာပင် ကျော်မိုး ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သားအဖ ဘာတွေများ တိုင်ပင်နေကြတာလဲ အထွန်း"

ငယ်ငယ်ကလို နှုတ်ကျိုးနေကျအတိုင်းပင် ကျော်မိုး ခေါ်၏။ ဒီနေ့အထိ သူ့နာမည်အပြည့်အစုံဖြစ်သော 'ထွန်းမင်းသန်း' ကို ယောင်လို့ပင် ကျော်မိုး မခေါ်။

သူနှင့်ကျော်မိုးက ငယ်သူငယ်ချင်းတွေ။

ကျော်မိုးနှင့် ပတ်သက်ပြီးမှ မမမိုးနှင့် ဆုံဖြစ်သည်။ မမမိုးက ကျော်မိုး၏အစ်မအရင်း။ ကျော်မိုး၏ကောင်းမှုကြောင့်ပင် သူနှင့် မမမိုးတို့ ပျော်ရွှင်ခဲ့ကြသလို လွမ်းဆွတ်ခြင်းတွေလည်း ဖြစ်ခဲ့သည်ပဲ။

"နှစ်ယောက်တိုင်ပင်နေတယ်ဆိုတာထက် မင်းရဲ့တူတော်မောင်က လာတိုင်ပင်တာ၊ အသိပေးစကား ပြောတာဆိုရင် ပိုမှန်လိမ့်မယ် ကျော်မိုး"

"ဘာများတိုင်ပင်ပြီး ဘာတွေများ အသိပေးလို့လဲ အထွန်း"

"တခြားတော့ မဟုတ်ဘူး၊ ဒီညမွေးနေ့ပွဲမှာ မိန်းကလေးတစ်ယောက်ကို ဖိတ်ထားတယ်တဲ့၊ အဲဒီမိန်းကလေးက ဖြိုးအတွက်တင် မဟုတ်ဘူး၊ မင်းတို့ ငါတို့နဲ့ပါ အများကြီး ပတ်သက်လာတော့မယ့်သဘောပဲ ကျော်မိုး"

www.burmeseclassic.com



"ဘာလဲ . . . ဖြိုးက သူ့ချစ်သူကို ငါတို့အားလုံး သိအောင် တရားဝင်ကြေညာပြီပေါ့ ဟုတ်လား"

"သေချာတယ် ကျော်မိုး၊ ငါကတော့ ဟိုတယ်လုပ်ငန်းတွေနဲ့ နပမ်းလုံးနေရလို့လား မသိဘူး၊ ဖြိုးကို ကလေးတစ်ယောက်လို ငါမြင်နေတုန်းပဲ၊ တကယ်တော့ ဖြိုးက အရွယ်ရောက်နေပြီပဲ"

"မင်း စိတ်မကောင်းဖြစ်နေတာလား အထွန်း"

"ဘာအတွက် စိတ်မကောင်းဖြစ်ရမှာလဲ ကျော်မိုး"

"ဒီလိုကွာ . . . ငါ့ကြောင့်ပဲ မင်းနဲ့မမမိုးတို့ ချစ်ခဲ့ကြတယ်၊ ကံကြမ္မာက မျက်နှာသာ မပေးခဲ့လို့ မမမိုးနဲ့မင်း ကွဲခဲ့ကြတယ်၊ ဖြိုးကို မွေးပြီး နောက် မမမိုးအမျိုးသား ဆုံးသွားတယ်၊ ဒီအခြေ အနေမှာ ငါ့ကြောင့်ပဲ မင်းနဲ့မမမိုးတို့ ပြန်ပေါင်းဖြစ်ခဲ့ကြတယ်၊ နှလုံးသားရေးရာမှာတော့ မင်းကံမကောင်းဘူး အထွန်း၊ မမမိုး ဆုံးသွားတဲ့အချိန်မှာ မင်းက အရွယ်ကောင်းပဲ၊ ဒါပေမဲ့ အိမ်ထောင်ရေးကို မင်း လုံးဝစိတ်မဝင်စားခဲ့ဘူး၊ ဖြိုးကို သားအရင်းလို စောင့်ရှောက်ရုံတင်မကဘူး ငါတို့မိသားစုရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပဲ မင်းစိတ်ကို လုံးလုံးလျားလျား မြှုပ်နှံထားခဲ့တာ၊ အခုချိန်မှာ ဖြိုးက မင်းထင်သလို ကလေးအရွယ် မဟုတ်တော့ဘဲ အိမ်ထောင် သားမွေးကိစ္စကို စိတ်ဝင်စားနေတဲ့အတွက်လေ"

ကျော်မိုးစကားတွေက မှန်သင့်သလောက်တော့ မှန်ပေပဲ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ဒီကိစ္စတွေအားလုံးက သဘာဝအတိုင်း ဖြစ်လာရခြင်းပဲ။

"သီးချိန်ပွင့်ချိန်တန်တဲ့သဘောပဲ ကျော်မိုး၊ တစ်နည်းရှိတယ် . . . မိန်းကလေးအခြေအနေနဲ့ဘဝကိုတော့ ငါတို့ လေ့လာစုံစမ်းရလိမ့်မယ်"

ဒီလောက်ပဲ သူပြောချင်သည်။

နှလုံးသားအရေးနှင့် ပတ်သက်ပြီး သူ့မှာ အနာတရတွေဗလပွ။ စိတ်မကောင်းစရာတွေက ရင်နှင့်အပြည့်။

ဖြိုးပြည့်ထွန်းအပေါ်မှာတော့ သူ့လိုရိုက်ခတ်မှုမျိုးတွေမဖြစ်စေချင်တာတော့ အမှန်ပင်ဖြစ်၏။

ဝရန်တာမှနေပြီး ခြံထဲသို့ လှမ်းကြည့်ဖြစ်သည်။

ကျနေဆုတ်ခွာခြင်းနှင့်အတူ မွေးနေ့ပွဲကို ပြင်ဆင်နေကြပြီ။

အခန်းထဲသို့ ဝင်လာပြီး တီဗွီဖွင့်လိုက်သည်။

ဂြိုဟ်တုမှလွှင့်သော အစီအစဉ်များကို တစ်ခုချင်း ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ကြည့်ဖြစ်သည်။

တွေ့လိုက်ရသောမြင်ကွင်းကြောင့်ပင် သူ့စိတ်တို့ တစ်ခဏ ချင်း နွမ်းနယ်သွားရသည်။

ဖန်သားပြင်ပေါ်မှ 'ခမာ' လူမျိုးတို့၏ ယဉ်ကျေးမှုပြယုဂ် 'အန်ကောဝပ်' ကျောင်းတော်ကြီး။

ပြကွက်များနှင့်အတူ 'အန်ကောဝပ်' နှင့် ပတ်သက်သည် များ၊ နောက်ခံစကားသံတွေ ကြားနေရသည်။

စိတ်ထဲ၊ နှလုံးသားထဲမှာတော့ ခမာတိုင်းပြည်နှင့် အန် ကောဝပ်အကြောင်းကို 'ဖြူ' ကိုယ်တိုင် ပြောပြနေသည့်အလား။

"အဲဒီ . . . အန်ကောဝပ်ဘုရားကျောင်းကြီးက မေရု (မြင့်မိုရ်) တောင်ကို ပုံစံပြုပြီး တည်ထားခဲ့တာ 'ထွန်း' ရဲ့၊ အေဒီ ၁၁၁၂-၅၂ မှာ နန်းစံတဲ့ တတိယမြောက် 'သူရိယဝါမန်' က တည် ခဲ့တာဆိုတော့ နှစ်ပေါင်း (၈၀၀) ကျော် သက်တမ်းရှိပြီပေါ့ 'ထွန်း' . . ."

ဖန်သားပြင်ပေါ်မှ အရုပ်တွေ၊ အသံတွေကြောင့် ခမာတို့ တိုင်းပြည်ကို ရောက်နေရသလို သူ့စိတ်အစဉ်မှာလည်း 'ဖြူ့' ရုပ်၊ 'ဖြူ့' အသံများကို ကြေကွဲစွာဖြင့် မြင်ယောင်ကြားယောင်နေဖြစ် ပြန်သည်။

"လောကကြီးမှာ ပန်းတွေ ပွင့်ရတာလည်း အများကြီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကြွေရတာလည်း အများကြီးပဲ၊ 'ဖြူ' စဉ်းစားမိတယ် . . . ကြွေရတာ များပေမယ့်လည်း လောကကြီးမှာ ပန်းတွေ တုံးတယ်ရယ်လို့ မရှိဘူး၊ တကယ်တော့ ကြွေရတာထက် ပိုပွင့်ဖြစ်ခဲ့လို့နေမှာပေါ့နော်၊ သံယောဇဉ်တို့ အချစ်တို့ဆိုတာကလည်း ဒီနှယ်ပဲ နေမယ်နော် 'ထွန်း' . . . ”

သူနားနှစ်ဖက်ကို ယောင်ယမ်းပြီး ပိတ်မိ၏။

သူ မကြားချင်။

ဒီအသံတွေကို မကြားရက်။ ဖြူနှင့်ပတ်သက်တာတွေနှင့် ကြုံရတိုင်း သူ လိပ်ပြာမလုံချင်။

သူ့တာဝန်မကင်းမှုကြောင့် ခမာသူလေး 'ဖြူ' ဘယ် ရောက်နေမည်မသိ။

ခမာတို့တိုင်းပြည်မှာပဲ 'ဖြူ' ရှိနေမည်လား။

ပြီးတော့ . . . သူနှင့် ဖြူတို့၏ သံယောဇဉ်ကြိုးလေးတစ်ခု ကရော . . .

ဆက်မတွေးရဲလောက်အောင်ပင် သူ့စိတ်တို့ ထိခိုက်သွားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၂ )

အမှောင်နှင့်အတူ ခြံထဲမှာ မီးရောင်စုံတွေ ထွန်းလင်းနေသည်။ ပျံ့လွင့်တက်လာသော သီချင်းသံများကို နာခံရင်း အောက်ထပ်သို့ ဆင်းခဲ့၏။

ဧည့်ခန်းကို အဖြတ်၊ မမမိုး သေဆုံးမည့်နေ့ (မွေးနေ့ပွဲ) တွင် ရိုက်ဖြစ်ခဲ့သော မိသားစုဓာတ်ပုံဆီ အကြည့်ရောက်သည်။

ဓာတ်ပုံထဲမှာတော့ ဖြိုးပြည့်ထွန်းကို သူ ချီပိုးထားသည်။ မမမိုးက သူ့ကို ဖက်တွယ်ထားရင်း ပြုံးနေလိုက်ပုံများ . . . အောက်



www.burmeseclassic.com

www.burmeseclassic.com



မေ့သတိရစရာတွေပင်။

"အထွန်းက မမမိုးရဲ့ အချစ်ဦးပဲ၊ ကံကြမ္မာကြောင့်သာ မမမိုးတို့နှစ်ယောက် ရှင်ကွဲ, ကွဲခဲ့ဖူးပြီ၊ မမမိုးအနားမှာ ဒုတိယလူ အဖြစ်နဲ့ နေခွင့်ရတဲ့အတွက်တော့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ မမမိုးတို့ နောက်တစ်ခါ ရှင်ကွဲ,ကွဲစရာ အကြောင်းမရှိတော့ဘူး၊ သေကွဲ,ကွဲကြမှပဲ ထပ်ဝေးစရာအကြောင်း ရှိတော့မှာ"

သူတစ်ယောက်တည်း အထီးကျန်ကာလတွေကို ရင်ဆိုင်ဖို့ အတွက် မမမိုး ကြိုတင်နိမိတ်ဖတ်ခဲ့လေသလား။ ဟိုအချိန်ပြောခဲ့ ဖူးသည့် စကားများသည် သူ့ရင်ကို ကြည်နူးစေသလောက် အခု အချိန်မှာတော့ ကြေကွဲလွမ်းဆွတ်ရပါသည်လေ။

"အထွန်း"

မိသားစုဓာတ်ပုံကို ငေးကြည့်နေဆဲမှာပင် ကျော်မိုး . . . ပခုံး လာပုတ်၏။

သူ့ရင်ထဲ ဘာဖြစ်နေမည်ကို ကျော်မိုး နားလည်မည် ထင်၏။

"ခြံထဲမှာ ဧည့်သည်တွေ ရောက်စပြုနေပြီ အထွန်း၊ သေသောသူကို ကြာရင်မေ့သွားကြတယ် ဆိုပေမယ့် မင်းတို့ ငါတို့ အတွက်တော့ ဒီနေ့ ဒီအချိန်ရောက်တိုင်း အမြဲဝမ်းနည်းကြရမှာပါ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစရာစကားမို့ ကျော်မိုး အသံတွေ တိမ်ဝင်နေ၏။ သူလည်း အောက်မေ့စွာဖြင့် ပြောလိုက်မိသည်။

"ဒီလောကမှာ မရှိတော့တဲ့သူကတော့ ငါတို့တွေ ဘာဖြစ်ကျန်ခဲ့မလဲဆိုတာကို ဘယ်သိပါ့မလဲ၊ ကျန်ခဲ့တဲ့သူအချင်းချင်းသာ ဒီအချိန်ရောက်တိုင်း လွမ်းဆွတ်ခြင်းနဲ့ ရင်တွေ လောင်မြိုက်ရတာ၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ . . . ငါ့မွေးနေ့မှ မမမိုးရဲ့ သေနေ့ဖြစ်ရတယ်လို့ကွာ"

ကြေကွဲစရာ၊ အမှတ်ရစရာအနေဖြင့် သူ့မွေးနေ့မှာ မမမိုး ဆုံးပါးခဲ့၏။

"မေမေတို့လည်း ရောက်နေကြပြီ၊ ပြီးတော့ ဖြိုးရဲ့ သူငယ်ချင်းတွေလည်း ရောက်နေကြပြီ"

ကျော်မိုးစကားကြောင့်ပင် ဝမ်းနည်းခြင်းမှ မျက်နှာလွှဲလိုက်ရသည်။

သူတို့အားလုံးအတွက် အမှတ်တရနေ့တစ်နေ့ကိုပင် ဖြိုးပြည့်ထွန်းတစ်ယောက် တမင်ရွေးချယ်ခဲ့လေသလား။ ဖြိုးပြည့်ထွန်း၏ ဧည့်သည်ကောင်မလေးလည်း ရောက်နေလောက်ပြီထင်၏။

"ဖြိုးရဲ့ကောင်မလေးရော ရောက်နေပြီလား ကျော်မိုး"

"ထူးထူးခြားခြားတော့ မတွေ့ရသေးဘူး၊ မရောက်သေး ဘူးထင်တယ် အထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးရော ရှိနေလား"

ကောင်မလေးကို သွားကြိုသည့်အထင်ဖြင့် သူ မေးလိုက်သည်။

သူတွေးထင်သလို မဟုတ်ခဲ့ပေ။

"ရှိနေတယ် အထွန်း"

ရောက်နှင့်နေကြသော ဧည့်သည်များကို သူ လိုက်နှုတ်ဆက်လိုက်သည်။

သူနှင့်ကျော်မိုးအနားသို့ ဖြိုးပြည့်ထွန်း ရောက်လာ၏။

လူကသာ သူတို့အနားမှာ ရှိပေမယ့် မျက်လုံးများကတော့ မျှော်လင့်မှုတွေကြောင့် အရောင်တောက်နေခဲ့၏။

"ဦးထွန်းတို့ဝိုင်းမှာပဲ ဖင်မြဲမြဲ ထိုင်နေပါလား ဖြိုး၊ ဘာလဲ . . . ဖြိုးဧည့်သည် ရောက်မလာသေးလို့များလား"

"အပြစ်ပြောလည်း ခံရမှာပဲ ဦးထွန်း"

ပွင့်လင်းစွာပင် ဖြိုးပြည့်ထွန်း ဝန်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးက အပြောင်အပျက်စကား ဝင်ပြောလိုက်သည်။

“နေဦး ဖြိုး . . . လေးလေးမေးတာကိုတော့ ဖြိုး စိတ်မဆိုးနဲ့နော်၊ ဖြိုးညွှန့်သည်က လာခဲ့မယ်လို့ ဝတ်ကျေတန်းကျေ ပြောတာရော မဖြစ်နိုင်ဘူးလား”

ဖြိုးပြည့်ထွန်းမျက်နှာ ကွက်ခနဲ ပျက်သွား၏။

“ဥ,က အဲဒီလောက်အထိတော့ စကားမဖျက်တတ်ပါဘူး လေးလေးရာ”

“ဖြိုးကောင်မလေးနာမည်က ‘ဥ’ တဲ့လား”

“ဟုတ်တယ် ဦးထွန်း၊ နာမည်က တစ်လုံးတည်းပဲ၊ ဥ,ဆိုတဲ့အတိုင်း ချစ်စရာလည်းကောင်းတယ်၊ ဟော . . . ပြောရင်းဆိုရင်း ဥ,လာနေပြီ၊ ဖြိုး သွားကြိုလိုက်ဦးမယ်”

မျှော်ရကျိုးနပ်စွာဖြင့် သူတို့အနားမှ ဖြိုးပြည့်ထွန်း ထွက်သွား၏။

ဥ,ဆိုသော မိန်းမငယ်လေးကို မြင်နေရသည်။ သူတို့စားပွဲရှိရာသို့ ဖြိုးပြည့်ထွန်းနှင့်အတူ လျှောက်လာနေ၏။

“ချစ်စရာကောင်းရုံတင် မဟုတ်ဘူး ယောကျ်ားတွေရဲ့အာရုံကို ဖမ်းစားနိုင်တဲ့ အလှတွေနဲ့ ပြည့်နှက်နေတယ် အထွန်း၊ ဖြိုးအတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားဆိုတာ တဖြည်းဖြည်းနဲ့ အဖြေပေါ်မှာပဲ၊ ဒီကလေးမလေးကိုတော့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးရလိမ့်မယ်”

ဝတ်ပုံစားပုံမှာ အရိုင်းကြီး မဟုတ်သော်လည်း ယဉ်ကျေးသိမ်မွေ့ခြင်းထဲမှာတော့ မပါဝင်။ လမ်းလျှောက်ပုံ စတိုင် (လ်) ကိုက ဒီခေတ်မိန်းကလေးများ၏ ပုံစံအတိုင်း တမင်ကြွနေ၏။

အနားရောက်လာလေ ဥ၏မျက်လုံးများကို သဘောမတွေ့လေ ဖြစ်ရ၏။

“လေးလေးနဲ့ဦးထွန်း . . . ဒါ . . . ဖြိုးပြောနေတဲ့ ဥလေ၊ ဒီနေ့ညအတွက် ဖြိုးရဲ့ အထူးဧည့်သည်တစ်ယောက်ပဲ”

“ငါ့တူမ . . . လို့ပဲ တရင်းတနှီး ခေါ်မယ်နော်၊ သဘောတူရဲ့လား”

ကျော်မိုးကတော့ စကားလုံးဖြင့် အကဲစမ်းလိုက်၏။

“ခေါ်ပါ လေးလေး၊ ဖြိုးကို ငါ့တူ . . . ငါ့တူ . . . လို့ ခေါ်နေကျပဲ မဟုတ်လား”

မိန်းကလေး၏ သွက်လက်ချက်ချာမှု၊ အကင်းပါးမှုတို့ကြောင့်ပင် သက်ပြင်းခိုးချမိသည်။ လျှော့တွက်၍ မရကြောင်းလည်း သိလိုက်ရသည်။ သူတို့အကြောင်းကို အတွင်းသိသဘောမျိုး သိရှိထားပုံရ၏။

“ဥ . . . ဒါက ဦးထွန်းလေ၊ နာမည်အပြည့်အစုံက ဦးထွန်းမင်းသန်းတဲ့၊ ဖြိုးဘဝမှာ အားအကိုးရဆုံးနဲ့ အချစ်ရဆုံးသူပဲလေ”



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြည့်ထွန်းတစ်ယောက် မိတ်မဆက်ခင်ကပင် သူ့ကို မျက်လုံးများဖြင့် မိန်းကလေးက စကားပြောနှင့်နေ၏။

မိတ်ဆက်ပေးခြင်းအဆုံးမှာတော့ သာလိကာမလေး နှုတ်သွက်လာ၏။

"ဖြိုးနဲ့ စခင်ကတည်းက ဦးထွန်းအကြောင်းကို သိနေခဲ့ တာ၊ ဦးထွန်းရဲ့မေတ္တာတရားကိုတော့ စံပြအနေနဲ့ ခြွင်းချက်မဲ့ ယုံကြည်မိတာ အမှန်ပဲ၊ ဒီစကားက လူချင်းတွေ့လို့ လောကဝတ်အနေနဲ့ ပြောတာ မဟုတ်ဘူးနော်၊ ဥ,ရင်ထဲက ပြောလိုက်တဲ့ စကားပဲ ဦးထွန်း"

ဥ,စကားများကြောင့် ကျော်မိုး မှင်သက်မိနေ၏။

ကာယကံရှင်သူကိုယ်တိုင်ကလည်း ဘာပြန်ပြောရမှန်း မသိလောက်အောင် နှုတ်အ,နေမိ၏။

လောကဝတ်ကျေစေလိုသောသဘောဖြင့် မနည်းပြုံးပြလိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုတယ်လို့ မထင်နဲ့နော်၊ ငါ့တူမ မိဘတွေက ဘယ်လို အသက်မွေးမှုမျိုးတွေ လုပ်ကြလဲ"

ကျော်မိုးကတော့ ရိုးသားချင်ဟန်ဆောင်ပြီး ပညာပေး မှန်းသူ သတိထားမိသည်။

ဖြိုးပြည့်ထွန်းကတော့ ကျော်မိုး၏ဝသီကို သိထားသူမို့ အပြုံးမပျက်။

မြွေမြွေချင်း ခြေမြင်တော့ ဥ,ကတော့ ပါးနပ်စွာပင် ပြန်တွယ်လေ၏။

"လေးလေးပြောလိုက်တဲ့ အသက်မွေးမှုဆိုတဲ့စကားလုံးနဲ့ ဥ, မိဘတွေက တကယ်လိုက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ဥ,မိဘနှစ်ပါးစလုံးက နယ်မြို့လေးမှာပဲ ရိုးသားစွာ အသက်မွေးမှုလုပ်ပြီး ဥ,ကို လူလားမြောက်အောင် ကျွေးမွေးခဲ့တာလေ"

"ဟုတ်တယ် လေးလေးရဲ့ . . . ဥ, တစ်ယောက်တည်း ရန်ကုန်မှာနေပြီး မိဘတွေကို ရှာကျွေးနေတာလေ"

ဖြိုးပြည့်ထွန်းကတော့ အလိုက်ကန်းဆိုးမသိစွာဖြင့် ဝင်ပြီး မဏ္ဍပ်တိုင်တက်ပြနေလိုက်သေး၏။

စကားဝိုင်းတစ်ခုတည်းတွင် ရှိနေသည်မို့ သူ အမေးရှိလိုက်ရသည်။

"သမီး ရန်ကုန်ရောက်တာ ကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အခု . . . ဉ, အသက်က နှစ်ဆယ်ပြည့်ခါနီး ဆိုတော့ ဆယ့်ခြောက်နှစ်စွန်းစွန်းလောက်ကတည်းက ရန်ကုန်ကို ရောက်နေခဲ့တာလေ"

အသက်ငယ်ငယ်ဖြင့် ရုန်းကန်နေရဆဲ မိန်းမငယ်လေး၏ ဘဝကိုတော့ မဆီမဆိုင်ဖြင့် ကိုယ်ချင်းစာနေမိပြန်သည်။

ဉ,တစ်ယောက်ကတော့ လိုအပ်တာထက်ပိုပြီး ဟန်ဆောင်မှုတွေ လုပ်ပြနေ၏။

ကျော်မိုးကလည်း နက်နဲစွာဝင်ပြီး စပ်စု၏။ သူဘယ်လိုမှ ဝင်ထိန်းချိန် မရလိုက်ပေ။

"အခု ငါ့တူမ ရန်ကုန်မှာ တစ်ယောက်တည်း နေတာ လား၊ အဆောင်နေမှာပေါ့"

"ရောက်ခါစကတော့ အဆောင်နေပါတယ်၊ အခုတော့ တိုက်ခန်းငှားနေတယ်လေ၊ ဉ,တစ်ယောက်တည်းပဲ နေတယ်၊ တစ်ခါတလေတော့ မေမေ လာနေတတ်တယ်"

"လေးလေးကလည်း သန်းခေါင်စာရင်းစစ်တမ်းကောက်တာထက် ဆိုးနေပြန်ပြီ"

ကျော်မိုးအမေးများကို မနှစ်မြို့သောကြောင့် ဖြိုးပြည့်ထွန်း အသံထွက်လာ၏။

မျက်ရိပ်မျက်ကဲဖြင့် ကျော်မိုးကို အသိပေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ကောင်းသွားသည်က ဖြိုးပြည့်ထွန်း၏ အဘိုးအဘွားများ ကျော်မိုးကို အခေါ်လွှတ်လိုက်ခြင်းပင်။

သူတို့ဝိုင်းမှာ အတူရှိနေသော မိန်းကလေးကို စူးစမ်းချင်သည့်သဘောဆိုတာ သိသာ ထင်ရှားနေ၏။

ကျော်မိုးထ,သွားပြီး မကြာခင်မှာပင် ဉ,က ပြန်ဖို့ပြင်သည်။

ဖြိုးပြည့်ထွန်းက ဉ,အား လိုက်ပို့ပေးဖို့ သူ့ထံ ခွင့်တောင်း၏။

လောလောဆယ်အနေဖြင့် သူ ခွင့်ပြုလိုက်ရသည်။

"ဉ, ဆိုတဲ့ မိန်းကလေး ရုတ်တရက်ပေါ်လာတဲ့ကိစ္စကတော့ ငါတို့မိသားစုအတွက် မဟာပြဿနာပဲ အထွန်း၊ မေမေတို့ကတော့ ဉ,ကို လုံးဝသဘောမကျဘူး၊ ငါ့အနေနဲ့ ထိန်းထိန်းသိမ်းသိမ်းပဲ ပြောခဲ့ပါတယ်၊ မင်းက ဖြိုးရဲ့ အဖေဆိုလည်း ဟုတ်တယ်၊ အမေဆိုလည်း ဟုတ်တယ်၊ အခုကိစ္စမှာ ဖြိုးက မင်းကို ခေါင်းတည်လိုက်တာပဲ အထွန်း"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကတော့ သူ့ခေါင်းပေါ်သို့ ပုံကျလာခဲ့ပြီ။

ပြဿနာက လွယ်မယောင်နှင့်အခက်ကြုံမှာ သေချာနေ၏။

"မင်းပြောချင်တာရော ဦးတို့ ဒေါ်ဒေါ်တို့ သဘောကိုရော ငါ နားလည်တယ်၊ ဒီကလေးမကို မြင်လိုက်ရကတည်းကိုက ငါစဉ်းစားနေတာ အခုထိပဲ၊ ဖြိုးက မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်း နေပြီး ပညာကြိုးစားတဲ့သူ၊ အခုပြဿနာကို ခေါင်းအေးအေးထားပြီး ညင်ညင်သာသာကိုင်တွယ်မှ ဖြစ်မယ် ကျော်မိုး"

ဖြိုးပြည့်ထွန်းနှင့် ပတ်သက်ပြီး သူ့ရင်တွေ ပူနေရသည်။ ဒီလိုပြဿနာမျိုးနှင့် ကြုံရလိမ့်မည်ဟု အိပ်မက်ပင် မက်မထားခဲ့ပေ။

"ငါတော့ သဘောမကျတာ အမှန်ပဲ အထွန်း၊ အပြောအဆို၊ အနေအထိုင်၊ မျက်လုံးအကြည့်တွေ၊ ပြီးတော့ သူ့ဘ၀၊ သူ့အနေအထား"

"ဥ,နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ငါတို့ သေသေချာချာ စုံစမ်းရလိမ့်မယ်၊ ဖြိုးရဲ့ တိမ်းညွတ်မှုကရော ဘယ်အတိုင်းအတာ ဘယ်အနေအထား ရောက်နေပြီလဲ"

"ဘာလဲ မင်းက ကိုယ့်အဖြစ်နဲ့ယှဉ်ပြီး ကိုယ်ချင်းစာနေတာများလား၊ ဖြိုးက ဖြိုးပဲ၊ ပြီးတော့ ဥနဲ့ မမမိုးအခြေအနေက တခြားစီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ”

“ကိုယ်ချင်းစာတယ်ဆိုတဲ့နေရာမှာ တစ်ခုပဲ ရှိပါတယ် ကျော်မိုး၊ နှလုံးသားရေးရာနဲ့ ပတ်သက်ပြီး ဖြိုးကို အနာတရ မဖြစ်စေချင်တာပါပဲ”

ကျော်မိုးကို ပြောရင်းကပင် သူ့အတိတ် သူ့အဖြစ်များ ကို သတိရမိ၏။ ဖြိုးပြည့်ထွန်းနှင့် ပတ်သက်ပြီး မမမိုး ပြောခဲ့သည်များကိုလည်း ပြန်ကြားယောင်ဖြစ်သည်။

“ဖြိုးလေးဟာ အထွန်းနဲ့ သွေးမတော်ပေမယ့် မမမိုးနဲ့ သွေးတော်နေတယ်၊ မမမိုးရဲ့ သွေးဆိုတော့ အထွန်းရဲ့ သွေးပဲပေါ့၊ ဘယ်တော့ဖြစ်ဖြစ် ဖြိုးကြောင့် အထွန်း စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့နော်”

အခုလိုအခြေအနေမျိုးမှာ မမမိုးကို အနားမှာ ရှိစေချင်၏။ ဥ,အပေါ် မမမိုး ဘယ်လိုမြင်လေမည်လဲ။ ယောက်ျားတစ်ယောက်၏ အမြင်မှာတောင် ဖြည့်တွေးလို့မရမှတော့ မိန်းမချင်းဆိုရင် တင်းမာကုန်မည့် အနေအထားပင်။

နှလုံးသားရေးရာနှင့် ပတ်သက်ပြီး သူ့အဖို့ အတိတ်မှာ ကံဆိုးမိုးမှောင်ကျခဲ့ဖူး၏။

သူ ကံဆိုးသလို . . . ကံကြမ္မာ၏ လှည့်ဖြားမှုကြောင့် အမှားတွေ ကျူးလွန်မိသလို ဖြိုးပြည့်ထွန်းကို မကြုံစေချင်တာတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

သူ့ရင်သည် မမမိုးကြောင့်ပင် ချစ်ခြင်းကို နားလည်ခဲ့၏။ မမမိုးဆီမှ အဖြေရသောနေ့ . . . သူ ဆယ်တန်းအောင်သောနေ့ . . . သူ့ဘဝအတွက်ရော၊ သူ့ရင်ခုန်ခြင်းအတွက်ပါ အပျော်ကြီး ပျော်ဖြစ်၏။

"မင်းကတော့ ဒုတိယမြောက်နှစ်မှာပဲ ဝင့်ကျွတ်သွားပြီလို့ ပြောရမယ် အထွန်း၊ ငါကတော့ ရှေ့ဆက်ပြီး ဘယ်လောက် ဖြေနေရဦးမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးကတော့ သူ့အပျော်တွေကို ကြည့်ပြီး ညည်းတွား နေ၏။ တကယ်တော့ မမမိုးကြောင့်ပင် ဒီစာမေးပွဲကို အောင်ခဲ့ခြင်း ဖြစ်သည်။

"ငါ စာမေးပွဲအောင်တာ မမမိုးကြောင့်ပဲ ကျော်မိုး၊ မမမိုး ဆီက ချစ်တယ်ဆိုတဲ့စကားကို ကြားရမယ်ဆိုတဲ့စိတ်နဲ့ ငါကြိုးစား ခဲ့တာ၊ ငါ ကြိုးစားရကျိုးနပ်တယ်"

"မင်းဟာကလည်း . . . "

ပြောလိုက်ပြီးမှ သူမှားသွားမှန်း သိ၏။

ကျော်မိုးက မမမိုး၏ မောင်အရင်း။ ကျော်မိုးနှင့်သူက တကယ့်ဆိုးဖော်ဆိုးဖက် သူငယ်ချင်းတွေ။

"မင်းအပြစ်ပြောလည်း ငါခံမယ် ကျော်မိုး၊ ငါ မပြောဘဲ မင်းဘာသာ သိတာထက်စာရင်တော့ ငါပြောလိုက်တာက ပိုပြီး ကောင်းမယ်ထင်လို့ မျက်နှာပူပူနဲ့ . . . ငါပြောရတာပဲ"

မမမိုးကြောင့် ကျော်မိုးအပေါ် သံယောဇဉ်ဖြစ်ခဲ့တာတော့ မဟုတ်။ သူနှင့်ကျော်မိုးတို့ နှစ်ရှည်လများ တွဲခဲ့ကြပြီးမှ မမမိုး အပေါ် ချစ်မိသွားခြင်း ဖြစ်၏။

"ဘယ်တတ်နိုင်မလဲ အထွန်းရာ၊ မင်းတို့ အရိပ်အကဲကို ငါသိနေတာ ကြာပြီပဲ၊ တစ်ခုပဲ ရှိတယ် . . . မင်းအပေါ် သံယော ဇဉ်စိတ်နဲ့ မမမိုးနဲ့ သဘောတူလို့ရတယ်၊ မင်းနေရာမှာ တခြား



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတစ်ယောက်ယောက်ဆိုရင်တော့ ငါ လွယ်လင့်တကူ သဘော တူမှာ မဟုတ်ဘူး”

သူနှင့်ကျော်မိုးက အတွင်းသိ အစင်းသိတွေ။ သူ့မှာက ပညာကရော၊ ဂုဏ်အရပါ မယ်မယ်ရရ မရှိသေး။ မမမိုးက တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူ။ ပြီးတော့ မိဘအရှိန်အဝါနှင့် ဥစ္စာဓနကို သူ့အနေနှင့် ဘယ်လိုမှလိုက်မမီ။

“ငါသိတယ် ကျော်မိုး၊ ပထမအချက်အနေနဲ့ သူငယ်ချင်းရဲ့ အစ်မကို ငါ မချစ်သင့်ဘူး၊ ပြီးတော့ အစစအရာရာမှာ မမမိုးက ငါ့ထက် သာတဲ့သူ၊ ဒါပေမဲ့ကွာ အနေကြာလာတော့ သံယောဇဉ်တွေ ပိုပိုလာပြီး ငါချစ်မိသွားတာ”

“အချစ်မှာ မျက်စိမရှိဘူးဆိုတာကိုတော့ ငါလက်ခံရမလို ပဲ အထွန်း၊ ဘာဖြစ်လို့လဲဆိုတော့ မမမိုးအနားမှာ မင်းထက် သာ တဲ့လူတွေ ဝိုင်းနေတာပဲ၊ အိမ်က သဘောတူတဲ့လူတွေလည်း အများ ကြီး၊ အဲဒီလို အခြေအနေမျိုးမှာ လုံးဝတောင့်ခံနိုင်ပြီးမှ မင်းကို ရွေးချစ်တာကတော့ တကယ့်အံ့ဖွယ်တစ်ခုပဲ”

ပြောလက်စနှင့်မို့ မထူးတော့ . . . ဟု သူ တွေးသည်။

မမမိုးနှင့်ပတ်သက်ပြီး ရင်ဖွင့်စရာလူဆိုလို့ ကျော်မိုးတစ် ယောက်သာ ရှိနေသည်ပဲ။

“နားနဲ့မနာ ဖဝါးနဲ့နာလို့ပဲ စကားခံရမလိုပဲ၊ ငါနဲ့မမမိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရှေ့ရေးရှေ့ရာကို မင်းဘယ်လို တွေးမိလဲ ကျော်မိုး"

"ငါ အမှန်အတိုင်း ပြောရမလား အထွန်း"

"ပြောပါ ကျော်မိုး . . . မင်းတွေးတာ မင်းယူဆတာကို ငါ ကြားချင်တယ်၊ ငါ့မှာ တိုင်ပင်စရာလူမှ မရှိဘဲ ကျော်မိုးရာ"

သူ့ကိုကြည့်ရင်း ကျော်မိုးခမျာ စိတ်မသက်သာ ဖြစ်သည် လား။

ကျော်မိုး သက်ပြင်းချသံက သူ့ရင်ကို မောပန်းသွားစေ၏။

"မင်းတို့နှစ်ယောက်ရဲ့ အချစ်နဲ့မဆိုင်တဲ့ ဘဝအကြောင်း ကို ငါပြောမယ်၊ မင်းတို့နှစ်ယောက်စလုံး အိပ်မက်တစ်ခုကို မက်နေ ကြတာ၊ မင်းနဲ့မမမိုးကို ငါ့မိဘတွေက လုံးဝသဘောတူမှာ မဟုတ် ဘူး၊ အဲဒီလို ဖြစ်လာတဲ့အချိန်မှာ မင်းတို့နဲ့အတူတူ ဝမ်းနည်းခြင်း ကို လက်ပိုက်ကြည့်နေရုံပဲ ငါတတ်နိုင်မယ် အထွန်း"

မရေရာသော အနာဂတ်ကတော့ ရိုးရိုးရှင်းရှင်းလေးပင်။

ကျော်မိုးစကားတွေကြောင့်ပင် သူ့ရင်တို့ ပိုမောရ၏။

"ချစ်ခဲ့ကြပြီးပြီပဲကွာ၊ ကွေကွင်းရခြင်းအတွက်တော့ ငါ ခံနိုင်အောင် ကြိုးစားရမှာပေါ့၊ ငါအနေနဲ့ အခုမှ ဆယ်တန်းအောင် တာ၊ လွန်ခဲ့တဲ့အချိန်တွေကို ငါနှမြောတယ်၊ ဘာတတ်နိုင်မှာလဲကွာ . . . ဖြစ်လာတဲ့အခါမှာတော့ ငါ့ဆန္ဒတွေကို ဘေးဖယ်ထားပြီး အကောင်းဆုံးဖြစ်အောင် ငါရွေးချယ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ပူလောင်တဲ့မီးတစ်မျိုးပဲ၊ အငြိမ်းရလည်း ခက်တယ်၊ ကြားလူအနေနဲ့ မင်းတို့မျက်ရည်တွေကို မမြင်ရက်လို့ ဆုတောင်းပေးရုံပဲ တတ်နိုင်မယ်လေ"

မမမိုးအပေါ် ချစ်မိသည့်အချိန်မှာ သူ့အချစ်ကို လက်မခံမှာ စိုးရိမ်ရသည်။

မမမိုးနှင့်ချစ်သူတွေဖြစ်ပြီဆိုတော့လည်း ရှင်ကွဲ၊ ကွဲရမည့် အရေးကြောင့် ရင်မှာ နွမ်းနယ်ရ၏။

အရင်လိုပဲ ကျော်မိုးတို့အိမ်ကို အဝင်အထွက် မပျက်။ မမမိုးနှင့်လည်း အခေါ်အပြောရှိဆဲ။ လူကြီးတွေကတော့ သူနှင့် မမမိုးအပေါ် သံသယမဝင်ကြပေ။ ဒီနှစ်နွေရာသီ ကျောင်းပြန်ဖွင့်ရင် မမမိုးတို့ နောက်ဆုံးနှစ်စာမေးပွဲ ဖြေရတော့မည်။ မမမိုးကို အမြဲလို တွေ့ခွင့်ရတော့မည်မို့ လွမ်းဆွတ်နေစရာမလိုတော့ . . . ဟု တွေးမိသည်ပဲ။

"ဘာတွေ တွေးနေတာလဲ အထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ဘူး မမမိုး"

"ပြောစမ်းပါဦး အထွန်းရဲ့"

နှစ်ဦးတည်းတွေ့ဖြစ်သည့်အချိန်က အတော်လေးနည်းပါး၏။ တွေ့ဖြစ်ကြတော့လည်း တစ်ခဏသာ။ ဒါကလည်း ကောင်းမှုကြောင့် . . . ဟု ပြောလို့ရသည်။

"အထွန်းအနေနဲ့တွေးပြီးပူတာမျိုး ဖြစ်ရင်ဖြစ်နေမယ်၊ အထွန်း ကြားဖူးမြင်ဖူးနေတဲ့ကိစ္စပါပဲ၊ အထွန်းက လူဆိုးလေးတစ်ယောက် မဟုတ်လား၊ ဆယ်တန်းကို နှစ်နှစ်ဖြေရတဲ့ ချာတိတ်၊ အထွန်းအပေါ် မောင်တစ်ယောက်လို သံယောဇဉ်ဖြစ်ပြီး ဆယ်တန်းအောင်စေချင်တဲ့ စေတနာနဲ့ ချစ်တယ်လို့ အဖြေပေးခဲ့တာတော့ မဟုတ်ပါဘူးနော်"

ကြံဖန်တွေးတတ်ရန်ကော . . . ဟု မမမိုး ရယ်သွေးလွှမ်း၏။ သူ့ပခုံးဆီမှာ ခေါင်းတင်ထားလိုက်ပုံက ရင်ခုန်ချင်စရာ။ ယုယစိတ်ဖြင့် မမမိုးဆံစများကို မရဲတရဲ နမ်းမိပြန်သည်။

"သနားတယ်ဆိုတာတော့ ဟုတ်တယ်၊ သံယောဇဉ်ရှိရုံလောက်နဲ့တော့ မမမိုးက အထွန်းကို ချစ်တယ်လို့ ပြောပါ့မလား၊ မမမိုး ရင်ထဲမှာ တကယ်ချစ်လို့ ချစ်တယ်လို့ ပြောခဲ့တာ အထွန်းပါ၊ ဒီစကားက သစ္စာစကားပဲ အထွန်း"

"ဒီစကားကြားရတော့ မမမိုးရဲ့ အချစ်ကို ပိုယုံသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ချစ်ရပြန်ရော၊ အထွန်းနဲ့ မမမိုးတို့ ဘယ်တော့မှ မဝေးရ အောင် ကြိုးစားမယ်၊ ပြီးတော့ ဆိုးဆိုးသွမ်းသွမ်းနေခဲ့တာတွေ အားလုံးကို ခဝါချတော့မယ်”

“တစ်ခုတော့ရှိတယ် အထွန်း၊ မမမိုးက အထွန်းထက် အသက်ကြီးတယ်၊ ရွယ်တူသက်တူဆိုရင် သိပ်ကောင်းမှာပဲ အထွန်း ရယ်”

မမမိုးအသံလေး အဖျားခတ်တုန်ခါသွားသည်ကို သတိထားမိသည်။ အနာဂတ်အကြောင်းတွေကိုတော့ ဒီအချိန်လေးမှာ မပြောချင်။ ကြုံတုန်းကြုံခိုက်လေးမှာတော့ ကြည်နူးစရာ စကားတွေပဲ ပြောနေချင်သည်။

“အချစ်စစ်မှန်ရင် အနှောင့်အယှက်တော့ တစ်မျိုးမျိုး ရှိနေမှာပဲ မမမိုး၊ အထွန်းတို့က ဘယ်တော့မှ ဝေးကြမှာမှ မဟုတ်ဘဲ”

“ဘာကြောင့် ဒီလို အထွန်းပြောနိုင်တာလဲ”

“ဘယ်တော့မှ ဝေးမှာ မဟုတ်ဘူး၊ ဒီဘဝအတွက် ချစ်သူတွေ ဖြစ်ခဲ့ပြီးကြပြီပဲ၊ ဘယ်အကြောင်းကြောင့်ပဲ ဖြစ်ဖြစ်ပေါ့၊ အထွန်းရင်ထဲမှာ မမမိုး ရှိနေသလို၊ မမမိုးရင်ထဲမှာလည်း အထွန်း ရှိနေမှာပဲ၊ ဒီတော့ ဘယ်လိုဝေးစရာအကြောင်း ရှိဦးမှာလဲ၊ စိတ်ထဲက တမ်းတလိုက်ရုံနဲ့ အမြဲနီးနေနိုင်တာပဲဥစ္စာ”

“အထွန်းက စကားတတ်သားပဲ၊ တစ်ခုတော့ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



အထွန်း၊ မမမိုးတို့အကြောင်းကို မေမေတို့သိရင်တော့ မိုးမီးလောင်မှာ သေချာတယ်”

“မသိနိုင်ပါဘူး မမမိုးရဲ့၊ အထွန်းတို့အကြောင်းကို အထွန်းတို့နှစ်ယောက်ရယ်၊ ကျော်မိုးရယ်ပဲ သိကြတာလေ၊ အထွန်းတို့ကိစ္စမှာ ကျော်မိုးက ကြံရာပါလူပဲဥစ္စာ”

“သိုသိုသိပ်သိပ်တော့နေမှဖြစ်မယ် အထွန်း”

စကားပြောလို့ မဝခင်မှာပင် ကျော်မိုး၏ အရိပ်အယောင်ကို မြင်လိုက်ရ၏။

လူချင်းခဏခွဲပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။

“ကဲ . . . အလွမ်းသယ်လို့ပြီးရင် ပြန်ဖို့ သတိရကြဦး၊ တော်ကြာ အားလုံး ဒုက္ခရောက်ကုန်ကြမယ်”

ကျော်မိုးစကားကို သူရော မမမိုးပါ လက်ခံလိုက်ကြ၏။

ဒီလောက်တွေ့ခွင့်ရတာကိုပဲ ကျေးဇူးတင်ရမည်။ သူငယ်ချင်းကောင်းပီသသော ကျော်မိုး၏ကျေးဇူးတွေကိုတော့ ဒီတစ်သက်ဆပ်လို့ကုန်မှာ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



# ( ၄ )

မန္တလေး၏ ပူလောင်မှုလောင်းရိပ်အောက်မှာပင် သူ့အတွေးတို့ အတိတ်ဆီ ရောက်သွားခဲ့၏။ မမမိုးနှင့် ပျော်ခဲ့ လွမ်းခဲ့ရသမျှတွေကို အောက်မေ့ဖြစ်သည်။

ဟိုတယ်ကိစ္စဖြင့် ရန်ကုန်မှ ထွက်လာတာ လေးရက်ခန့်ရှိသွားပြီ။

"ဆရာ ဖုန်းလာနေတယ်"

"ဘယ်သူ့ဖုန်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်မိုးဆက်တာ ဆရာ့ဟန်းဖုန်းက စက်ပိတ်ထားလို့ လှမ်းဆက်လိုက်တာ"

ကျော်မိုးဆက်သည်ဆိုမှ ဖြိုးပြည့်ထွန်းအကြောင်းကို စဉ်းစားမိသည်။ ဉ,ဆိုသော မိန်းကလေး၏နောက်ကြောင်းအပြည့်အစုံကို စုံစမ်းဖို့ ကြိုးစားဆဲမှာပင် မန္တလေးသို့ ဆင်းခဲ့ရ၏။

"အေးကွာ . . . ငါ့ဟန်းဖုန်းကိုပဲ လှမ်းဆက်လို့ ပြောလိုက်၊ ငါ စက်ဖွင့်ထားလိုက်မယ်"

သူ့ကို အရိုအသေပေးပြီး ဟိုတယ်ဝန်ထမ်းကောင်လေး ပြန်ထွက်သွားသည်။ အခန်းတွင်းမှနေပြီး အပြင်ကို လှမ်းကြည့်မိသည်။

မန္တလေး၏အပူသည် ကြောက်ခမန်းလိလိ။ လေအေးစက်၏ အတွေ့အထိသာ မရခဲ့ပါက အတော်အနေရခက်မှာ သေချာသည်ပဲ။

"ကျော်မိုး . . . ဖြိုးနဲ့ပတ်သက်ပြီး ပြောစရာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေပြီ မဟုတ်လား”

မန္တလေးထွက်လာခါနီးမှာပင် မိန်းကလေးနှင့်ပတ်သက်သည့် အချက်အလက်များကို ရနိုင်သမျှ စုဆောင်းဖို့ ကျော်မိုးအား တာဝန်ပေးဖြစ်ခဲ့သည်။

“စုံနေတာပဲ အထွန်း၊ ဖြိုးအတွက်ကတော့ သတင်းတိုင်းက စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိဘူး၊ မင်း ရန်ကုန်ကို အမြန်ပြန်လာပါကွာ၊ ငါ ရင်ပူတာတော့ အမှန်ပဲ”

“ကောင်းပြီလေ . . . ဒီနေ့တော့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ ဒီမှာလည်း ဟိုတယ်မှာ ဝန်ထမ်းတွေ ထပ်ခန့်ပေးပြီးပြီပဲ၊ မနက်ဖြန် လေယာဉ်နဲ့ ငါပြန်လာခဲ့မယ်”

“ကောင်မလေးက အတော်လည်တယ် အထွန်း၊ အခုနေတဲ့ တိုက်ခန်းကိုတောင် ဖြိုးက ငှားပေးထားတာ”

“သေချာရဲ့လား ကျော်မိုးရာ”

ကျော်မိုးစကားတွေက စိုးရိမ်ရေမှတ်ကို အတော်လွန်နေ၏။ အခြေအနေတွေက သူထင်ထားသည်ထက်ပင် ဆိုးဆိုးရွားရွား ဖြစ်နေ၏။

“နေစမ်းပါဦး . . . အခုလောလောဆယ် ကောင်မလေးရဲ့ အလုပ်အကိုင်က ဘာလုပ်လဲ၊ အဲဒါကို ပြောပြပါဦး”

“ငါသိရသလောက်ကတော့ အခုလောလောဆယ် ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးမှာ အလုပ်မရှိဘူး၊ နောက်ဆုံး လုပ်ခဲ့တဲ့ အလုပ်ကတော့ ဖြူတီပါလာတစ်ခုမှာပဲ၊ မင်းသိတယ် မဟုတ်လား . . . ဖြူတီပါလာလို့ အမည်ခံထားပြီး ဆံပင်ညှပ်မယ်၊ ခေါင်းလျှော်မယ်၊ မျက်နှာသစ်မယ်၊ အကြောပြေအောင် နှိပ်နယ်ပေးတဲ့အလုပ်တွေလေ၊ အဲဒီမှာ ဖြိုးနဲ့ ငြိခဲ့ကြတာပဲ”

“ဒုက္ခပါပဲ . . . အဲဒီကလေးမရဲ့ မျိုးရိုးကရော”

“နယ်က ဆိုတော့ကွာ၊ လက်လုပ်လက်စား ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဝန်ထမ်းအငြိမ်းစားပဲနေမှာပေါ့၊ သူ့အနေအထားကို သိနေမှတော့ မျိုးရိုးတွေ ဘာတွေကို အပင်ပန်းခံပြီး စုံစမ်းနေစရာ မလိုတော့ဘူးလေ”

ကျော်မိုးစကားက သဘာဝကျသည်။ သူ့အနေဖြင့် ကယောင်ကတမ်းတွေ လျှောက်ပြောနေမိသည်။

“ကောင်းပြီ . . . မနက်ဖြန် ငါပြန်လာခဲ့မယ်၊ မင်းမှာ ပြောစရာတွေ ကျန်သေးရင်လည်း ဆက်မပြောနဲ့တော့၊ အခု သတင်းလောက်ကို ကြားရရုံနဲ့ ဒီည ငါ အိပ်ပျော်တော့မှာ မဟုတ်ဘူး၊ တိတိကျကျဖြစ်အောင်တော့ မင်း ထပ်စုံစမ်းထားဦး”

“အေးလေ . . . ဒီစကားလောက်ကြားရရုံနဲ့ မင်း ရင်ပူနေပြီဆိုတော့ တော်တော်များများ သိထားတဲ့ ငါ့ကို ကိုယ်ချင်းစာဦး၊ မေမေတို့ သိရင်တော့ တော်တော်စိတ်မကောင်းဖြစ်ပြီး တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာတောင် စိုးရတယ်”

ဆက်နားမထောင်ဝံ့သည်မို့ စကားဖြတ်ပြီး ဖုန်းပိတ်ပစ်လိုက်ရသည်။

မမမိုးတစ်ယောက်ကတော့ ဖြိုးနှင့်ပတ်သက်သည့် ပူပင်သောကကို မခံစားလိုက်ရတာ ကံအလွန်ကောင်း၏။

အဆိုးတွေထဲကနေ အကောင်းဘက်ကို တွေးယူသော်လည်း သူ့စိတ်တို့ မပြေ။

ဖြိုးပြည့်ထွန်းတစ်ယောက်တော့ အချစ်၏ဖမ်းစားခြင်းကို ရိုးသားစွာ မခံရဘဲ မာယာတွေကြားမှာ နစ်မွန်းခဲ့လေပြီလား။

“ဦးထွန်းကို ခွင့်တောင်းစရာ ရှိတယ်”

ဖြိုးပြည့်ထွန်းစကားကြောင့်ပင် ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။ ဥ,ဆိုသော မိန်းကလေးနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ အရေးဆိုမှုဖြင့် . . . ဟု စိုးထိတ်သည်။

“ဘာအတွက်များလဲ ဖြိုး”



www.burmeseclassic.com

www.burmeseclassic.com



ဥ,နှင့် ပတ်သက်သော နောက်ကြောင်းတွေကြောင့်ပင် ဖြိုးပြည့်ထွန်းအပေါ် ကရုဏာဒေါသဖြစ်ရသည်။ သိထားတတ်ထားသော ပညာတွေက ဘယ်ရောက်ကုန်သည် မသိ။ လူဆင်းရဲချင်ဆင်းရဲပါစေ၊ အကျင့်သိက္ခာ မချို့တဲ့သော ဘယ်လိုမိန်းကလေးမျိုးနှင့်မဆို သူ သဘောတူနိုင်၏။

အခုကိစ္စမှာက . . .

“ဖြိုးတို့ပိုင်တဲ့ ရန်ကုန်က ဟိုတယ်တစ်ခုခုမှာ အလုပ်တစ်နေရာ ရနိုင်မလား ဦးထွန်း”

ဖြိုးပြည့်ထွန်း၏ တောင်းဆိုမှုက ထင်ထားသလောက် ဆိုးရွားခြင်း မရှိတော့မှ အလုံးကျသွားတော့သည်။

“ရှိတာပေါ့ ဖြိုး၊ ဘာလဲ . . . ဖြိုးသူငယ်ချင်းတစ်ယောက်အတွက်လား”

အခုကိစ္စကတော့ ဥဆိုသော မိန်းကလေးနှင့် မပတ်သက်တန်ရာ . . . ဟု ဖော့တွေးမိသည်။ အရင်အကြိမ်တွေတုန်းကလည်း ကူညီသင့်သော သူငယ်ချင်းများနှင့် ပတ်သက်ပြီး အလုပ်တောင်းဖူးသည်ပဲ။

သူနှင့်ဖြိုးပြည့်ထွန်းတို့ စကားပြောသည့်အနားသို့ ကျော်မိုးမယောင်မလည် ရောက်လာ၏။

“ဟုတ်တယ် ဦးထွန်း၊ မိန်းကလေးနဲ့လိုက်မယ့် နေရာတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုပေါ့၊ ဟိုတယ်မှာလည်း လုပ်ဖူးတယ်၊ ပြီးတော့ အီးမေဂျာတက်နေတာလေ”

သံသယကင်းအောင် မေးခွန်းထုတ်လိုက်သည်။

ဖြိုးပြည့်ထွန်း ဖြေမည့်စကားကို သူတင် မဟုတ်ဘဲ၊ ကျော်မိုးကပါ စိတ်ဝင်စားနေ၏။

“တခြားလူတော့ မဟုတ်ဘူး၊ မွေးနေ့ပွဲတုန်းက ဖြိုးမိတ်ဆက်ပေးတဲ့ ဥ,ပဲ”

“ဟေ”

ကျော်မိုးတစ်ယောက်ကတော့ ယောင်ယမ်းပြီး အာမေဍိတ်တ, ဖြစ်လိုက်၏။

သူ့ခေါင်းထဲမှာတော့ လက်ခနဲ အတွေးဝင်သွားပြီး . . .

“ကောင်းပြီ ဖြိုး၊ အရင်ဖြိုးသူငယ်ချင်းတွေတုန်းကလိုပဲ ဦးထွန်းဆီကို လွှတ်ပေးလိုက်ပေါ့၊ မိန်းကလေးက အီးမေဂျာသမားဆိုတော့ စိတ်ဝင်စားပါတယ်၊ ဦးထွန်းအနေနဲ့ အင်တာဗျူးလုပ်ကြည့်ရမယ်၊ အလုပ်ကိစ္စဆိုတော့ သာမန်ခင်တာထက်ပိုပြီး အဲဒီလူရဲ့ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်နဲ့ သူ့ကိုယ်ရေးရာဇဝင်ကိုတော့ ဦးထွန်းတို့ မေးရမြန်းရဦးမှာပေါ့”

“ဦးထွန်း စိတ်ကြိုက် အင်တာဗျူးလုပ်ကြည့်ပါ၊ ဥ,ကို ဦးထွန်း သဘောကျမှာပါ၊ မနက်ဖြန် ဘယ်နှစ်နာရီလောက် တွေ့

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းရမလဲ ဦးထွန်း"

"နေ့လယ် နှစ်နာရီ"

ကျော်မိုးကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ သဘောမကျစွာဖြင့် သူ့ကိုချည်း ကြည့်နေ၏။ ကျော်မိုးအကြည့်တို့ကို သူနားလည်သည်။ ဥ,ဆိုသော မိန်းကလေးနှင့် တွေ့ဖို့ကိစ္စမှာ အစီအစဉ်များစွာ ရှိနေ၏။

"မင်းက ဥ,ကို တကယ်အလုပ်ခန့်မှာလား"

ဖြိုးပြည့်ထွန်း ကွယ်သည်နှင့် ဒေါသစွက်ပြီး ကျော်မိုး မေး၏။

"အလုပ်ခန့်တာ မခန့်တာထက် . . . အဲဒီမိန်းကလေးအကြောင်း ကို အနီးကပ်လေ့လာချင်တာပဲ၊ ဒါကြောင့် ငါ ချက်ချင်းတွေ့ဖို့ ပြောလိုက်တာပဲ ကျော်မိုး"

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်"

"ဘာများလဲ ကျော်မိုး"



www.burmeseclassic.com

www.burmeseclassic.com



"စစ်တွေမှာ ငါတို့ဟိုတယ်တစ်ခု ထပ်ဖွင့်မှာ မဟုတ်လား၊ သူ့ကို အင်တာဗျူးတွေ ဘာတွေလုပ်ကြည့်ပြီး အဆင်ပြေမယ်ဆိုရင် အဲဒီမှာ ခန့်လိုက်ပါလား၊ ဒါမှ ဖြိုးနဲ့ အနေဝေးသွားမှာ"

ကျော်မိုးပေးသော အကြံက ဆိုးတော့မဆိုး။ ဒီလောက်ထိတော့ မိန်းကလေးအပေါ် လိုက်လျောမှု မပေးချင်သေးပေ။

"ငါက သူ့ကို တွေ့တာနဲ့ အလုပ်ခန့်လိမ့်မယ်လို့ မင်း အသေတွက်ထားလား ကျော်မိုး၊ အင်တာဗျူးလုပ်တာကို ခုတုံးလုပ်ပြီး သူနဲ့စကားပြောကြည့်ချင်တာ၊ အပြင်မှာ ပြောတာထက် အလုပ်ခွင်ထဲမှာ ပြောတာက မတူဘူး၊ ငါက အပေါ်စီးကနေပြီး ကြိုက်သလို ပြောဆိုမေးပိုင်ခွင့် ရှိတယ်၊ မင်းပေးတဲ့အကြံကိုတော့ ငါ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်မယ်၊ ပထမဆုံး ငါလုပ်ရမှာက သူနဲ့ အချိန်တော်တော်ကြာကြာ စကားပြောခွင့်ရဖို့ပဲ"

မိန်းကလေးနှင့်ပတ်သက်ပြီး နားဝင်မချိုသော သတင်းဆိုးများသာ ကြားခဲ့ရ၏။

နှမချင်း၊ သားသမီးချင်း ကိုယ်ချင်းစာစိတ် ရှိချင်သော်လည်း အခြေအနေက အတော့်ကို ဆိုးရွားလွန်းလှသည်။

ဒီအကြောင်း၊ ဒီအဖြစ်တွေကို ဖြိုးပြည့်ထွန်းတစ်ယောက် တမင် မသိရှာ့လေသလား။ ရန်ကုန်ရောက်ရောက်ချင်း အထည်ချုပ်မှာ လုပ်သည်။ ပြီးတော့ ပိုက်ဆံလွယ်လွယ်ရသော KTV



www.burmeseclassic.com

www.burmeseclassic.com



အလုပ်။ ထို့နောက်မှ နာမည်ကြီးဟိုတယ်တစ်ခုတွင် ဝင်လုပ်သည်။ ဟိုတယ်မန်နေဂျာနှင့် တတွဲတွဲနေရင်းက အလုပ်ထွက်ရသည်အထိ သတင်းမွှေး၏။

ကျင်လည်ခဲ့ရာ ကာလတစ်လျှောက်လုံး ဖြိုးပြည့်ထွန်းတို့ အရွယ်မှအစ တခြားအရွယ် ယောကျ်ားများနှင့် တွဲခဲ့သောသူ။ ဇာတ်ရှုပ်ခဲ့သော မိန်းကလေး။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

ဒီနေ့ကျမှ သူ့မှာ အလုပ်တွေ ရှုပ်နေရ၏။ မွန်းလွဲနှစ်နာရီ မတိုင်ခင် အရေးကြီးသောကိစ္စများကို ပြီးအောင် ဖြတ်ထားရသည်။

နှစ်နာရီထိုးခါနီး ဆယ်မိနစ်အလိုတွင် သူ့အခန်းအတွင်းသို့ ဝန်ထမ်းကောင်လေး ဝင်လာ၏။

"ဆရာ . . . ဧည့်ခန်းထဲမှာ 'ဥ' ဆိုတဲ့ မိန်းကလေးတစ်ယောက် ရောက်နေပါတယ်၊ အလုပ်ကိစ္စအတွက် ဆရာနဲ့ တွေ့ဖို့ ချိန်းထားတယ်လို့ ပြောနေတယ်၊ အဲဒါ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . အဲဒီမိန်းကလေးကို အခန်းထဲ လွှတ်ပေးလိုက်"

သူခွင့်ပြုခြင်းကြောင့်ပင် လှည့်ထွက်ဖို့ ကြိုးစားလိုက်သည်။ တကယ်တော့ သူ့စကားတွေက မပြီးဆုံးသေးပေ။

"ငါ့စကား မဆုံးသေးဘူး၊ အဲဒီမိန်းကလေးနဲ့ စကားပြောလို့ မပြီးမချင်း၊ ငါ့အခန်းထဲကို ဘယ်သူမှ ဝင်မလာစေနဲ့၊ ဖုန်းတွေ ဘာတွေ ဝင်လာလည်း နောက်မှပြန်ဆက်လို့ ပြော၊ ငါပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

သူ့လက်အောက်ဝန်ထမ်းကတော့ သူ့အမိန့်စကားတွေကို နားမလည်စွာဖြင့် နာခံပြီး ထွက်သွား၏။

စားပွဲပေါ် တင်ထားသော သူ့ဟန်းဖုန်း အသံမြည်လာ၏။

လက်စသတ်တော့ ဖြိုးတစ်ယောက် လှမ်းပြီး ဖုန်းဆက်တာကိုး . . .။

"ပြောစရာရှိလို့လား ဖြိုး"

"ဥ,ရောက်လာပြီလား ဦးထွန်း"

"အပြင်မှာရောက်နေပြီလို့တော့ ပြောတယ်၊ သိပ်မကြာခင်မှာ ဦးထွန်းရှေ့ကို သူရောက်လာမှာပါ"

"ဥ ရောက်မရောက် သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြည့်ထွန်းတစ်ယောက်ကတော့ ဖုန်းနှင့်လှမ်းပြီး မကြာခဏ ဒုက္ခပေးနေမှာ သေချာ၏။ သူ့ဟန်းဖုန်းကို လုံးဝပိတ်ထားလိုက်၏။

မှန်တံခါးပွင့်လာခြင်းနှင့်အတူ ဉကို မြင်တွေ့လိုက်ရသည်။

အလုပ်ရှင်တစ်ယောက်ရှေ့မှာမို့ ထင်၏။ ဒီနေ့ ဝတ်ဆင်လာသော အနေအထားမှာ အတော်လေး သိမ်မွေ့လွန်းနေ၏။

"ဉ,ကို ထိုင်ခွင့်ပြုပါ"

"ထိုင်ပါ ဉ"

သူ့စားပွဲရှေ့ရှိ ထိုင်ခုံမှာ ဉ,ဝင်ထိုင်သည်။

တည်ငြိမ်အေးဆေးစွာဖြင့် ကိုယ်ရေးရာဇဝင်ဖိုင်တွဲကို သူ့လက်ထဲသို့ ပေးသည်။

ဖိုင်ကိုကိုင်ရင်းကပင် အပေါ်စီးက ပြောလိုက်မိသည်။

"စိတ်တော့မရှိနဲ့နော် . . . ဉ၊ အခုချိန်မှာ ဖြိုးရဲ့မိတ်ဆွေတစ်ယောက်ထက် ဦးထွန်းရဲ့ လက်အောက်ငယ်သားတစ်ယောက်အနေနဲ့ ဆက်ဆံရမယ်ဆိုတာကို ဉ နားလည်မယ်ထင်တယ်နော်"

"ဟုတ်ကဲ့ပါ ဦးထွန်း"

"ဖြိုးကတော့ ဦးထွန်းတို့ရဲ့ ဟိုတယ်တစ်ခုခုမှာ အလုပ်ရဖို့အမှတ်တွေ အများကြီး ပေးနေတာပဲ၊ တကယ်ဆိုတော့ ဖြိုးက အလုပ်ကိစ္စကိုရော၊ လုပ်ငန်းသဘာဝကိုပါ နားလည်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ ဖြိုးက ကျောင်းစာပဲ စိတ်ဝင်စားတဲ့သူ၊ အလုပ်နဲ့ ပတ်သက်ပြီးတော့ ဦးထွန်းအနေနဲ့ ဝတ္တရားအရ မေးမြန်းရမှာနော်”

သူ့စကားလုံးတွေအောက်မှာတော့ ဥ,တစ်ယောက် ယုန်သူငယ်လေးလို ဖြစ်နေရှာ၏။

ကိုယ်ရေးရာဇဝင်ဖိုင်ထဲမှာတော့ သူသိထားသော အချက်အလက်တွေပါသလို ကျန်ခဲ့သော အစိတ်အပိုင်းတွေလည်း ရှိနေပြန်၏။

“ပထမဆုံးရန်ကုန်မှာ စလုပ်ဖူးတာက အထည်ချုပ်မှာ နော် ဥ”

“ဟုတ်ပါတယ် ဦးထွန်း၊ ဆယ်တန်းအောင်စာရင်း မထွက်ခင်မှာပဲ ဥ, ရန်ကုန်ရောက်လာတာပါ။ အဲဒီအချိန်မှာပဲ စားဝတ်နေရေးအတွက် အထည်ချုပ်ဆင်းဖြစ်တာပါ၊ ဥ,ဖိုင်ထဲမှာတော့ သဘောပဲ ရေးထားတာပါ”

KTV မှာ ဝင်လုပ်ဖြစ်ခြင်းကိုတော့ ကိုယ်ရေးရာဇဝင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မပါ။ ပေါ်ပေါ်တင်တင်ကြီး မေးမြန်းလိုက်ပါကလည်း ရိုင်းရာကျဦးမည်။

"အထည်ချုပ်မှာ တော်တော်ကြာကြာ လုပ်တယ်ထင်တယ်၊ ဟိုတယ်မှာ ဝင်မလုပ်ခင်အထိ အထည်ချုပ်မှာပဲ လုပ်တာလား ဥ"

"ဒို့ပြင် အလုပ်ရှင်တစ်ယောက်ရှေ့မှာဆိုရင်တော့ ဥ ပြောဖြစ်ချင်မှ ပြောဖြစ်မှာပါ၊ ဖြိုးနဲ့ဥကလည်း ရင်းနှီးတဲ့သူတွေဆိုတော့ ဥ အမှန်အတိုင်းပဲ ပြောမယ်၊ အထည်ချုပ်မှာ ခဏပဲ လုပ်ဖြစ်တာပါ၊ ဟိုတယ်မှာ မလုပ်ခင် KTV မှာ လုပ်ဖြစ်ပါသေးတယ်၊ KTV ရဲ့ သဘောသဘာဝကိုတော့ ဦးထွန်းလည်း သိမယ်ထင်ပါတယ်"

ဖုံးကွယ်ထားလိမ့်မည် . . . ဟု ယူဆထားသမျှကို ဥ,က မထင်မှတ်ဘဲ ချေဖျက်ပစ်လိုက်၏။ ဒီလိုစကားတွေ ပြောရဲလောက်သည်ဆိုကတည်းက ဖြိုးပြည့်ထွန်းကို အပိုင်ချည်ထားနိုင်ပြီ . . . ဟု မသိမသာ ကြေညာလိုက်တာ . . . ဟု သဘောပေါက်ရမလိုပင် ဖြစ်နေ၏။

"ကဲပါ . . . ဒါတွေက ကိုယ်ရေးကိုယ်တာ ကိစ္စတွေပါ၊ ဥ, လုပ်ခဲ့ဖူးတယ်ဆိုတဲ့ ဟိုတယ်က မန်နေဂျာနဲ့ ဦးထွန်း အတော် လေး ရင်းနှီးခဲ့ဖူးကြတယ်၊ ဥကလည်း ဟိုတယ်အလုပ်ကို အတွေ့အကြုံရှိဖူးသားပဲ၊ ဘာလို့ အဲဒီမှာ ဆက်မလုပ်ဘဲ ထွက်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ဥ”

ဖြစ်ပျက်ခဲ့တဲ့ နောက်ကြောင်းအားလုံးကို သိထားနေသည် ဆိုသော သဘောမျိုးရောက်အောင် တမင်မေးလိုက်မိပြန်သည်။

ဥမျက်နှာကို အကဲခတ်ကြည့်နေသော်လည်း တစ်ချက်လေးမှ မျက်နှာပျက်မသွားခဲ့ပေ။

“ဦးအောင်မြင့်နဲ့ ရင်းနှီးတယ်ဆိုတော့ ဦးအောင်မြင့်အကြောင်းကို ဦးထွန်း တော်တော်များများ သိထားမှာပေါ့”

ချောင်ပိတ်သောမေးခွန်းမို့ အဖြေရခက်၏။ တကယ်တမ်းမှတော့ အောင်မြင့်နှင့်က လုပ်ငန်းသဘောလောက်ပဲ ရင်းနှီးခဲ့ကြတာဖြစ်၏။

“အခုအခြေအနေမှာတော့ မေးထူးခေါ်ပြောအဆင့်လောက်ပဲ ရှိတော့တာပါ ဥ၊ အရင်တုန်းက ရင်းနှီးကြတယ်ဆိုတာကလည်း လုပ်ငန်းသဘောပါပဲ”

“အဲဒီဟိုတယ်ကနေ အလုပ်ထွက်ဖြစ်ခဲ့တာ ဦးအောင်မြင့်နဲ့ ပတ်သက်တယ်ဆိုတဲ့ သတင်းဆိုးတွေကို ဦးထွန်း သိပြီးသားဖြစ်နေမှာပါ”

“အဲဒီအချိန်တုန်းက မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ပြဿနာဖြစ်တာလောက်ပဲ သိတယ်၊ အဲဒီမိန်းကလေးက သူ့ဘဝကို အတော်လေး ကိုင်လှုပ်ခဲ့တယ်ဆိုတာလောက်ပဲ အများ



www.burmeseclassic.com

www.burmeseclassic.com



စကားအရ သိခဲ့တာပါ”

“အဲဒီမိန်းကလေးက ဥဆိုတာကိုရော ဦးထွန်း သိနေတယ် မဟုတ်လား၊ ငယ်သလောက် ရုပ်ကလေး လှသလောက် ရှုပ်တယ်၊ ယောက်ျားတွေနဲ့ အတွဲများတယ်”

စကားတွေ ပြောနေရင်းကပင် အိတ်သွန်ဖာမှောက်နီးပါး မျှ ဖြစ်ကုန်သောကြောင့် တဖြည်းဖြည်း အနေခက်လာရ၏။

အလုပ်အင်တာဗျူးနှင့်တူမနေဘဲ ရင်းနှီးလွန်းသောသူ အဖြစ် ကိုယ်ရေးကိုယ်တာကိစ္စများကို တိုင်ပင်နေသည့်သဘော ဖြစ်နေသည်။

သူ့အနေဖြင့် စကားတွေ ကျွံမသွားစေဖို့ ထိန်းထိန်းသိမ်း သိမ်း ပြောလိုက်ရ၏။

“ဥနဲ့ပတ်သက်ပြီး ကောလဟာလတွေ ကြားတာတော့ အများကြီးပဲ၊ ဥက ဖြိုးနဲ့လည်း ပတ်သက်နေတာ မဟုတ်လား၊ ဦးထွန်းအမြင် ပြောရရင်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို ရုန်း ကန်နေရတဲ့ မိန်းကလေးတစ်ယောက်ကို အများနဲ့ရောပြီး သံယောင် လိုက်မိတာ မဟုတ်ဘူး၊ ဒီလိုသတင်းဆိုးတွေကတော့ ဥ,ဘဝ အတွက် မကောင်းတဲ့ လက္ခဏာပဲလေ”

“ဥ,အပေါ် ကိုယ်ချင်းစာနာစိတ်နဲ့ မြင်ပေးကြည့်ပေးတဲ့ အတွက် ဦးထွန်းကို ကျေးဇူးတင်ပါတယ်၊ ဖြိုးနဲ့ ပတ်သက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကို သံယောဇဉ်ရှိသလို လေးလည်းလေးစားတယ်၊ ဥဘဝမှာ ဘယ်ယောက်ျားကိုမှ အကောင်းမြင်တတ်ခဲ့တာ မဟုတ်ဘူး၊ အခုဆို မှတ်မှတ်ရရ ဖြိုးနဲ့ဦးထွန်းပဲ ရှိတယ်”

ဘာကြောင့်ရယ်တော့မသိ ပွင့်လင်းလွန်းသော မျက်နှာဘေးလေးကြောင့်ပင် မဆီမဆိုင်ဖြင့် သူ့ရင်မှာ ကရုဏာဖြစ်သွားမိသည်။

စကားလုံးတွေ အကြည့်တွေဖြင့် ဥ,တစ်ယောက် သူ့ကို သိမ်းပိုက်သွားလေပြီလား။ ဥစကားတွေက တကယ်ပဲ မာယာကင်းစွာဖြင့် ရိုးသားပါ့မလားလေ။

“ကောင်းပြီလေ . . . ဦးထွန်းတို့ စကားပြောတာလဲ အချိန်အတော်ကြာသွားပြီ၊ စပ်စုတယ်လို့တော့ မထင်နဲ့၊ သားသမီးချင်း ကိုယ်ချင်းစာတဲ့စိတ်နဲ့ မေးမယ့်စကားပါ၊ ယောက်ျားတွေအပေါ်မှာ စိတ်အခံတစ်ခုနဲ့ ခု ဒီလို ဖြစ်နေရတာများလား”

ပထမ ပြောမည်ကြံတုန်းက အလုပ်စကား တကယ်ပြောဖြစ်တော့ ဒီစကားတွေက ဘယ်ကနေ ဘယ်လိုထွက်သွားမိသည် မသိ။

“ဆိုပါတော့ ဦးထွန်း . . . ဥ,ဘဝမှာ အမုန်းဆုံးယောက်ျား တစ်ယောက်ရှိတယ်၊ သူ ဘယ်သူဘယ်ဝါဆိုတာကိုတော့ ဥ မပြောပြချင်ဘူး၊ အဲဒီယောက်ျားတစ်ယောက်ကြောင့်ပဲ ယောက်ျားတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် အမြဲသံသယရှိနေသလို အထင်ကြီးလေးစားချင်စိတ်လည်း နည်းနည်းမျှ မဖြစ်ခဲ့မိဘူး၊ အဲဒီလူဟာ ဥဘဝမှာ အမုန်းဆုံးဖြစ်ပေမယ့် အကြီးမားဆုံးသူတစ်ယောက်လည်း ဖြစ်နေတယ် ဦးထွန်း”

ဥ,စကားကိုတော့ အတော်လေး စိတ်ဝင်စားသွားမိသည်။ မပြောပြဘူးဆိုမှ ပို၍လည်း သိချင်သွား၏။ ဒါကလည်း ဖြိုးပြည့်ထွန်းအတွက်လည်း ဖြစ်နိုင်ကောင်းသည် ထင်၏။

နောက်ဆုံးမှာတော့ ဥကို အလုပ်ခန့်ဖို့ ချက်ချင်းပင် ဆုံးဖြတ်လိုက်ရတော့သည်။

❀ ❀ ❀

“ဖြိုးလား”

“ဟုတ်တယ် ဦးထွန်း၊ ဘယ်လိုအခြေအနေရှိလဲ၊ ဥ,ကို အလုပ်ရော ခန့်လိုက်လား”

ဥ,နှင့် စကားပြောနေသည့်အချိန်များမှာ သူ့ဟန်းဖုန်းသို့ ဖြိုးပြည့်ထွန်း တရစပ် ခေါ်နေ၏။ ဥ, ထွက်သွားပြီးပြီးချင်းမှာပင် ဖြိုးပြည့်ထွန်းဆီ ဖုန်းလှမ်းဆက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“စိတ်မပူပါနဲ့ ဖြိုး၊ ဥကို ဦးထွန်း အလုပ်ခန့်လိုက်ပါပြီ၊ မနက်ဖြန်ကစပြီး ဦးထွန်းဆီမှာ ဥ အလုပ်စဆင်းဖို့ ပြောလိုက်ပြီ”

“ကျေးဇူးပဲ ဦးထွန်းရာ၊ ဘာပဲပြောပြော ဥ,ဘဝလေးကို ကုသိုလ်ပြုပေးလိုက်တဲ့အတွက် ကျေးဇူးပါပဲ၊ ဒါပဲနော် ဦးထွန်း၊ ဖြိုး . . . ဥနဲ့ အမြန်သွားတွေ့လိုက်ဦးမယ်”

ဝမ်းသာအားရစွာဖြင့် စကားတွေပြောပြီး ဖြိုးပြည့်ထွန်း တစ်ယောက် ဖုန်းပိတ်ပစ်လိုက်တော့သည်။

သူဖုန်းပြောနေတုန်းမို့ ကျော်မိုး အနားရောက်လာသည်ကို သတိမမူဖြစ်။ မျက်နှာချင်းအဆိုင်မှာပင် ကျော်မိုးက သူ့ကို ပြောသည်။

“ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ အထွန်း၊ ဥ, မင်းအခန်းထဲ ဝင်သွားကတည်းက ငါအပြင်မှာ ရောက်နေတာ၊ မင်းနဲ့ဖြိုးတို့ စကားပြောတာတွေကို ငါ အကုန်ကြားပြီးပြီ၊ တကယ်ပဲ အဲဒီမိန်းကလေးကို မင်းအလုပ်ခန့်လိုက်တာလား”

“တကယ်ခန့်လိုက်တာ ကျော်မိုး၊ မင်း ပထမအကြံပေးသလို မြောက်ဦးဟိုတယ်ကို ပို့မှာမဟုတ်ဘူး၊ ငါ့အနားမှာထားမှာ၊ ငါ့ရဲ့ အတွင်းရေးမှူးမလေးအဖြစ် အနီးကပ် စောင့်ကြည့်ဖို့ အလုပ်ခန့်လိုက်တာ”

“သွားပြီ . . . ဖြိုးတစ်ယောက်တည်း အဲဒီမိန်းကလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မာယာအောက်ကို ရောက်သွားတာ မဟုတ်ဘူး၊ နှစ်ခါပဲ စကားပြောဖူးတယ်၊ မင်းလည်း ဥ,ရဲ့ မာယာအောက်ဆီ ချက်ချင်းရောက်သွားပါရောလား အထွန်းရယ်"

"မာယာတွေ ဘာတွေကိုတော့ ငါမသိဘူး ကျော်မိုး၊ ငါတို့စုံစမ်းထားသမျှတွေကို သူကိုယ်တိုင်ကပဲ ပွင့်ပွင့်လင်းလင်း ပြောပြတယ်၊ ငါ အလုပ်ခန့်ဖို့ ဆုံးဖြတ်ဖြစ်တာကလည်း သူ့စကားတစ်ခွန်းကြောင့်ပဲ"

"ဘာစကားလဲ အထွန်း"

"သူ့ဘဝမှာ အမုန်းဆုံးယောကျ်ားတစ်ယောက်ရှိတယ်တဲ့၊ အဲဒီလူဟာ အမုန်းဆုံးဖြစ်သလိုပဲ သူ့ဘဝမှာ အကြီးမားဆုံးယောကျ်ားတစ်ယောက်ပဲတဲ့"

"သွားပြီ အထွန်း . . . မင်းက ဖြိုးအတွက်ပဲ စိုးရိမ်နေတာ၊ မင်းကရော မိန်းမတွေအကြောင်း ဘယ်လောက်များ သိထားလို့တုန်း၊ စီးပွားရေးမှာ မင်း တော်ကောင်းတော်မယ်၊ တကယ်တမ်းပြောကြကြေးဆိုရင်တော့ အခုချိန်အထိ မင်းဘဝမှာ မိန်းမနှစ်ယောက်နဲ့ပဲ ပတ်သက်ခဲ့ဖူးတာပဲ၊ ရှေ့လျှောက် ဘာတွေဖြစ်လာဦးမလဲ မသိဘူးကွာ"

ရင်လေးဖွယ်အတွေးများဖြင့် ကျော်မိုးတစ်ယောက် စိတ်ရှုပ်နေပြီလား မသိ။ ကျော်မိုးပြောသလိုပင် သူ့ဘဝမှာ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



များများစားစားနှင့် မပတ်သက်ဖူးခဲ့ပေ။

ပထမဆုံး . . . မမမိုး။

ပြီးတော့ . . . ဖြူ။

ဒီနှစ်ယောက်နှင့်တင် သူ့ရင်တို့ တစ်ဘဝလုံး မောပန်းနေဖြစ်ခဲ့သည်။

ဖြူနှင့်မမမိုးကို ယှဉ်ကြည့်ဖြစ်ပါက သူ့ရင်ကို အလွှမ်းမိုးဆုံးနှင့် အမောပန်းစေဆုံးသောသူမှာ မမမိုးပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၆ )

မမမိုးနှင့်သူတို့ ချစ်သူနှစ်ဦးကြားမှာ အလွမ်းဆိုတာ မရှိစကောင်း . . . ဟုထင်ခဲ့သည်။ နှစ်ဦးသား ချစ်ခင်နေတုန်းမှာ ဝေးကွာခြင်းဆိုသည့် အခြေအနေကိုလည်း ခေါင်းထဲ မထည့်ခဲ့ကြ။

မမမိုး နောက်ဆုံးနှစ်ပြီးလို့ တစ်နှစ်မပြည့်ခင်မှာပင် ကံကြမ္မာမုန်တိုင်းက သူတို့နှစ်ယောက် ချောင်းခြားစေဖို့ ရုတ်တရက်ပေါ်ပေါက်ခဲ့၏။

"ငါ မင်းကို မေးချင်တယ် ကျော်မိုး၊ အခုရက်ပိုင်း မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို အဝင်အထွက်များနေတဲ့ အဲဒီလူက ဘယ်သူလဲ”

သူ မေးလိုက်ခြင်းကြောင့် ကျော်မိုးမျက်နှာ ပျက်ချင်သွား၏။

“ဦးအောင်သန်းတဲ့၊ ဖေဖေတို့နဲ့ စီးပွားဖက်ပဲ၊ မိုးကုတ်က သူဌေး၊ အိမ်ထောင်မရှိဘူး”

ကျော်မိုး အမူအရာ၊ စကားသံတွေကြောင့်ပင် ဦးအောင်သန်းဆိုသူကို စိတ်မဝင်စားဘဲ နေလို့မဖြစ်တော့။

“ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်း ကျော်မိုး . . . အဲဒီလူက မမမိုးနဲ့ ပတ်သက်လာနိုင်လား”

“အေးကွာ . . . ဒီအကြောင်းကို မင်းစိတ်ပူနေမှာစိုးလို့ မမမိုးက မပြောခိုင်းတာ၊ ငါသိတာတော့ ကြာပြီ၊ ဦးအောင်သန်းနဲ့ မမမိုးကို မေမေတို့က သဘောတူနေကြတယ်”

“နေစမ်းပါဦး . . . ဒီလောက် အရေးကြီးတဲ့ကိစ္စကိုများ မမမိုးက ဘာလို့ ထိမ်ချန်ချင်ရတာလဲ၊ တကယ်ဆို ငါ့ကို သိအောင် ပြောပြထားသင့်တာပေါ့”

“ဒီလိုကွ . . . ဦးအောင်သန်းကို မိဘတွေကြောင့် အလိုက်အထိုက် ဆက်ဆံရပေမယ့် မမမိုး စိတ်မပါဘူး၊ အခုအနေအထား ကလည်း တင်းတင်းကျပ်ကျပ်ကြီး မဟုတ်သေးဘူးလေ၊ ဒီအကြောင်းတွေ မင်း စောစောသိသွားရင် စိတ်ဆင်းရဲနေရမှာစိုးလို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်း ပြဿနာဖြစ်ပြီဆိုရင် မင်းဘက်မှာပဲ ရပ်မှာလို့ မမမိုး ပြောတယ်”

ပထမတုန်းက စိတ်ဆိုးချင်သလိုလို ရှိသော်လည်း ကျော်မိုး ရှင်းပြတော့မှ မမမိုး၏ မေတ္တာတရားကို သူ နားလည်လိုက်ရ၏။

“ဒီပြဿနာက အခုချက်ချင်း မဖြစ်တောင်မှ တစ်နေ့နေ့ မှာတော့ ဖြစ်မှာပဲ၊ ပြောမယ့်သာ ပြောရတာပါ၊ ပြဿနာဖြစ်လာခဲ့ ရင် ငါ့ဘက်က ဘာမှအဆင်သင့်ဖြစ်မှာ မဟုတ်ဘူး၊ အခုမှ ငါက ပထမနှစ်တက်နေတုန်းပဲ ရှိသေးတာ”

သေသေချာချာတွေးကြည့်မှ ရင်မောစိတ် ဖြစ်ရပြန်၏။ သူ့ဘဝသူ့အခြေအနေမှာ တင့်တောင့်တင့်တယ်ဆိုတာ မရှိ။ သူ့ မိဘအသိုင်းအဝိုင်းကလည်း သာမန်အဆင့်မျှသာ။ သူ့ဘဝထဲသို့ မမမိုး ဝင်လာရဲဖို့ဆိုတာ တော်ရုံမေတ္တာမျိုးနှင့် မဖြစ်နိုင်မှန်း အလို လို နားလည်လိုက်၏။

“တခြားကိစ္စတွေကိုတော့ ငါသိပ်မပြောချင်ဘူး အထွန်း၊ မင်းတို့ချင်း တစ်ဘဝလုံး ကွေကွင်းရမယ့်အတွက်တော့ ငါမလိုလား ဘူး၊ အရေးကြုံလာတဲ့အခါ မင်းတို့နှစ်ယောက်စလုံးဘက်မှာ ငါ ရပ်ပေးမယ်လို့ ကတိပေးတယ်”

ကျော်မိုးစကားကြောင့်ပင် သူ မျက်ရည်လည်မတတ် ဝမ်း သာသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ သူငယ်ချင်းရာ . . . ငါ မချမ်းသာဘူး၊ လက်ရှိအခြေအနေမှာ ဘာမှမဟုတ်ပေမယ့် ငါ့ရင်ထဲက မေတ္တာနဲ့ သစ္စာတရားကတော့ မမမိုးအတွက် ထာဝရပေးဆပ်ရဲတယ်၊ အခုလောလောဆယ်မှာတော့ အချမ်းသာဆုံးဆိုလို့ ဒါတွေပဲရှိတယ်ကွာ၊ ငါကြိုးစားပါ့မယ်၊ ငါ့ဘဝအတွက်ရော မမမိုးအတွက်ပါ ငါ အမြဲကြိုးစားမယ်၊ အမြဲလည်း သတိရှိနေတော့မယ် ကျော်မိုး"

အနာဂတ်မှာတော့ ဘာတွေဖြစ်ပျက်ဦးမည် မသိ။ မမမိုးနှင့် မဝေးဖို့ဆိုတာ ချစ်ခြင်းမေတ္တာတွေနှင့် ချည်နှောင်နိုင်ပါ့မလား။

လူ့ဘဝသဘောနှင့် ကံကြမ္မာအလှည့်အပြောင်းဆိုတာတွေကို လှမ်းမျှော်တွေးရင်းကပင် ရင်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်လာရသည်။

❀ ❀ ❀

မမမိုးနှင့် နှစ်ယောက်ချင်း ဆုံဖြစ်သောနေ့နှင့် ဦးအောင်သန်းကိစ္စကို သိရသောနေ့တို့သည် တစ်ပတ်သာခြား၏။

ထိုကာလအတွင်းမှာပင် ထင်မှတ်မထားသော ရင်ပူစရာ



www.burmeseclassic.com

www.burmeseclassic.com



တွေက တပုံတပင် ဖြစ်လာရ၏။

"တစ်ယောက်နဲ့တစ်ယောက် အခုလို မတွေ့ဖြစ်တာ ဆယ်ရက်လောက်ကြာပြီနော် မမမိုး"

"ဒီလိုသာ မတွေ့ရတာပါကွာ၊ နေ့တိုင်း မြင်နေရတာပဲ မဟုတ်လား"

"မတူဘူးလေ မမမိုးရဲ့၊ နေ့တိုင်းမြင်ရတဲ့ အခြေအနေက ဘာမှလွတ်လပ်တာ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် မြင်ရတွေ့ရတယ်ဆိုပေမယ့် စကားလွတ်လွတ်လပ်လပ် ပြောရဖို့ မပြောနဲ့ ပြုံးပြတာတောင် ကျီးလန့်စာစားဖြစ်နေတာ မဟုတ်လား"

"အထွန်းက သိပ်စကားတတ်တာပဲ"

သူ့ညာဘက်ပါးပြင်ကို မမမိုး ဖွဖွလေး လိမ်ဆွဲလိုက်၏။

"မမမိုး ပြောစရာရှိတယ်ဆို"

သူ့အမေးစကားကြောင့်ပင် မမမိုးမျက်နှာလေး အိုစာချင်သွား၏။ ကျော်မိုး ပြောပြထား၍ သူသိနှင့်နေသော ဦးအောင်သန်းအကြောင်းကို မမမိုး ပြော၏။

"အိမ်ကလူကြီးတွေ မမမိုးနဲ့ဦးအောင်သန်းကို သဘောတူထားတဲ့အကြောင်း အထွန်း သိပြီးပြီဆို"

"အင်း"

"စိတ်ပါပါ နားထောင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မမမိုးကလည်း ဘယ်သူတွေ ဘာအစီအစဉ်တွေပဲလုပ်လုပ် မမမိုးက အထွန်းဘက်မှာ ရှိမှာ မဟုတ်လား"

"ဒါတော့ ဒါပေါ့ အထွန်း၊ အခုကိစ္စက လက်တလောကြီး သူတို့ စီစဉ်ဖို့ တိုင်ပင်နေကြတာ၊ မဟုတ်မှလွဲရော . . . မမမိုးနဲ့ အထွန်းတို့အကြောင်းကို ဦးအောင်သန်းကပဲ ရိပ်မိတာလား၊ အိမ်က လူကြီးတွေကပဲ သိသွားကြတာများလား မပြောတတ်ဘူး အထွန်း"

"သူတို့တွေက ဘာတွေများ လက်တလော စီစဉ်ကြလို့လဲ မမမိုး"

"ဒီအကြောင်းတွေကို ကျော်မိုးတောင် မသိရသေးဘူး၊ ပထမတုန်းက စေ့စပ်ပွဲတွေ ဘာတွေလုပ်ပြီး အေးအေးဆေးဆေး နေမှ လက်ထပ်ဖို့လုပ်မှာ၊ အခုဟာက အားချင်း လက်ထပ်ပွဲလုပ်ဖို့ အစီအစဉ်ဆွဲနေကြတာ အထွန်း"

အနေးနှင့်အမြန် ဒီလိုပြဿနာနှင့် ရင်ဆိုင်ရမည်ကို သိနေသော်လည်း မြန်မြန်ဆန်ဆန်ကြီး ကြုံတွေ့ရမည်ဆိုတော့ ဘာလုပ်လို့ ဘာပြောရမှန်း မသိတော့ပေ။

မမမိုးတစ်ယောက် သူ့ဘက်မှာ ထာဝရရပ်တည်မည် . . . ဟု သိနေသည့်တိုင် အားငယ်စိတ်က ရင်မှာ တဖွားဖွား။

"ဒီလိုဆိုရင်တော့ အထွန်းတို့ သူတို့နဲ့ ဝေးရာကို ပြေးကြဖို့ပဲ ရှိတော့မှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်သေချာတယ် အထွန်း၊ ဒီကပြန်တာနဲ့ မမမိုးတို့ ထွက်ပြေးကြဖို့ စီစဉ်စရာတွေ အထွန်းစီစဉ်တော့၊ မမမိုးလည်း ကျော်မိုးနဲ့ တိုင်ပင်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်တော့မယ်၊ သူတို့ တွေရဲ့ လက်ဦးမှု မရခင် မမမိုးတို့ ထွက်ပြေးကြမှ ဖြစ်လိမ့်မယ် အထွန်း"

သူ့အားငယ်ခြင်းတွေအတွက်တော့ မမမိုး၏စကားတွေက မဟာအင်အားတွေပင်။ မမမိုး၏မေတ္တာတရားကြောင့်ပင် အရှုံးခက်စေသူက သူကိုယ်တိုင်ဖြစ်နေ၏။

"အထွန်း စီစဉ်မယ် မမမိုး"

မမမိုး၏မျက်နှာကိုကြည့်ပြီး စိတ်အားတက်ကြွစွာ သူပြောလိုက်မိသည်။ မဝေးတော့သောကာလမှာ မမမိုးနှင့်အတူ မိုးမမြင်လေမမြင် ပျော်ခွင့်ရတော့မည်ပဲလေ။

မမမိုးရှေ့မှာ စိတ်အားထက်သန်စွာဖြင့် ကတိတွေပေးခဲ့သော်လည်း သူ ဘာတွေကို ဘယ်လိုစီစဉ်ရမှန်းမသိ။ သူ့လက်ထဲမှာ ပိုက်ဆံ အဆင်သင့် ရှိမနေပြန်။ အိမ်ကလူကြီးတွေကို အပူကပ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်း ငွေကြေးအနေဖြင့် မယ်မယ်ရရ, ရမည်မဟုတ်မှန်း သူသိနေပြန်၏။

မမမိုးကို ခိုးပြေးဖို့ တိုင်ပင်စရာ လူဆိုးတွေက အနားမရှိ။ တိုင်ပင်ဖော်ဆို၍ ကျော်မိုးတစ်ယောက်သာ ရှိသည်ပဲ။

“သား အထွန်း . . . ညဥ့်နက်သန်းခေါင်ကြီးမှာ ဘာတွေများ တွေးနေရတာလဲ”

သူ့အပူ၊ သူ့အတွေးတွေကြောင့် ညဥ့်နက်လို့ သန်းခေါင်ရောက်မှန်း သူ မသိနိုင်ခဲ့ပေ။ ဖခင်ဖြစ်သူက တစ်ရေးနိုးလာပြီး သူထိုင်နေရာသို့ ရောက်လာပုံရသည်။

“အိပ်လို့မရလို့ ဖေဖေ၊ အခု သားအိပ်တော့မှာပါ”

“ထ,မသွားပါနဲ့သား၊ အိပ်ရာထဲဝင်ရင်လည်း ငါ့သား အိပ်ပျော်နိုင်မှာ မဟုတ်ဘူးဆိုတာ ဖေဖေ သိတယ်”

“ဖေဖေ ဘာတွေသိထားလို့လဲဟင်”

“ဖေဖေတင် မဟုတ်ဘူး သားမေမေလည်း သိတယ်၊ သားညီမလေးနှစ်ယောက်လည်း သိကောင်းသိနေကြမယ်၊ သားရဲ့ မမမိုးလက်ထပ်တော့မယ့်သတင်းက မြို့မှာနာမည်ကြီးနေတာပဲ သားရယ်”

“သားနဲ့ မမမိုးတို့အကြောင်းကို ဖေဖေတို့ သိနေကြတယ်ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ချစ်သူဖြစ်ကြခြင်းမှာ အတော်ပိရိလွန်းလှသည် . . . ဟု အထင်တွေကြီးနေခဲ့မိသည်။

"သိတယ် သား၊ အရင်တုန်းက သားဟာ လူဆိုးလူမိုက်ကလေးပဲ၊ မောင်ကျော်မိုးရဲ့အစ်မကြောင့် သား ဆယ်တန်းအောင်တာရော၊ အရင်ကနဲ့ မတူတော့တာတွေရော၊ ပြီးတော့ မိုးပြည့်အေးလက်ထပ်တော့မယ်ဆိုတာနဲ့ သားရဲ့နေပုံထိုင်ပုံက တမှိုင်မှိုင်နဲ့ ကဲ . . . ပြောစမ်းပါဦးသား၊ ဘာအခက်အခဲတွေ ရှိနေပြီး ဘာတွေများလုပ်ဖို့ သားတို့ စီစဉ်ထားတုန်း"

ဖေဖေ့စကားကြောင့်ပင် အားတက်သွားမိ၏။

"သား ငွေလိုနေတယ် ဖေဖေ၊ သားနဲ့မမမိုးတို့ မြို့ကနေထွက်ပြေးကြမလို့ ဖေဖေ"

"ကောင်းပြီ အထွန်း . . . ဖေဖေ ပြောပြမယ် . . . သားလိုတဲ့ငွေအတွက် ပထမဆုံး စဉ်းစားပြမယ်၊ ဖေဖေက အစိုးရဝန်ထမ်း၊ မင်းမေမေက ဈေးဆိုင်ဖွင့်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရှာနေတဲ့သူ၊ သားလိုချင်တဲ့ပိုက်ဆံကို လွယ်လင့်တကူ ပေးနိုင်မှာမဟုတ်ဘူး၊ တစ်ခုရှိတယ် . . . အခုအိမ်နဲ့ အခုခြံကို တစ်ယောက်ယောက်ဆီမှာ ပေါင်လိုက်ရင်တော့ အဆင်ပြေနိုင်မယ်"

"ဒါဆိုရင် ဖေဖေ လုပ်ပေးပါလား၊ ဖေဖေ လုပ်ပေးမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှမပြောသေးဘဲ ဖေဖေ သူ့ကို ငေးကြည့်နေ၏။

"သား နားထောင်နော် . . . မင်းလိုချင်တဲ့ငွေကို မင်းပြောသလို ဖေဖေ မနက်ဖြန်ရအောင် လုပ်ပေးပါပြီတဲ့ . . . သားတို့ဘယ်ကို ထွက်ပြေးကြမှာလဲ"

"ဒီကနေ ဝေးရာကိုပေါ့ ဖေဖေရာ"

"သား အခုလုပ်ရမယ့်ကိစ္စက ပြေရာပြေကြောင်း ခေတ္တခဏရှောင်တိမ်းရမှာ မဟုတ်ဘူးနော်၊ သားအနေနဲ့ အိမ်ထောင်တစ်ခု၊ ဘဝတစ်ခုကို ထူထောင်ရမယ့်အခြေအနေဆိုတာ သားနားလည်လား၊ ဘာလဲ သား . . . သူဌေးသမီးကို ရအောင်ခိုးပြေး၊ ဖေဖေတို့ကလည်း မီးလောင်ရာလေပင့်လုပ်၊ ပြီးရင် ကိစ္စက အေးချမ်းပြီး သားလည်း သူဌေးသားမက်ဖြစ်ပြီလို့ အောက်မေ့နေတာလား သား"

"ဒီလို မဟုတ်ဘူး ဖေဖေ၊ သား မမမိုးကိုချစ်လို့ တစ်ဘဝလုံး မခွဲနိုင်လို့ ခိုးပြေးရမှာပါ"

"ဘာပဲပြောပြော မင်းရဲ့မမမိုးက သားရဲ့ချစ်သူဆိုလည်းဟုတ်တယ်၊ ကျေးဇူးရှင်ဆိုလည်း ဟုတ်တယ်၊ ဆယ်တန်း နှစ်နှစ်ကျပြီး ပျက်တက်တက်ဖြစ်ချင်နေတဲ့ဘဝကို ပြောင်းလဲပေးခဲ့တာလေ၊ အဲဒီကျေးဇူး၊ မင်းရဲ့အချစ်တွေကို လွယ်လင့်တကူပဲ ဖျက်ဆီးပစ်တော့မှာလား သား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားများက သူ့အတွေးများကို တုံ့ဆိုင်းစေတော့ အမှန်ပင်။ သူ တွေဝေနေခိုက်မှာပင် ဖေဖေက စကားတွေ ဆက်ပြောနေပြန်၏။

"သားက အခုမှ တက္ကသိုလ်တက်တာ ပထမနှစ်တောင် မပြီးသေးဘူး၊ သားတို့ ဘယ်ကိုပြေးမလဲ၊ မိန်းကလေးမိဘတွေက ရော သားတို့ကို မရရအောင် မြေလှန်ရှာကြမှာပဲ၊ ထားပါ . . သူတို့လက်က လွတ်တယ်ပဲထားဦး၊ သားတို့ ဘယ်လို ရှေ့ဆက်စခန်းသွားကြမှာလဲ၊ လက်ထဲမှာပါတဲ့ ပိုက်ဆံတွေ မကုန်မချင်းတော့ စိတ်ညစ်ကြမှာ မဟုတ်ဘူး၊ သားအနေနဲ့က ဘယ်လိုစားစား၊ ဘယ်လိုနေနေ ဘာမှပြဿနာ မဟုတ်ဘူး၊ သား မမမိုးက သားနေသလို နေနိုင်မှာ မဟုတ်သလို စားနိုင်မှာလည်း မဟုတ်ဘူး သား"

ဖေဖေ့စကားများက တရားနည်းလမ်းကျနေပြန်၏။

"ဒါဆို အခုအခြေအနေမှာ သားဘာလုပ်သင့်လဲ ဖေဖေ"

"ခိုးပြေးကြမယ့်အစီအစဉ်ကို မလုပ်သင့်ဘူး၊ ကိုယ့်ချစ်တဲ့ သူအတွက် အများကြီး စဉ်းစားပေးပါသား၊ ကိုယ့်လက်ထဲမှာ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ နေခွင့်ပေးမလား၊ ကိုယ်မပေးစွမ်းနိုင်တဲ့ အခြေ၊ ကိုယ်မတတ်နိုင်တဲ့ဘဝမျိုးမှာ တင့်တောင့်တင့်တယ် ထားနိုင်တာကိုပဲ မုဒိတာပွားလိုက်စမ်းပါသားရယ်၊ အချစ်တစ်ခုကိုကြည့်ပြီး သားဘဝကိုတင် မဟုတ်ဘူး၊ မိန်းကလေးဘဝကိုပါ မဖျက်ဆီး

www.burmeseclassic.com



သင့်ဘူး၊ ပြီးတော့ ချစ်ခြင်းတရားကိုလည်း ရူးသွပ်မှုနဲ့ မည်းညစ်အောင် မပြုချင်စမ်းပါနဲ့သား”

သူ့စိတ်တို့ နောက်ကျိသွားတာတော့ အမှန်ပင်။

ဖေဖေပြောသောစကားများကို သူ အသေအချာစဉ်းစားမှ ဖြစ်တော့မည်။ သူချစ်သော မမမိုးဘဝအတွက် သူ့နှလုံးသားကို စတေးပစ်ဖို့ဆိုတာ . . .

❦ ❦ ❦

“ဘာပြောတယ် အထွန်း၊ မင်းဘာတွေ ပြောလိုက်တယ်”

“ငါတို့ အခုလုပ်ကြမယ့် အစီအစဉ်တွေကို မင်းကိုယ်တိုင် မင်းမိဘတွေ သိအောင် ပြောပြလိုက်ပါ”

“သတ္တိမရှိတဲ့ကောင်”

ဒေါသနှင့်အတူ မာန်မဲရင်း သူ့မျက်နှာကို လက်သီးဖြင့် ထိုးလိုက်၏။

“မင်း ထပ်ထိုးလိုက် ကျော်မိုး၊ ငါ ဒီလို ပြောလိုက်ရတာ ရင်ထဲမှာ မင်းထိုးတာထက် နာကျင်နေတယ်၊ မမမိုးအတွက် ငါ

www.burmeseclassic.com

www.burmeseclassic.com



ပြောရတာပါကွာ၊ သတ္တိမရှိဘူးလို့ စွပ်စွဲပါ၊ အဲဒီလိုမျိုး သတ္တိတွေနဲ့ မမမိုးဘဝကို ချေဖျက်မပစ်ချင်ဘူး၊ မမမိုးဟာ မင်းအစ်မအရင်းပါ၊ ငါနဲ့အတူနေရင် မမမိုးဘဝ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ငါဆိုတဲ့ ကောင်ရဲ့ အနေအထားကို မင်းအသိဆုံးပါကွာ”

သူ့စကားတွေကို နားထောင်ရင်းကပင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ကျော်မိုးလက်သီးတို့ တစစ ပြေလျော့ကျလာ၏။

နာကျင်စွာဖြင့်ပင် ညတုန်းကပြောပြခဲ့သော ဖေဖေ့စကားများကို ပြန်ပြောပြလိုက်၏။

“ချစ်သူချင်း ကွေကွင်းရခြင်းဒုက္ခလောက် ကြီးလေးတာ မရှိဘူးဆိုတဲ့ စကားကရော အထွန်း”

“ကွေကွင်းရခြင်းဆိုတဲ့နေရာမှာ နှစ်မျိုးရှိမယ်ထင်တာပဲ၊ လူချင်းဝေးရတာမျိုး၊ စိတ်ချင်း ကွေကွင်းရတာမျိုး၊ လူချင်း ဘယ်လောက်ဝေးဝေး စိတ်ချင်းတော့ မကွေကွင်းချင်ဘူး၊ ချစ်လွန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ လူချင်းဝေးဖို့ ငါဆုံးဖြတ်လိုက်ရပေမယ့် စိတ်ချင်းကတော့ မကွေကွင်းနိုင်ဘူး၊ ငါတို့က တစ်ယောက်နဲ့တစ်ယောက် မုန်းပြီး လမ်းခွဲကြရတာမှ မဟုတ်တာပဲ၊ ချစ်လွန်းလို့ ကွေကွင်းရတာမျိုးလေ၊ အဲဒီဒုက္ခကိုတော့ အချစ်အတွက် ခံစားရကျိုးနပ်ပါတယ် ကျော်မိုး”

နှစ်ဦးနှစ်ဖက် အကြေအလည် ဆွေးနွေးပြီးတော့ စကားတွေက ကုန်သလောက် ရှိသွားသလို ကျော်မိုးလည်း ငြိမ်ကျသွား၏။

“ငါ မင်းစကားတွေကို နားထောင်ပြီး အရမ်းအံ့ဩသလို လေးစားသွားတာ အမှန်ပဲ၊ ငါ့ရှေ့မှာ ရှိနေတဲ့သူဟာ မင်းမှ ဟုတ်ပါ့မလား၊ အိပ်မက်များလားလို့ သံသယဝင်တာ အမှန်ပဲ အထွန်း”

“အိပ်မက်မဟုတ်ဘူး အထွန်း၊ အခုချက်ချင်းကြီးတော့ မမမိုးသိအောင် မင်း မပြောနဲ့၊ တစ်နေ့ကျရင်တော့ မင်းနဲ့ငါ ပြောခဲ့တဲ့စကားတွေကို မမမိုး နားလည်အောင် မင်း ပြောပြပေးပါ၊ ငါလည်း မမမိုးတို့ မင်္ဂလာဆောင်တဲ့အချိန်မှာ ဒီဒေသနဲ့ ဝေးတဲ့နေရာကို ရောက်နေမှာ”

“မင်းက ဘယ်ထွက်သွားဦးမှာလဲ အထွန်း”

“ငါ နယ်စပ်မှာ အလုပ်သွားလုပ်မလို့၊ အခြေအနေပေး ရင် တစ်ဖက်ကမ်းကူးပြီး ငါ အလုပ်,လုပ်မယ်”

“မင်းကိစ္စက စွန့်စားလွန်းပါတယ်၊ မိဝေး, ဘဝေး သံယော



www.burmeseclassic.com

www.burmeseclassic.com



ဇဉ်တွေနဲ့ ဝေးတဲ့ ရေခြားမြေခြားကို သွားရမယ့်ကိစ္စပဲ”

“မမမိုးကိစ္စနဲ့ ပတ်သက်ပြီး ငါနားလည်လိုက်တာ တစ်ခု ရှိတယ်၊ သင်ခန်းစာပေါ့ ကျော်မိုး၊ အရေးအကြောင်းပေါ်လာလို့ ငါ့လက်ထဲမှာ တစ်သိန်းမပြောနဲ့ သောင်းဂဏန်းတောင် ကိုယ်ပိုင် မရှိဘူး၊ ငါ့လက်ထဲမှာ ပိုက်ဆံရှိရင် ပိုက်ဆံရှာနိုင်တဲ့သူဖြစ်ရင် မမမိုးကို ဆုံးရှုံးရမှာ မဟုတ်ဘူး”

ကိုယ်ပိုင်ပိုက်ဆံဆိုလို့ ခြူးတစ်ပြားမှ မရှိသောဘဝ။ မမမိုး ကို ချစ်လွန်းသော်လည်း ချန်ရစ်ခဲ့ရမည့် အခြေအနေ။

သူ့ဘဝကိုရော၊ သူ့လက်ရှိအခြေအနေတွေကိုပါ ပြောင်း ပြန်လှန်ပစ်ရတော့မည်ပဲ။

သူ့နှလုံးသားကို မမမိုးဆီမှာ ထားရစ်ခဲ့ပြီး ရေခြား မြေခြား ရေကြည်ရာမြက်နုရာဆီသို့ ခရီးထွက်ဖို့ စိုင်းပြင်းရတော့ မည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

အတိတ်မှာတုန်းက မမမိုးနှင့်သူတို့ အတူထွက်မပြေးဖြစ်ကြပေ။ အဲဒီတုန်းကသာ ထွက်များပြေးဖြစ်ရင် သူနှင့်မမမိုးတို့ အခြေအနေတွေက ဘာတွေဖြစ်လာမည်ကို ဘယ်သူမှ မသိနိုင်။

မမမိုးနှင့် သံယောဇဉ် မလွတ်ကင်းနိုင်သောကြောင့် အခုထက်ထိပင် သူ့ရင်သည် မငြိမ်းချမ်း။

ဥ, အား အလုပ်ခန့်ပြီး တစ်ပတ်မပြည့်ခင်မှာပင် နောက်ပြဿနာတစ်ခုကို သူ ရင်ဆိုင်ရပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဥ,ကို အလုပ်ခန့်လိုက်တာ ဖေဖေ၊ မေမေတို့ သိသွားပြီ အထွန်း၊ ပိုဆိုးတာက ဘယ်သူက ဘယ်လိုသတင်းပေးလဲ မသိဘူး၊ ဥ,က ဖြိုးနဲ့ပါ ငြိနေတာ မဟုတ်ဘူး၊ မင်းနဲ့ပါ မလွတ်မကင်းလို့ ပြောနေတဲ့ပုံပဲ၊ မပြေးသော်လည်း ကန်ရာတွေက အပြည့်ပဲ မဟုတ်လား အထွန်း၊ ဥကို အတွင်းရေးမှူးမလေးအဖြစ် ခန့်လိုက်တာပဲ မဟုတ်လား"

"ဘာလဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးနဲ့ ဒေါ်ဒေါ်တို့က ငါ့ကို မျက်နှာချင်းဆိုင် ပြောကြဆိုကြတော့မှာ မဟုတ်လား"

"ဒီနေ့ညနေ အိမ်က စောင့်နေဖို့ ငါနဲ့ မှာလိုက်တယ် အထွန်း၊ ပြဿနာရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ဥကို အလုပ်ခန့်တာနဲ့ ပတ်သက်ပြီး မင်းနဲ့ စကားပြောကြည့်ချင်တာ ဖြစ်မှာပါ"

"နေပါဦး ကျော်မိုး . . . ဥနဲ့ဖြိုးကို ပြောတာက ပြဿနာ မရှိဘူး၊ ငါနဲ့ ဥကို ဘာကြောင့် ဒီလို ထင်တာလဲ"

"လူတွေပါးစပ်က ကြောက်ဖို့ကောင်းတာ မင်းအသိပဲ အထွန်း၊ ကောင်မလေးကလည်း နောက်ကြောင်းကင်းတဲ့သူ မဟုတ်လေတော့ အခုအခြေအနေကိုကြည့်ပြီး လိုရာဆွဲပြောကြတာနေမှာ ပေါ့ အထွန်း"

မဆီမဆိုင်ဖြင့် မြားဦးက သူ့ဆီသို့ လှည့်လာပြန်သည်။

"ဒီလို အစထွက်လာတာ မကောင်းတဲ့ အနေအထားပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုး၊ ကျန်တဲ့လူတွေ ထင်တာမြင်တာထက် ဖြိုးရဲ့သဘောက အရေးကြီးနေတယ်”

“မင်းသိချင်ရင်တော့ တီးခေါက်ကြည့်ပေါ့ အထွန်းရာ၊ ငါ စိုးရိမ်တာက လက်ရှိအခြေအနေမှာ ဖြိုးနဲ့ဥက တွေ့ကြရင် တွေ့ဖြစ်လိမ့်မယ်၊ မင်းနဲ့ဥကတော့ မျက်စိအောက်မှာတင် အနေနီး နေကြတာနော်၊ လူတွေ နိမိတ်ဖတ်သလို ဖြစ်လာခဲ့ရင်တော့ တကယ့်ကို ကျော်မကောင်း ကြားမကောင်းပဲ အထွန်း”

“မင်းကပါ ငါ့ကိုရောပြီး သံသယဖြစ်နေတာလား ကျော်မိုး၊ ငါအနေနဲ့ အနားမှာ ခေါ်ထားရတာက ဖြိုးအတွက်ပဲ၊ သူ့ရဲ့လှုပ်ရှားမှု မှန်သမျှကို မျက်စိအောက်မှာ မြင်တွေ့နေရတော့ ကာကွယ် စရာရှိတာ၊ စီစဉ်စရာရှိတာကို လက်ဦးမှုရအောင်ဆိုတဲ့သဘောပါ၊ မင်းကို အစစအရာရာ ငါရှင်းပြပြီးသားပါ ကျော်မိုးရာ၊ အနိမ့်ဆုံး ရလဒ်ကတော့ ဖြိုးနဲ့ဒီကလေးမလေးတို့ရဲ့ ဆက်သွယ်မှုကို မျက်ခြည် မပြတ်တော့တာပဲ”

“အတော်ပါပဲ . . . ဟိုမှာ မင်း,သားတော်မောင်က ဥ အလုပ်ဆင်းတာကို လိုက်ပို့တာ မြင်လား၊ မင်း . . . ဖြိုးနဲ့ စကား ပြောကြည့်ပါလား”

ကျော်မိုးပေးသောအကြံမှာ မဆိုးဟု သူ တွေးမိသည်။

ဖြိုးပြည့်ထွန်းနှင့်တော့ ဥအကြောင်းကို ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ကြသေးပေ။

"ကဲ . . . ဥရေ . . . ဦးထွန်း ဖြိုးနဲ့ အပြင်ခဏသွားမယ်၊ အလုပ်တွေကို ဥပဲ ကြည့်လုပ်ထားပေးပေါ့ ဟုတ်လား"

"ကောင်းပါပြီ ဦးထွန်း"

အလုပ်ခန့်ပြီးကတည်းက ဒီနေ့အချိန်အထိတော့ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်ပြီးတော့ တိကျစွာလုပ်တတ်သူပင်။ အလုပ်ကိုလည်း အာရုံထားသည်။ တစ်ခုပဲ ပြောစရာရှိသည်။ ယောက်ျားလေးအပေါင်းအသင်း များခြင်းပင် ဖြစ်သည်။

"ငါတော့ ဒီမှာ ကျန်ခဲ့မယ် အထွန်း၊ မင်းတို့သားအဖနှစ်ယောက်ပဲ သွားကြပေတော့"

ကျော်မိုး ရှောင်ထွက်ပြီဆိုတာ သူနားလည်သည်။

"ဖြိုး ဘယ်ကို လိုက်ပို့ပေးရမှာလဲ ဦးထွန်း"

"အေးအေးဆေးဆေး စကားပြောလို့ကောင်းမယ့် ဆိုင်တစ်ဆိုင်ကို ပို့ပေးဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးက ကားပေါ်မှာ စကားပြောပြီးတဲ့အထိ စောင့်ပေးရမှာလား ဦးထွန်း"

သူနှင့်အတူ ထွက်လာသည့် ခရီးကို ဖြိုးပြည့်ထွန်း သဘောပေါက်လွဲနေ၏။ တစ်စုံတစ်ယောက်နှင့် ချိန်းဆိုမှုအတွက် လိုက်ပို့ပေးနေရသည် . . . ဟု ဖြိုးပြည့်ထွန်း ထင်နေသည်။

"ဦးထွန်း ဘယ်သူနဲ့မှ ချိန်းမထားဘူး ဖြိုး၊ ဖြိုးနဲ့ဦးထွန်း စကားလွတ်လွတ်လပ်လပ်ပြောချင်လို့ တမင်ခေါ်ထုတ်လာခဲ့တာ"

"ဩော်"

အာမေဍိတ်ကို ရိုးသားစွာဖြင့် ပြုလိုက်ခြင်းလေလား။

ဖြိုးပြည့်ထွန်း ဦးဆောင်ရာနောက်သို့ လိုက်ခဲ့ရသည်။

ကားပေါ်မှဆင်းပြီး ကော်ဖီဆိုင်ထဲသို့ ဝင်တော့လည်း ဖြိုးပြည့်ထွန်းနောက်မှပင် သူလိုက်ပါလာခဲ့၏။

"ညနေကျရင် မင်းအဘွားနဲ့ အဘိုးက ဦးထွန်းကို လာတွေ့ကြလိမ့်မယ် ဖြိုး၊ ဘာအတွက် တွေ့မယ်ဆိုတာကို ဖြိုးသိမှာပါ၊ ဥကို အလုပ်ခန့်လိုက်တဲ့ကိစ္စအတွက်ပဲ ဖြိုး"

သူ့အတွက်တော့ ကော်ဖီ၏အရသာကို ကောင်းမွန်စွာ မခံစားနိုင်ခဲ့ပေ။

ဖြိုးပြည့်ထွန်းပြောမည့် စကားများကိုသာ အာရုံစိုက်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားတို့ ဖိအားပေးတဲ့အတွက်တော့ အလုပ် မဖြုတ်ပစ်ပါနဲ့နော် ဦးထွန်း၊ ဦးထွန်းတို့ ဟိုတယ်မှာ ဥရှိနေတာ ဖြိုးအတွက် တစ်ခြမ်း စိတ်အေးရတယ်"

"တစ်ခြမ်းပဲ စိတ်အေးရတာလား ဖြိုးရယ်၊ ဒီမိန်းကလေး မျိုးကိုမှ ဖြိုး ဘာကြောင့် သံယောဇဉ်ဖြစ်နေရတာလဲ"

"ဥ,ဘဝက သနားစရာကောင်းပါတယ် ဦးထွန်း၊ အချိန် ကြာလာတာနဲ့အမျှ ဥဘဝနဲ့ ဥရဲ့ စိတ်နေသဘောထားကို ဦးထွန်း သိလာမှာပါ။ ဘာဆိုဘာမှ ဖြိုး ကြိုမပြောထားချင်ဘူး၊ ဦးထွန်း ဥ,ကို လေ့လာကြည့်ပါဦး"

"ကောင်းပြီ ဖြိုး၊ ဖြိုးက ဥ,ကို မွေးနေ့ပွဲမှာ ပထမဆုံး တွေ့ပေးတယ်၊ ပြီးတော့ အလုပ်ရဖို့အတွက် ဦးထွန်းကို ပြောတယ်၊ အခုလည်း ဦးထွန်းအနေနဲ့ ဥကို ရင်းရင်းနှီးနှီးနေဖို့ ဖြိုး ပြောလာပြန်ပြီ၊ ပတ်ဝန်းကျင်စကားကို ဖြိုးနားထောင်ကြည့်ဦး၊ အခုဆိုရင် ဦးတို့ ဒေါ်ဒေါ်တို့နဲ့ ပထမဆုံး ထိပ်တိုက်ရင်ဆိုင်ရတော့မယ်"

"ဘယ်သူတွေပဲ ပြောပြော . . . ဖြိုးကတော့ ဥအပေါ် သံယောဇဉ် ဖြတ်မရတော့ဘူး၊ ဖြိုးကို ကူညီပါ ဦးထွန်းရယ်၊ ဥရဲ့ ဘဝကို တတ်နိုင်သမျှ ဖြိုး စောင့်ရှောက်ပေးချင်တယ်"

ဖြိုးပြည့်ထွန်းအနေနှင့် ဆေးမမီတော့တာ သေချာနေ၏။

အခုအခြေအနေမျိုးမှာ ဘယ်လိုရှင်းပြရှင်းပြ နားလည်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်။ အချိန်တစ်ခုယူပြီးမှ ဖြိုးပြည့်ထွန်းသဘောပေါက်အောင် လုပ်ရုံသာ ရှိတော့သည်ပဲ။

"ဘယ်လိုဖြစ်ကြတာလဲကွယ် . . . ဒီကလေးမလေးကို မင်းက ဘာကြောင့် အလုပ်ခန့်ရတာလဲ၊ ဖြိုးနဲ့ ငြိစွန်းနေတယ်ဆိုတာကို မင်း မသိလို့များလား"

"နေပါဦးကွာ . . . မောင်ထွန်းမင်းသန်းမှာ အကြံအစည် တစ်ခုခုတော့ ရှိဦးမှာပေါ့၊ သူများတွေ ပြောစကားဆိုစကားနဲ့ ပြဿနာ ပိုရှုပ်ထွေးအောင် မလုပ်ချင်စမ်းပါနဲ့ကွာ"

ဒေါ်ဒေါ်ကတော့ မိန်းမပီပီစကားလုံးတွေဖြင့် မကွယ်မထောက် ထိုးနှက်၏။ ဦးအနေနှင့်ကတော့ ချင့်ချိန်တွေးဆကာဖြင့် သူ့စကားသံတွေကို နားထောင်ချင်သည့်သဘော ရှိနေသည်။

"ဒီလိုပါ ဒေါ်ဒေါ် . . . အခုချိန်မှာ ဒေါ်ဒေါ်တို့ ဦးတို့ အနေနဲ့ စီးပွားရေးအလုပ်တွေကိုရော၊ ဖြိုးပြည့်ထွန်းရဲ့ လူမှုရေး အားလုံးကိုပါ ကျွန်တော့်အပေါ် လွှဲထားတာကို ကျွန်တော် သိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပွဲမှာ မိတ်ဆက်ပေးမှ ဒီကလေးမကို မြင်ဖူးတာပါ၊ ချက်ချင်း ပါပဲ၊ ကျွန်တော်နဲ့ ကျော်မိုးတို့ ဒီကလေးမလေးရဲ့ နောက်ကြောင်းကို စုံစမ်းခဲ့ပါတယ်”

“ဒီကလေးမလေး ရှုပ်ခဲ့ပွေခဲ့တာတွေကို မင်းတို့သိနေပါ လျက်နဲ့ အလုပ်ခန့်ရတယ်လို့ကွယ်၊ ပတ်ဝန်းကျင်က မကြားဝံ့ မနာ သာ ပြောနေဆိုနေကြတာကိုရော မင်းတို့ မကြားမိဘူးလား”

“မင်းကလည်းကွာ . . . မောင်ထွန်းမင်းသန်းအနေနဲ့ တရားလက်လွတ်တော့ လုပ်မယ်မထင်ဘူး၊ မောင်ထွန်းမင်းသန်း ပြောစရာစကား ကျန်သေးတယ် မဟုတ်လား၊ ဆက်ပြောစမ်းပါဦး”

ဒေါ်ဒေါ်တစ်ယောက်တည်း လာတွေ့ဖြစ်ရင်တော့ အကျိုးသင့်အကြောင်းသင့် ပြောပြဖို့ ခက်ခဲမှာ သေချာသည်။ အခုတော့ ဦးပါလာသည့်အတွက် သူ့အဖို့ အသက်ရှူချောင်ရ သေးသည်။

“အလုပ်ခန့်ဖို့ကိစ္စကိုလည်း ဖြိုးကပဲ တောင်းဆိုတာပါ၊ ဒါကလည်း ဖြိုးသူငယ်ချင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်ဘက်က နေ ကူညီခဲ့တာတွေက ရှိပြီးသားလေ၊ ကျွန်တော်တွေးတာက ဒီကလေးမလေးနဲ့ ဖြိုးတို့ရဲ့ နက်ရှိုင်းမှုကို ကျွန်တော်တို့ ဘာမှ သိ ရသေးတာ မဟုတ်ဘူး၊ ဒီကလေးမကို မျက်စိအောက်မှာထားရင်း ဖြိုးကို သူ့စိတ်တိုင်းကျ ချယ်လှယ်လွှမ်းမိုးခွင့်ရမှာ မဟုတ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကျွန်တော် တွေးတယ်၊ သူ့အနေနဲ့ ကျွန်တော် ဝန်ထမ်းဖြစ်နေပြီဆိုတော့ တစ်ခုခု ဖြစ်လာခဲ့ရင် ကျွန်တော်တို့ဘက်က လက်ဦးမှု ယူလို့ရတယ်၊ ဖြိုးနဲ့ ဒီကလေးမကို ခွဲထုတ်ဖို့ကိစ္စကို အချိန်ယူလိုက်တဲ့သဘောပါပဲ ဒေါ်ဒေါ်၊ ကျွန်တော်တို့ မျက်ကွယ်ရာမှာဆိုရင် ဘာတွေဖြစ်လို့ ဘယ်အနေအထားရောက်ကြမယ်မှန်း မသိနိုင်ဘူး မဟုတ်လား”

သူ့စကားများကို ဦးကတော့ ခေါင်းတညိတ်ညိတ် လုပ်နေခဲ့သည်။

ဒေါ်ဒေါ်တစ်ယောက်ကတော့ ကွင်းလုံးကျွတ် သဘောမကျသေးတာ သေချာနေ၏။

“ဒါဆိုလည်း ပြီးတာပါပဲ၊ ဒီကလေးမကိစ္စကို မြန်မြန်ရှင်းလိုက်တာ အကောင်းဆုံးပဲနော်”

“စိတ်ချပါ ဒေါ်ဒေါ်၊ ဘယ်အကြောင်းဖြစ်ဖြစ် ကျွန်တော်ကျော်မိုးနဲ့ တိုင်ပင်ပြီး လုပ်ကြတာပါ။ ကျွန်တော်တို့မှာ အစီအစဉ်တွေ ရှိပါတယ်၊ ဒီကိစ္စကို ညင်ညင်သာသာ ကိုင်တွယ်မှ ဖြစ်မှာမို့လို့ပါ။ အခြေအနေ၊ အနေအထားအားလုံးကို သိရတာနဲ့ တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်မှာပါ ဒေါ်ဒေါ်”

“ဟုတ်သားပဲ အမေကြီးရယ်၊ မင်းမြေးအခြေအနေက ဘာမှန်းညာမှန်းမသိနဲ့၊ ဒီကလေးမလေးကို မျက်စိအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး လုပ်ယူလို့ရတဲ့ နည်းလမ်းတွေ အများကြီး ရှိနေပါတယ်၊ ပတ်ဝန်းကျင်က ပြောတာ ပြောပါစေ”

ဦးတို့ ဒေါ်ဒေါ်တို့နှင့် စကားသေသေချာချာ ပြောကြည့်မိ ဇာတ်လမ်း၏အတိမ်အနက်က ပို၍ရှုပ်ထွေးလာသလိုပင်။

ဒီဇာတ်ကိုတော့ သူ နိုင်အောင်ကမှ ဖြစ်တော့မည်။

ဒီလိုမှ မဟုတ်ရင်တော့ အရာရာအတွက် တရားခံဖြစ် မှာ သေချာနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၉ )

သူနှင့်ကျော်မိုးတို့ ပထမဆုံးလုပ်ဖြစ်သည့် အစီအစဉ်ကတော့ ဖြိုးပြည့်ထွန်းနှင့် ပွင့်လင်းစွာ ဆွေးနွေးခြင်းပဲ ဖြစ်၏။

ပထမတော့ သူနှင့်ဖြိုးပြည့်ထွန်း နှစ်ယောက်တည်း စကားပြောဖို့ဖြစ်၏။ နှစ်ယောက်တည်းဆိုရင် သူအနေနှင့် ကတိကဝတ်တွေ ရမ်းပေးမှာ စိုးသည်ဆိုသော အကြောင်းပြချက်ဖြင့် စကားဝိုင်းမှာ သုံးယောက်မျက်နှာစုံညီ ဖြစ်ခဲ့ရသည်။

"လေးလေးတို့အနေနဲ့ ဖြိုးကို ပွင့်ပွင့်လင်းလင်းပဲ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်၊ ဦးထွန်းကိုလည်း ဘာမှ အားနာနေစရာမလိုဘူး၊ လေးလေးတို့ သိချင်တာကတော့ ဥနဲ့ဖြိုးတို့ရဲ့ အနေအထားကိုပဲ ဖြိုး”

ဖြိုးပြည့်ထွန်း အနေခက်မည်စိုးသောကြောင့် သူကပါ ဝင်ပြီး စကားခင်းပေးရပြန်၏။ သူနှင့်ကျော်မိုးတို့ ယုံကြည်မှုတွေ ဗလပွဖြင့် စကားတွေ အန်ထွက်လာအောင် ဖြားယောင်းခဲ့ကြ၏။

“ဟုတ်တယ် ဖြိုး၊ ဥနဲ့ ပတ်သက်ပြီး ဖြိုး ဘာတွေရင်ဆိုင် နေရတယ်၊ ရှေ့ဆက်ပြီး ဘာတွေလုပ်ချင်သလဲဆိုတာကို အားမနာ တမ်း ပြောပြပါ၊ ဦးထွန်းနဲ့ ကျော်မိုးကို သူငယ်ချင်းတွေနေရာမှာ ထားပြီး တိုင်ပင်ပါဖြိုး၊ တခြားတစ်ယောက်ကို ဖွင့်တိုင်ပင်ရင် အဖြေမှန် ရနိုင်ကောင်းမယ် မထင်ဘူး၊ ဦးထွန်းပြောတာကို သဘောပေါက်လား ဖြိုး”

ဖြိုးပြည့်ထွန်းကို အကျပ်ကိုင်ခြင်းထက် ပျော့ပျောင်းစွာ ချည်းကပ်သိမ်းသွင်းမှုဗျူဟာကို ခင်းကျင်းမိသည်။

ဖြိုးပြည့်ထွန်းက စိတ်သဘောထား နူးညံ့ပျော့ပျောင်းသူမို့ အကြမ်းနည်းသုံးဖို့ မလွယ်မှန်း သိထားသည်ပဲ။

“ဦးထွန်းတို့က ဘာသိချင်တာလဲ”

“ဖြိုးနဲ့ ဥတို့ရဲ့အနေအထား၊ သူများပြောစကားတွေကို တော့ ကြားပြီးသားပဲဖြိုး၊ ဒီစကားသံတွေထက် ဖြိုးရင်ထဲက ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာမယ့် စကားတွေကိုပဲ ဦးထွန်းတို့ ကြားချင်တာ”

“ဟုတ်တယ် ဖြိုး၊ ဥနဲ့ ပတ်သက်ပြီးတော့ ဖြိုး ဘာတွေ ဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ”

သူတို့နှစ်ယောက်၏ ချော့မြူသိမ်းသွင်းမှုကို ဇဝေဇဝါဖြစ်ခြင်းလား၊ ယုံကြည်ရန် စဉ်းစားနေခြင်းလားတော့ မပြောတတ်ပေ။

ဖြိုးပြည့်ထွန်းတစ်ယောက် အဝေးကို ငေးကြည့်နေရင်း စဉ်းစားနေဟန်ပြုသည်။

ကျော်မိုးက တစ်စုံတစ်ခုပြောမည်အပြုတွင် လက်ရိပ်ခြေရိပ်ဖြင့် ဘာမှမပြောရန် သူတားမြစ်လိုက်၏။

“ဖြိုးနဲ့ဥတို့အကြောင်းကို ဖြိုးပြောပြတာထက် ဥပြောပြရင် ပိုသဘာဝကျလိမ့်မယ် ဦးထွန်း၊ ဥကိုပဲ မေးကြည့်ပါလား”

ဖြိုးပြည့်ထွန်း ပြောလိုက်သော စကားများကို ဘယ်လို နားလည်ရကောင်းမှန်း မသိ။

“ဖြိုးက မပြောပြနိုင်တဲ့ သဘောလား”

“ဖြိုး ပြောပြလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ဥ ပြောပြရင် ပိုကောင်းမယ်ထင်တယ်၊ ဦးထွန်းအနေနဲ့ ဥနဲ့ အဲဒီအကြောင်း ဆွေးနွေးကြည့်ပါလား”

“မဟုတ်သေးဘူးလေ ဖြိုး၊ လေးလေးတို့ အချင်းချင်း ပြောကြဆိုကြတာထက် သူစိမ်းတစ်ယောက်ရဲ့ စကားက ပိုပြီးအသက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်မှာလား ဖြိုး”

“ဖြိုး သဘောကတော့ ဦးထွန်းအနေနဲ့ ဥကို စိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း မေးကြည့်ပါ၊ ဘယ်စကားမျိုးပဲဖြစ်ဖြစ် ဥအနေနဲ့ ဦးထွန်းကို ပြောပြမှာ သေချာတယ်၊ ဦးထွန်းကို ဥက လေးစားတာ ဖြိုးအသိဆုံးပဲ”

“ကောင်းပြီလေ ဖြိုး၊ ဖြိုးမပြောပြနိုင်ရင်လည်း ဦးထွန်း အနေနဲ့ ဥနဲ့ဆွေးနွေးရလိမ့်မယ်”

“ဖြိုးနဲ့ပတ်သက်ပြီး ဦးတို့ချင်း စကားပြောကြတာ ပိုပြီး နည်းလမ်းကျပါလိမ့်မယ်”

တော်တော်လေးတော့ စိတ်အိုက်သွားမိသည်။

ဥအနေနှင့် ဘယ်လိုကျော့ကွင်းမျိုးမှာ ဆင်ထားသည်ကို အမှန်းရခက်နေ၏။

ဥကို မေးသင့်မမေးသင့် သူနှင့်ကျော်မိုးတို့ ခေါင်းချင်း ရိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရေးအခင်းမှာတော့ သူနှင့်ကျော်မိုးတို့ အဓိကထား တိုက်ရမည့်သူကို ကွင်းကွင်းကွက်ကွက် ရှာဖွေတွေ့ရှိခဲ့ပြီ။

ဉသည် ဖြိုးပြည့်ထွန်းကို အတော်လေး ထိန်းချုပ်ထားနိုင်၏။

"ပြဿနာကတော့ တဖြည်းဖြည်းနဲ့ ပိုနက်နဲလာပြီ ထင်တယ် အထွန်း၊ မင်းကို အညှို့ရိုက်မယ့်သဘောပဲနော်၊ မင်း သတိထားရမှာ တစ်ခုပဲ"

"ဘာများလဲ ကျော်မိုး"

"မင်း ဉနဲ့ သေသေချာချာ ဆွေးနွေးကြည့်လိုက်ပါ၊ သူ ဘာတွေပွင့်ထွက်လာမလဲဆိုတာ ငါတို့ စောင့်ကြည့်ရုံပဲ ရှိတယ်"

"ငါနဲ့ အဲဒီကောင်မလေးတွေ့တဲ့အခါ မင်းပါ အနားမှာ ရှိနေမှာ မဟုတ်လား ကျော်မိုး"

ဖြိုးပြည့်ထွန်းနှင့် စကားပြောသလို သုံးဦးသုံးဖလှယ် ဆွေးနွေးကြမည်အထင်ဖြင့် မေးလိုက်သည်။

"ငါ မပါဘူးလို့ စဉ်းစားထားတယ်၊ မင်းတို့နှစ်ယောက်ချင်း စကားပြောကြည့်လိုက်ပါ၊ ငါထင်ထားတဲ့အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာခဲ့ရင်တော့ ပွဲက မြန်မြန်နဲ့ ပြီးသွားနိုင်တယ်"

"မင်းသဘောက ဘာလဲ ကျော်မိုး"

ကျော်မိုးစကားတွေက တစ်စုံတစ်ရာကို ရည်ညွှန်းချင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



၏။

“ဒီလိုကွာ . . . ဥဆိုတဲ့ ချာတိတ်မက သူလုပ်နေကျ ထုံးစံအတိုင်း ဖြိုးကိုရော မင်းကိုပါ အသုံးချမှာ သေချာနေတယ်၊ ပထမတုန်းက သူ့ပစ်မှတ်က ဖြိုးဖြစ်ကောင်းဖြစ်မယ်၊ အခုအနေအထားမှာတော့ သူရဲ့အဓိကပစ်မှတ်၊ အဓိကသားကောင်ဟာ မင်းဖြစ်လာတော့မယ် အထွန်း၊ ဖြိုးနဲ့ ပတ်သက်ပြီး သူ ရသင့်သလောက်တွေ ရခဲ့ပြီးပြီ၊ မင်းဆီက ရသလောက်ယူဖို့ ကြိုးစားနေတာ သေချာတယ်၊ ဖြိုးက ဥကို အရမ်းယုံကြည်ပြီး အထင်တွေကြီးနေတယ်၊ ဖြိုးအတွက် သူလိုချင်တာကို မင်း ပေးချင်ပေးလိုက်၊ သူ့ဆီက တန်ရာတန်ကြေးလည်း ယူရင်ယူပေါ့ကွာ၊ တစ်ခုပဲ ငါ သတိပေးချင်တယ်၊ မင်းရဲ့နှလုံးသားတော့ မပါသွားစေနဲ့ အထွန်း”

“အေးလေ သူများသားသမီးကိုတော့ လက်လွတ်စပယ် မထင်ကောင်းပေမယ့် မီးစင်တော့ ကြည့်ကရမှာပေါ့ ကျော်မိုးရာ၊ သူ ငါ့ဆီက ဘာယူချင်တာလဲ၊ ငါ့နှလုံးသားကို သူ လုံးဝမရနိုင်ဘူး၊ ပြီးတော့ ဖြိုးကိုလည်း ငါ မပေးလိုက်နိုင်ဘူး၊ အဲဒီနှစ်ခုကလွဲလို့ ဘာမဆို ငါပေးနိုင်တယ်၊ မင်းပြောသလို တန်ရာတန်ကြေးအနေနဲ့တော့ သူ့ဆီက ငါဘာမှ မယူချင်ဘူး မိုးကျော်၊ အဆိပ်တွေပြည့်နှက်နေတဲ့ လူတစ်ယောက်ရဲ့သွေးသားကို ငါဘယ်တော့မှ တောင့်တမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါစိတ်ချတယ်၊ ဖြိုးအတွက် ဒီပွဲမှာ မင်း အလဲ ထိုးနိုင်မယ် ထင်တာပဲ"

"မင်းမပါဘဲ ဉနဲ့ငါ နှစ်ယောက်ချင်းတွေ့ဖို့ အမြန်ဆုံး စီစဉ်လိုက်တော့မယ် ကျော်မိုး"

ကျော်မိုးတွက်သမျှတွေက အားလုံးကွက်တိ မဖြစ်နိုင်ဘူး . . . ဟု ပြောလို့မရပေ။

ဉတစ်ယောက်ရဲ့ မာယာအောက်မှာ ဖြိုးပြည့်ထွန်းကို အမိ အရ ဆွဲထုတ်ရတော့မည်ပဲ။

ဉနှင့်နှစ်ယောက်ချင်းတွေ့ဖို့ကိစ္စမှာ သူ့အတွက် များများ အပင်ပန်းမခံလိုက်ရပေ။

ရုံးခန်းထဲမှာ အတူရှိနေစဉ်မှာပင် ညနေခင်းမှာ တစ်ခုခု စားရင်းသောက်ရင်း စကားပြောဖို့ တောင်းဆိုကြည့်လိုက်သည်။

ဘာတစ်ခုမှ ကွယ်ဝှက်မနေဘဲ ဉအနေဖြင့် အသာတ ကြည် လက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆင်းခါနီးမှပင် သူ ကြိုစောင့်နေမည့်ဆိုင်ကို အသိပေးလိုက်၏။

ပြောဆိုထားပြီးဖြစ်သည့် ညနေငါးနာရီတိတိတွင် သူထိုင်စောင့်နေရာဆိုင်ထဲသို့ ဥ,ရောက်လာသည်။

"စားရင်းသောက်ရင်း စကားပြောကြတာပေါ့ ဥ"

"ဥကလည်း ဦးထွန်းနဲ့ ပေါ့ပေါ့ပါးပါး စကားပြောချင်နေတာ၊ အလုပ်ထဲမှာဆိုတော့ ပြောရဆိုရတာ မလွတ်လပ်မပေါ့ပါးဘူးလေ"

သူခင်းသည့် စကားလမ်းကြောင်းထဲသို့ အလိုက်တသိပင် ဝင်လာ၏။ ကျွမ်းကျင်ရာ လိမ္မာ . . ဆိုသလို မာယာများဖြင့် ပြည့်နှက်နေသော နှုတ်ခမ်းသည် မုသားတွေကို တွင်တွင်သုံးပြနေ၏။

"အခု ဦးထွန်း ပြောချင်တာ၊ မေးချင်တာတွေက အလုပ်နဲ့ မပတ်သက်တာတော့ သေချာတယ်၊ ပထမဆုံး ဦးထွန်း သိချင်တာကတော့ ဖြိုးအပေါ် ဥ, ဘယ်လိုသဘောထားလဲဆိုတာပဲ"

"ဘာကို ဘယ်လိုသဘောထားလဲ ဦးထွန်း"

"ပွင့်ပွင့်လင်းလင်းပြောမယ် ဥ၊ ဥနဲ့ ဖြိုးတို့ရဲ့ အခြေအနေက ဘယ်လိုလဲ"

"သြော် . . . ဒါကို မေးတာလား၊ ဘယ်လိုမှ မနေပါဘူး၊ အခု လက်ရှိအမြင်အတိုင်းပဲ၊ ဖြိုးက ဥအပေါ် သံယောဇဉ်ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကူညီတယ်၊ အဲဒီအတွက် ဖြိုးကို အဆက်အဆံလုပ်တယ် ဒါပါပဲ ဦးထွန်း”

“မဟုတ်သေးပါဘူး . . . တစ်ခုခုတော့ လွဲနေပြီ ဥ၊ ဦးထွန်း အနေနဲ့ ဥနဲ့ပတ်သက်ပြီး ဖြိုးကို မေးကြည့်ပြီးပြီ၊ ဥတို့နှစ်ယောက်ရဲ့ အခြေအနေကို သူပြောတာထက် ဥပြောတာက ကောင်းမယ်လို့ ပြောလို့ ဥနဲ့ စကားပြောနေရတာဥ၊ ဥ ဘာဖြစ်ချင်လဲ . . . ဦးထွန်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရတယ်”

သူပြောသော စကားအကျအနကို စေ့စပ်စွာ နားစိုက်နေပြန်၏။

ပြီးစလွယ်မဟုတ်သော မျက်နှာထားဖြင့် ဥ,ပြန်ပြောသည်။

“ဖြိုးပြောတာ မှန်သားပဲ၊ ဥနဲ့ဖြိုးကြားမှာတော့ ပြောစရာ ထွေထွေထူးထူးမှ မရှိတာပဲ၊ ဖြိုးနဲ့ဥအနေအထားက စောစောက ပြောပြီးခဲ့သလိုပဲလေ”

“မဟုတ်သေးပါဘူး ဥ၊ ဦးထွန်း ထပ်မေးမယ်၊ အခုလို နေထိုင်ဆက်ဆံနေတာ ဖြိုးအပေါ် တကယ်သံယောဇဉ် အစစ်အမှန်နဲ့လား ဥ၊ ဦးထွန်းအနေနဲ့ အခုလို စိတ်ရှုည်လက်ရှည်မေးနေရတာကို ဥ သဘောပေါက်ပါ၊ ဦးထွန်းရင်ထဲမှာ ဘာဖြစ်မယ်ဆိုတာကို မိဘချင်းကိုယ်ချင်းစာကြည့်ပါ၊ ဥမှာက အမိရော အဖ



www.burmeseclassic.com

www.burmeseclassic.com



ရောရှိပါသေးတယ်”

“ခက်တယ် ဦးထွန်း၊ ဖြိုးနဲ့တွေ့ကတည်းကိုက ဒီနေ့အထိ ဘာတွေဖြစ်မှန်းကို မပြောပြတတ်ဘူး ဦးထွန်း၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါ့မယ်၊ ဖြိုးကို စတွေ့တော့ ကိုယ့်အတွက် လိုရာသုံးဆိုပြီး ချိတ်ထားဖြစ်တာ အမှန်ပဲ၊ ဉ,တွေ့ဖူးဆက်ဆံဖူးတဲ့ ယောက်ျားတွေ လိုပဲ သဘောထားမိတယ်၊ တကယ်တမ်းကျတော့ ဖြိုးရဲ့ အဖြူသက် သက်ကို မြင်လိုက်ရသလိုပဲ၊ အဲဒီမှာ ဖြိုးကို ခင်သွားမိတာ”

“သေချာရဲ့လား ဉ၊ ခင်သွားတယ်ဆိုတဲ့အတိုင်းအတာက ဘယ်လောက်ထိ ကြီးမားနေလဲဉ၊ ဖြိုးကတော့ ဉနဲ့ပတ်သက်လာရင် ဘာမဆို လုပ်ဝံ့နေတဲ့လူတစ်ယောက်လို ပတ်ဝန်းကျင်ကို လုံးဝမေ့ လျော့နေတော့တာပဲ၊ တကယ်ပဲ မင်းနဲ့ဖြိုး ဒီနေ့အထိ မငြိစွန်းကြ ဘူးလား”

“ဘာငြိစွန်းစရာ ရှိမှာလဲ ဦးထွန်း၊ ဖြိုးလိုချင်တာက ချစ်ခြင်းမေတ္တာ၊ အဲဒီချစ်ခြင်းမေတ္တာကို ဉမှ မယုံကြည်ဘဲ၊ ဉ,မှာလည်း ရှိမနေဘူး၊ ပေးစရာလည်း မရှိဘူး ဦးထွန်း၊ ဉ,လို မိန်းကလေးမျိုး ဆီက ချစ်ခြင်းမေတ္တာကို ရဖို့ဆိုတာ တကယ်မလွယ်တဲ့ကိစ္စပဲ၊ တကယ်ပဲ ဖြိုးကို ဉပြောထားဖြစ်တဲ့စကားပါ၊ ဉကို ချစ်တယ်လို့ ဘယ်တော့မှ မပြောပါနဲ့လို့၊ ဉနဲ့ ဒီတစ်သက် အဆက်အဆံမလုပ် တော့ဘူးဆိုမှ ချစ်တယ်ဆိုတဲ့ စကားကို ပြောဖို့ ဉပြောပြီးသား၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေ နှုတ်ဖျားက ပြောနေကျ အဲဒီစကားကို ဥ,အယုံအကြည်မရှိဘူး၊ ဒီတော့ ဖြိုးကိုလည်း အဲဒီစကားမျိုး မပြောစေချင်ဘူး”

ရှင်းလေရှုပ်လေ ဖြစ်နေတော့မည်လား။ သူ မထင်မှတ်ထားသော စကားတွေ၊ မာယာတွေဖြင့် လမ်းမှားအောင် ထောင်ချောက်ဆင်ပြီ ထင်၏။

“ကောင်းပြီလေ၊ ဖြိုးနဲ့ စတွေ့တဲ့အချိန်ကစပြီး ဒီနေ့အထိ အခြေအနေတွေကို ဥ,ပြောပြလို့ ဖြစ်မလား”

“ရပါတယ် ဦးထွန်း၊ ဦးထွန်း စိုးရိမ်မကင်းဖြစ်နေတာကိုလည်း ဥ နားလည်တယ်၊ ဥ ပြောပြပါ့မယ်၊ ဖြိုးနဲ့ ပတ်သက်ပြီးတော့ ဥပြောပြမယ့်စကားတွေက အလိမ်အညာ ကင်းပါတယ်၊ ဖြိုးနဲ့ စတွေ့ကတည်းက ဦးထွန်းအကြောင်းကို ဖြိုးက အမြဲပြောပြတယ်၊ အဲဒီအချိန်ထဲက စိတ်ထဲမှာ ဦးထွန်းနဲ့ ပတ်သက်ပြီး ဘယ်လိုပြောရမှန်း မသိဘူး၊ လူချင်းဆုံဖြစ်ပြန်တော့ ဒီတိုင်းပဲ၊ ဦးထွန်းရှေ့မှာ အခက်အခဲတွေ ကြုံတွေ့ရတာတွေကို အားကိုးတကြီးနဲ့ အလိုလိုပြောပြချင်စိတ်တွေ ဖြစ်မိတယ်၊ ဦးထွန်း ရဲရဲကြီး ယုံကြည်လိုက်ပါ၊ ဖြိုး ဒုက္ခရောက်အောင် ဘယ်တော့မှ မလှည့်စားဘူး၊ အခုလည်း ဖြိုးနဲ့ စတွေ့ဖြစ်တာရော၊ ပတ်သက်ခဲ့တာတွေကိုပါ ဦးထွန်းသိအောင် ဥ, ပြောပြမယ်”

www.burmeseclassic.com

www.burmeseclassic.com



စကားတွေက နားထောင်ကောင်းပေမယ့် မယုံတစ်ဝက် ယုံတစ်ဝက်ပင်။

ဒီလို မိန်းကလေးမျိုးကို ကရုဏာဖြစ်ခဲ့ရင်း သူလည်း ဒုတိယ ဖြိုးပြည့်ထွန်း ဖြစ်လာမှာ သေချာနေ၏။

မေးလက်စ, စကားတွေမှ တာဝန်အရသာ နားထောင်နေ ဖြစ်ခဲ့သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (နှစ်)

သစ္စာစကားမို့
မေတ္တာနှားနဲ့ ကြားယောင်ကျွယ် ... ။
သူ့ဂုဏ်ကိုယ့်ဂုဏ်
သံယောဇဉ်သည်
မပြုင်တည်ရာ
သံသရာမှာ ... ဖန်လာသည့်မျိုး
မချည်ကြိုးမို့ ဖြုတ်ခက်တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁ )

ဦးအောင်မြင့်နှင့်ပတ်သက်ပြီး ပေးဆပ်လိုက်ရခြင်းတွေကတော့ သူမ၏ဂုဏ်သိက္ခာအချို့ပင်ဖြစ်၏။ ဒီအတွက် သူမမှာတော့ စုမိဆောင်းမိဖြစ်သွား၏။ သူမနှင့်ဦးအောင်မြင့်တို့ ခရီးဆုံးတစ်ခုသို့ မရောက်ခင်မှာပင် ဦးအောင်မြင့်၏ဇနီးက ပွဲထကြမ်းသည်။ နောက်ဆုံးအခြေအနေအရ အလုပ်မှပင် သူမ ထွက်ခဲ့ရ၏။

အလုပ်လက်မဲ့ဖြင့် ရန်ကုန်မှာ ရက်အတော်ကြာ နေဖြစ်သေးသည်။ ဦးအောင်မြင့်အနေဖြင့် သူပေးလိုက်ရသမျှနှင့်ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



အောင် သူမဆီမှ လျော်ကြေးရအောင် အစီအမံများလုပ်လာ၏။

နောက်ဆုံးမှာတော့ ရန်ကုန်မှ ခြေရာဖျောက်ရန်အတွက် သူမ မိဘတွေရှိရာသို့ ပြန်လာဖြစ်သည်။

အဖေတို့ အမေတို့ကတော့ ရိုးသားပြီး သူမအလိုကို လိုက်သလို သံယောဇဉ်လည်း ကြီးကြသူများဖြစ်၏။ အဖေတို့ အမေတို့မှာ သူမမှလွဲ၍ တခြားမွေးချင်း မရှိတာလည်း ပါမည်ထင်သည်။

သူတို့ကျေးဇူးတွေကို သူမ ဆပ်နေချင်သည်။

အသက်အရွယ်ရလာပြီမို့ သူမတာဝန်တွေကို သူတို့ မယူစေချင်။ သူမအနေဖြင့် ကြုံရာဘဝမှာ ကျင်လည်ရင်း အဖေတို့ အမေတို့ တင့်တောင့်တင့်တယ် ထားချင်လှ၏။

"အဖေ"

"သမီးလေး နိုးလာပြီလား၊ သမီးအမေကတော့ သမီးလေး စားဖို့သောက်ဖို့ အဆင်သင့်ဖြစ်အောင် လုပ်နေရှာတယ်"

သူမ ရောက်ပြီဆိုကတည်းက အမေရော အဖေပါ စိတ်လှုပ်ရှားပြီး သူမအတွက် ပင်ပန်းမည်ကို သိနေ၏။

"သမီး ပြောစရာရှိလို့ အဖေ"

"ဘာများလဲ သမီး"

သူမလက်ထဲတွင် ပါလာသော ငွေတွေကို ဒီတိုင်း မထားချင်။ သူမအတွက် ဘာမှမဖြစ်တောင်မှ အဖေတို့အတွက် တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



လေး အဖတ်တင်စေချင်၏။ သူမလက်ထဲမှာ ထားရင်တော့ သုံး လိုက်ဖြုန်းလိုက်နှင့် ခဏလေးကုန်သွားမှာ သေချာသည်။

"အခု အဖေတို့နေတဲ့ အိမ်ကို ပြန်ပြင်ပြီး အသစ်ဆောက် ပေးမလို့ ကုန်ကျစရိတ်ကို အဖေ တွက်ပေးပါလား"

"အခုအတိုင်းလည်း နေလို့ရနေတာပဲ သမီးရယ်၊ သမီး အတွက်ပဲ တစ်ခုခု လုပ်လိုက်ပါ။ အဖေတို့မှာက အဖြစ်စေချင်ဆုံး ဆန္ဒတစ်ခုပဲရှိတယ် သမီး၊ ငါ့သမီးလေးနဲ့ မကွဲမကွာ အေးအေးချမ်း ချမ်း နေချင်တာပါပဲ"

"ဒီတစ်ခါတော့ အဖေတို့နဲ့ တော်တော်ကြာအောင်နေဖြစ် မှာပါ။ အဖေတို့အတွက်လည်း တစ်ခုခု လုပ်ပေးချင်လို့လေ"

ရိုးသားပြီး သူမကို ချစ်မြတ်နိုးသော ဖခင်ဖြစ်သူခမျာ၊ နောက်ဆုံးမှာတော့ သူမစကားကို လိုက်လျောခဲ့ရ၏။

ဒီအဖေ၊ အမေ၏ မေတ္တာတရားကို ကြုံရလေတိုင်း သူမ အိပ်မက်ဆိုးတွေထဲက မျက်နှာနှစ်ခုကို မတွေ့ချင်လောက်အောင် ဖြစ်ခဲ့ရ၏။ တကယ်တမ်းမှာလည်း ထိုမျက်နှာနှစ်ခုကို ဒီနေ့အထိ မှတ်မိထင်ရှားစွာ သူမ တွေ့ခွင့်မရခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အသစ်ပြင်ခြင်း၊ ပစ္စည်းများ ဝယ်ခြင်းတွေကြောင့်ပင် သူမစိတ်တို့ တည်တည်ငြိမ်ငြိမ်လေး ဖြစ်ခဲ့ရ၏။ ထိုအခြေအနေမှာ တစ်လပင် ပြည့်မြောက်ခဲ့ခြင်း မရှိခဲ့ပေ။

အိမ်အသစ်ရုပ်လုံးပေါ်ပြီး အမိုးအကာတွေဖြစ်နေချိန်မှာပင် သူမစိတ်တို့ တစ်မျိုးတစ်မည် ဖြစ်လာရသည်။ လက်ထဲတွင်လည်း ငွေစ,ကြေးစ မရှင်တော့တာလည်း ပါမည်ထင်၏။

"နောက်သုံးလေးရက်လောက်ဆိုရင်တော့ သမီး ရန်ကုန် ပြန်တော့မယ် အဖေ"

ကြားလိုက်ရသောစကားကြောင့်ပင် သောက်လက်စ ရေနွေးခွက်ကိုပင် ကပျာကယာ အမေလွှတ်ချလိုက်၏။

"ဘာပြောလိုက်တာလဲ သမီးလေးရယ်၊ သမီးအဖေက တော့ သမီးလေး ဒီမှာပဲနေမှာဆိုပြီး ပျော်နေတာ၊ သမီးအတွက် အခန်းကိုတောင် သူ့စိတ်တိုင်းကျ ဖွဲ့ပေးနေတာ သမီး"

"နေချင်တာပေါ့ အမေရယ်၊ အမေတို့နဲ့ မခွဲမခွာဘဲ နေချင်တယ်၊ သမီးအလုပ်က ရန်ကုန်မှာပဲ အဆင်ပြေတာလေ၊ ပြီးတော့ သမီးကျောင်းတက်နေတာလည်း မပြီးသေးဘူး၊ ဘွဲ့ရလို့ အလုပ် အတည်တကျဖြစ်ပြီ အေးအေးချမ်းချမ်း နေနိုင်ပြီဆိုတော့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ကို ရန်ကုန်မှာ အပြီးခေါ်ထားမှာ သိလား”

“အဲဒီလို နေရဖို့က ဘယ်လောက်များ ကြာဦးမှာလဲ သမီး ရယ်၊ အမေတို့က အသက်ကြီးပြီ၊ သမီးကလည်း အရွယ်ကောင်း၊ ဒီကလူတွေစကားက အမျိုးမျိုး ကြားနေရတယ်၊ အဝေးမှာ သမီးကို ခွဲထားရတာ နေ့နေ့ညည ရင်မ,နေရတာ သမီး”

နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ရင်း ကျောင်း တက်နေသည် . . . ဟု မိဘတွေကို ဖုံးကွယ်ထားမိသည်။ သူမနေပုံ ထိုင်ပုံတွေကို အမေတို့သာ သိရင်တော့ ရင်ကွဲပက်လက်ဖြစ်ကြမှာ သေချာ၏။

“မကြာပါဘူး အမေရဲ့၊ အခုဆို ဒီအိမ်လေးကိုတောင် ပြန် ဆောက်ပေးနိုင်ပြီ၊ နောက်သုံးလေးနှစ်လောက်ဆိုရင် အမေတို့ကို ခေါ်ထားနိုင်ပါပြီ”

“နောက်သုံးလေးနှစ်တောင် . . . ”

အမေ့မျက်နှာလေး အိုစာသွားသည်ကို ကြည့်ပြီး စိတ်မ ကောင်းဖြစ်ရသေး၏။

အမေတို့ သံယောဇဉ်ဖြင့် ဒီမှာနေရင် ရှိတာတွေသာ ကုန် သွားမည်။ ဒီနေရာဒီဒေသမှာတော့ ဝင်ငွေရအောင် သူမ မရှာဖွေ တတ်။ ပြီးတော့ အမေတို့ သိက္ခာကို ငဲ့ကွက်သည့်အနေဖြင့် ဒီဒေသ မှာ အခြေမချသင့်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ကိုလည်း အမေပဲ နားလည်အောင် ကြည့်ပြောပေးနော်"

"ဥ, အဖေကတော့ ဥ, ဒီမှာပဲ နေတော့မယ်ဆိုပြီး ပျော်နေတာကွဲ့၊ ဥတစ်ယောက် ရန်ကုန်ပြန်တော့မယ်ဆိုတဲ့သတင်းကို ကြားရင်တော့ စားဝင်အိပ်ပျော်မှာ မဟုတ်တော့ဘူး"

လွယ်လွယ်ရ လွယ်လွယ်သုံးဘဝတွင် ကျင်လည်ခဲ့သူမို့ ဒီပြင်အလုပ်တစ်ခုကို စိတ်ရှည်စွာဖြင့် မလုပ်ချင်တာ အမှန်ပင်။ ပိုးဖလံမျိုး မီးကို တိုးဆိုသလို ဒီသံသရာထဲသို့ တစ်ဖန်ပြန်ဝင်ဖို့ပဲ အာရုံစောနေမိ၏။

သူမ ရန်ကုန်မှ ထွက်ခဲ့တုန်းက တစ်နှစ်စာ အဆောင်ခ ပေးခဲ့ပြီးဖြစ်၏။

အမေတို့ဆီမှာ တစ်လမပြည့်တပြည့်နေတယ်ပဲထားဦး။ အရင်နေခဲ့သည့်လတွေနှင့် ပေါင်းလိုက်ရင် နောက်ထပ်လေးလလောက်တော့ အဆောင်ခ ပူစရာမလိုပေ။ အမေတို့ သုံးဖို့ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမလက်ထဲတွင်လည်း ငွေရှစ်သောင်းလောက်ပါလာသေး သည်။

အဆောင်မှာ ခဏနေရင်း အမေတို့ ပေးဖို့နှင့် သူမ သုံးနိုင် ဖြုန်းနိုင်အောင် အလုပ်တစ်ခု ဝင်လုပ်မည် . . . ဟု စိတ်ကူးမိသည်။

ရန်ကုန်မြေသို့ နင်းနင်းချင်းမှာပင် သူမအတွက် လုံးဝ အတိတ်နိမိတ်မကောင်းခဲ့ပေ။

"ဟာ . . . ဘယ်လိုဖြစ်ရတာတုန်း"

သူမ ဝင်လာကတည်းက အဆောင်မှလူများ တွတ်တိုးနေတာကို သတိတော့ ထားမိသား။ သူမအခန်းမှာ သော့မပိတ်ဘဲ အခန်းတံခါးပွင့်နေ၏။ ပြီးတော့ အခန်းထဲမှာလည်း တခြားသူတစ်ဦး ရှိနေသည်။ ဒါဆို သူမပစ္စည်းတွေ . . .

"မရွှေဥက အခုမှ ပေါ်တော်မူလာတာကိုး"

သူမကို ကောင်းချီးပြုလိုက်သော အဆောင်ပိုင်ရှင်၏ အသံ။

သူမကလည်း အဖြစ်အပျက်တွေကို သိရအောင် မေးမြန်းလိုက်၏။

"ဒါက ဘယ်လိုဖြစ်ရတာလဲ ဒေါ်ဒေါ်၊ အခု အခန်းကို ဘာကြောင့် တခြားလူတွေ တင်ထားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညည်းလုပ်ချင်တာတွေလုပ်ပြီး သွားချင်တဲ့နေရာ သွားတာကို ငါက သည်းခံပြီး စောင့်ရမှာလား၊ ညည်း ဘာတွေလုပ်ပစ်ခဲ့ပြီး ထွက်သွားတယ်ဆိုတာကို ကိုယ့်ဘာသာ အသိဆုံးနေမှာပါ၊ ညည်းကို ငါ့အဆောင်မှာ မထားနိုင်ဘူး၊ ငါလည်း ညည်းအတွက် ပြဿနာ ထိုင်မရှင်းနိုင်ဘူး၊ ငါ့အဆောင်က မိန်းကလေးတွေလည်း ညည်းအတွက်နဲ့ သိက္ခာကျတယ်"

အဆောင်ပိုင်ရှင်နှင့် ဆက်ပြောနေလျှင် ပြဿနာပိုဖြစ်တော့မည်။ ဦးအောင်မြင့် ပြဿနာက အဆောင်ထိရောက်အောင် မွှေခဲ့ပြီထင်၏။ ကိစ္စမြန်မြန်ပြတ်ချင်သည့်အနေဖြင့် ကျန်ရစ်ခဲ့ သော သူမပစ္စည်းတွေကိစ္စကို မေးလိုက်ရသည်။

"ဒါကတော့ ဒေါ်ဒေါ့်သဘောပါပဲ၊ ဥ, ကျန်ခဲ့တဲ့ပစ္စည်းတွေကို ဒေါ်ဒေါ် ဘယ်လိုလုပ်ထားလဲ"

"ငါက ညည်းအရှုပ်ကို မရှင်းနိုင်ဘူးလေ။ ညည်းနဲ့ပေါင်းနေတဲ့ ခင်ချိုမြင့်ကို ပေးလိုက်ပြီ၊ ခင်ချိုမြင့်ရှေ့ အဆောင်ကလူတွေ ရှေ့မှာပဲ ညည်းအခန်းသော့ကို ဖွင့်ပစ်ခဲ့တာ၊ တစ်ခုမကျန် ခင်ချိုမြင့် လက်ထဲအပ်လိုက်တယ်"

"ကောင်းပြီ ဒေါ်ဒေါ်"

တကယ်တမ်းကျတော့ လက်ကျန်အခန်းခများကို ရှင်းဖို့ကိစ္စ ရှိနေသေး၏။ မြေနိမ့်ရာ လှံစိုက်ချင်သူတွေကြားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာမနေချင်။ ကိစ္စပြတ်ပြီးမို့ အဆောင်မှ အမြန်ထွက်လာခဲ့ရ၏။

"အသက်ငယ်ငယ် ရုပ်ကလေးလှသလောက်တော် . . ."

အဆောင်ပိုင်ရှင်ဖြစ်သူ၏ စကားသံများ၊ တွတ်ထိုးပြီး ဝိုင်းအုံကြည့်နေကြသော မျက်လုံးများနှင့် ဝေးရာသို့ ပြေးထွက်ခဲ့ရ၏။

ရန်ကုန်သို့ ရောက်ရောက်ချင်းမှာတော့ ကံမကောင်းခြင်းတွေက ခရီးဦးကြိုပြုနေ၏။

ခင်ချိုမြင့်တစ်ယောက်ကတော့ လက်ခံအားပေးနိုင်လိမ့်မည် . . . ဟု တွေးကာ ခင်ချိုမြင့် ဖွင့်ထားသော ပြုတီပါလာသို့ ထွက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၂ )

ဇောနှင့်မို့ ပါလာသည့်ပစ္စည်းများကို ဂရုမပြုနိုင်။ ခင်ချို မြင့်ဆိုင်ခန်းက အပေါ်ဆုံးထပ်မှာ။ သူမ အဝတ်အစားများက တစ်အိတ်၊ အမေထည့်ပေးလိုက်သော စားစရာသောက်စရာများ က ခြင်းတောင်းအပြည့်။

ငှားလာသော ကားသမားကို အကူအညီတောင်းပြီး ဓာတ် လှေခါးဝအထိ လိုက်ပို့ခိုင်းရသည်။

သူမ ဖြစ်ပျက်နေပုံကို လူတွေက ကွက်ကြည့်ကွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြ၏။

"ကလေးမက ဘယ်ကိုသွားမှာလဲ"

"ခြောက်ထပ်က ခင်ချိုမြင့်ဆိုင်သွားမလို့"

အရင်တုန်းကတော့ ခင်ချိုမြင့်ဆိုင်သို့ မကြာခဏ လာတတ်သည်။ အခု ဓာတ်လှေကားမောင်းသူက အသစ်ဖြစ်မည် ထင်၏။ လက်စနှင့်မို့ ဓာတ်လှေကားမောင်းသူကို ပိုက်ဆံပေးရင်းက ခင်ချိုမြင့်ဆီရောက်အောင် ပစ္စည်းတွေ ကူသယ်ခိုင်းရတော့၏။

"ဟယ် . . . ဉတို့ကတော့ အခုမှပဲ ရောက်ချလာတော့တယ်"

အထုပ်အပိုးတွေနှင့် ပျာယာခတ်နေသော သူမကို အသာတကြည်ကြိုဆို၍ အမောပြေသွားရသည်။

"မပြောချင်တော့ပါဘူး ခင်ချိုမြင့်ရာ၊ ငါ အဆောင်ကနေနင့်ဆီ တန်းလာခဲ့တာ၊ ဒီပစ္စည်းတွေကိုလည်း ဘယ်မှ လွှင့်ပစ်လို့မရဘူး ဖြစ်နေတယ်"

တကယ်တော့ အထုပ်အပိုးက များများစားစားတော့မဟုတ်။ သူမ၏ အဝတ်အိတ်နှင့် အမေထည့်ပေးလိုက်သော စားစရာခြင်းတောင်းသာ ပါ၏။ ကာလဒေသနှင့် မလိုက်ဖက်မှန်း သိ၍သာ အားနာစကား ပြောလိုက်ရခြင်း ဖြစ်၏။

"ကဲ မောင်လေးရေ . . . ဒီအိတ်နဲ့ခြင်းကို ဟိုဘက်အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ရွှေ့ထားပေးခဲ့ပါဦးကွယ်”

ခေတ်လေ့ကားမောင်းသူအဖို့ ကူညီရတာတွေ များနေပြီ ထင်၏။

“နင် အလုပ်များနေလား ခင်ချိုမြင့်”

“အေးဟာ . . . နင် အေးအေးဆေးဆေး ထိုင်နေဦး၊ ဧည့်သည်တွေကို ကောင်မလေးတွေနဲ့ ဒီအတိုင်း လွှတ်ထားလို့ မဖြစ်သေးဘူး၊ အေးအေးကျမှ စကားပြောကြတာပေါ့ဟာ”

သူမကို ဧည့်ခန်းထိုင်ခုံမှာ ထိုင်ခိုင်းပြီး ခင်ချိုမြင့်တစ်ယောက် အခန်းထဲ ပြန်ဝင်သွားသည်။ ဗျူတီပါလာ . . . ဟု အမည်တပ်ထားသော်လည်း အမျိုးသမီးမိန်းကလေးများ ခင်ချိုမြင့်ဆိုင်သို့ အလာနည်း၏။

ခင်ချိုမြင့်ဆီမှာ လက်သင်ကောင်မလေးတွေ ဆယ်ယောက်လောက်ရှိသည်။

ခင်ချိုမြင့် အလုပ်အကိုင် အဆင်ပြေနေသောကြောင့် သူမအတွက် အားကိုးစရာတစ်ခု . . . ဟု ဖြည့်တွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို"

အချိန်အတော်ကြာမှ ဧည့်ခန်းစားပွဲမှာ သူမတစ်ယောက်တည်း မဟုတ်မှန်း သတိထားဖြစ်၏။ ရေခဲသေတ္တာဖွင့်သံ၊ ပြီးတော့ သူမသောက်ဖို့ ရေသန့်ဘူးနှင့် ရေခွက်ကို လာချပေးတော့မှ သူ့ကို သတိထားဖြစ်တော့သည်။

"ဒီအခန်းထဲကို စဝင်လာကတည်းက ခင်ဗျား အမောပြေမယ့်ပုံ မပေါ်သေးဘူး၊ ဘေးပတ်ဝန်းကျင်ကိုလည်း ဂရုမထားအားသေးဘူး၊ စိတ်အေးအေးထားပြီး အမောပြေ ရေတစ်ခွက်လောက်သောက်လိုက်ဦး"

အမိန့်ပေးသလို မဟုတ်ဘဲ စာနာမှုဖြင့် ခိုင်းစေလိုက်သော လူရွှယ်ကြောင့်ပင် အံ့အားသင့်ရသည်။

"ကျေးဇူးပဲ"

ရေသောက်ရင်းကပင် လူရွှယ်ကို အကဲခတ်မိသည်။

ခင်ချိုမြင့်နှင့် ပတ်သက်နေသူများလား။ ရုပ်ရည်သန့်ပြန့်ပြီး မိန်းမချော, ချောနေသူပင်။ သူမထက်တော့ အသက်အနည်းငယ်ခန့် ကြီးမည်ထင်၏။

"နယ်ကနေ လာတာလား၊ ကျွန်တော့်သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခေါ်နေတဲ့ စောစောက မမချိုနဲ့ ဘာတော်လဲ”

သူမ စဉ်းစားနေသည်များကို ကွဲကွဲပြားပြားဖြစ်သွားစေသည့်စကား။

ကြည့်ရတာ ဒီဆိုင်ကို လာသော ဧည့်သည်ပဲ ဖြစ်ရမည်။ လူကျပြီး အခန်းမအားသေးသောကြောင့် အလှည့်စောင့်နေရဟန်တူသည်။

“ဉ,က ခင်ချိုမြင့်ရဲ့ သူငယ်ချင်းလေ၊ အခုလောလောဆယ်မှာတော့ နယ်ကနေ လာခဲ့တာ ဟုတ်တယ်၊ ဒါပေမဲ့ ခင်ချိုမြင့်နဲ့ သိနေတာတော့ ကြာပါပြီ၊ သူကရော . . . လူမအားသေးလို့ ဒါမှမဟုတ် သူနဲ့ အမြဲတွေ့နေကျ ကောင်မလေး မဟုတ်လို့ စောင့်နေတာလား”

“ဒီနေရာကို ဖြိုးရောက်ဖူးတာက ဒုတိယအကြိမ်မြောက်ပဲ၊ ပထမတစ်ခါက သူငယ်ချင်းတွေခေါ်လို့၊ ဒီတစ်ခေါက်က သူတို့ကို အကြွေးဆပ်စရာရှိလို့ ဒီကို လိုက်ပို့ပေးရတာ”

ကြားကြားချင်းမှာတော့ အူလည်လည်ဖြစ်သွားသေး၏။ ပြီးမှ ဖြည်းဖြည်းချင်း သဘောပေါက်ရသည်။

“အညောင်းပြေ၊ အညာပြေချင်တဲ့ စိတ်လေးတောင် မဖြစ်ဘူးလား၊ ဒီနေရာကို ရောက်လာပြီးမှ ဒီတိုင်းကြီး ငုတ်တုတ်ထိုင်နေတာ မပျင်းဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ဝင့်ကျွေးပေ့ါဗျာ၊ ဖြိုးမှ အဲဒီလို နင်းတာနှိပ်တာ ဝါသနာမှ မပါတာ၊ ပထမအခေါက်တုန်းကလည်း ဒီလိုငုတ်တုတ်ပဲ၊ ဒီတစ်ခါတော့ စောင့်နေရမယ့်တူတူ ဆံပင်ညှပ်ရင် ကောင်းမလားလို့ စဉ်းစားပါသေးတယ်၊ သူ့လူနဲ့သူ ပြည့်နေတော့ ဘာမှမပြောဘဲ ဒီတိုင်းထိုင်နေလိုက်တာ"

ရုပ်ရည်လက္ခဏာနှင့် ဝတ်ပုံစားပုံက အဆင့်ရှိနေသော်လည်း စကားပြောပုံကတော့ အူတူတူလေး ဖြစ်ပုံရသည်။

သားကောင်ကို တွေ့လိုက်သော မုဆိုးပမာ စကားမြား တွေ ပစ်ထည့်လိုက်၏။

"ဥ,ကို ယုံတယ်ဆိုရင် ဥညှပ်ပေးမယ်လေ၊ ဆံပင်ကောင်းကောင်း ညှပ်တတ်ပါတယ်၊ ဘယ်လိုလဲ"

"မဆိုးပါဘူး၊ ဒီတိုင်း စကားထိုင်ပြောနေတာထက်စာရင်တော့ အလုပ်ဖြစ်သွားတာပေ့ါ၊ ညှပ်တတ်တာတော့ သေချာပါတယ်နော်"

"သေချာပါတယ်ရှင်၊ တစ်ခုခု အတိမ်းအစောင်း ရှိခဲ့ရင်ပဲဖြစ်ဖြစ်၊ စိတ်တိုင်းမကျတာ ရှိခဲ့ရင်ပဲဖြစ်ဖြစ် တစ်ဘဝလုံး အလျော်ပေးဆို ပေးမယ်လို့ အာမခံပါတယ်ရှင်"

အူတူတူလေးကို သိပ်ပြီး မစည်းရုံးလိုက်ရပေ။

ဒါမျိုးတွေ အတွက်တော့ ထမင်းစားရေသောက်လို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ။

“သူ့နာမည်က ဖြိုးတဲ့လား၊ နာမည်က မိန်းကလေးဆန်သလိုပဲ”

“ဖြိုးတစ်လုံးတည်းတော့ မဟုတ်ဘူး၊ ဖြိုးပြည့်ထွန်းတဲ့၊ အိမ်ကလူတွေ ခေါ်ကြတဲ့အတိုင်း ပတ်သက်တဲ့လူတွေအားလုံးက ဖြိုးလို့ပဲ ခေါ်ရင်းက တွင်သွားတာလေ၊ ဒါနဲ့ ဒီကနာမည်ကို စောစောက ကြားလိုက်သလိုပဲ၊ ဉ,ဆိုလား ဘာလားပဲ”

“ဟုတ်တယ် ဖြိုး . . . ဒို့နာမည်ကတော့ ဉ,တဲ့၊ တစ်လုံးတည်းပဲ၊ မှတ်ထားပေါ့”

စကားအပေးအယူတွေကတော့ အတော်လေး တည့်နေ၏။ လူပုံ ကြည့်ရတာ ဒီနေရာ၊ ဒီဒေသမျိုးနှင့် စိမ်းနေပုံရသည်။ အနေအထိုင် အပြောအဆိုတွေက နေရာနှင့် မလိုက်အောင် သိမ်မွေ့လွန်းနေ၏။

ဒီနေရာကို ရောက်လာတတ်ကြသော ယောက်ျားလေးများ



www.burmeseclassic.com

www.burmeseclassic.com



၏ အကျင့်စရိုက်နှင့်တော့ လားလားမျှ သက်ဆိုင်ပတ်သက်ခြင်း ရှိမနေပေ။

"ဒီဆိုင်မှာပဲ လုပ်တာလား၊ ဥ,ဆိုတဲ့ နာမည်ကို သူငယ်ချင်းတွေပြောတာ မကြားမိပါဘူး"

"ဒီဆိုင်မှာပဲ တွေ့ကြတော့ ဒီဆိုင်မှာပဲ အလုပ်လုပ်တာလို့ သဘောထားလိုက်ပေါ့၊ တကယ်လို့များ ဥကို နောက်တစ်ခါ တွေ့ချင်ရင် ဒီကိုပဲ လာတွေ့ပေါ့"

BURMESE CLASSIC .com

"ဖြိုးကတော့ ဒီနေရာမျိုးတွေကို အရောက်အပေါက် နည်းတာတော့ အမှန်ပဲ၊ သူငယ်ချင်းတွေ လာတာနဲ့ ကြုံရင်တော့ လာဖြစ်မှာပေါ့"

ထူးဆန်းသော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရသလိုပင်။ တမင်ရိုးသားချင်ဟန်ဆောင်တာလည်း ဖြစ်နိုင်သည်ပဲ။ ခင်ချိုမြင့်နှင့် စကားပြောဖြစ်ရင်တော့ ကွဲကွဲပြားပြား သိရမှာပါ လေ . . . ဟု ပြီးစလွယ် သဘောထားလိုက်၏။

"ဟာ . . . လုပ်ကြပါဦး . . . မမချိုရေ၊ ဒါက ဘယ်လိုဖြစ်ကုန်ကြတာတုန်း"

သူတို့ယူထားသော အချိန်ပြည့်သွားသောကြောင့် အုပ်စုလိုက် ထွက်လာကြသည်။

ဖြိုးပြည့်ထွန်း၏ဆံစများကို စင်သွားအောင် သုတ်သင်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတုန်းမှာပင် အော်လိုက်သံကြောင့် လန့်သွားမိသည်။

သူမ၏အပြုအစုအယုအယကို ငြိမ်ခံနေသော ဖြိုးပြည့်ထွန်းကပင် ဦးငင်အောင် ဖြေလိုက်လေသည်။

"ဘာဖြစ်ရမှာလဲကွ၊ မင်းတို့ကို စောင့်ရင်း ငါလည်း ဆံပင်ညှပ်လိုက်တာပေါ့"

BURMESE CLASSIC .com

"နေပါဦး မမချို၊ သူက ဘယ်သူလဲ၊ မမြင်ဖူးပါလား"

"မမချိုရဲ့ သူငယ်ချင်း၊ နာမည်က ဥတဲ့၊ ဒီကို ရောက်လာတတ်ပါတယ်၊ မင်းတို့နဲ့ မဆုံဖြစ်ကြလို့ပါ"

သူငယ်ချင်းတစ်သိုက်ကတော့ အံ့သြခြင်းများစွာနှင့် သူမကို ဝိုင်းကြည့်ကြသည်။

လူတစ်ယောက်ကို ဆံပင်ညှပ်လိုက်ရရုံဖြင့် သူမအဖို့ လူထူးလူဆန်းကြီးတစ်ယောက်ပမာ ဖြစ်နေရပြန်၏။

"ဟုတ်တယ် ဥ . . . ဖြိုး ဒီကို ရောက်ဖူးတာ တကယ့်ကို နှစ်ခါပဲ၊ သူငယ်ချင်းတွေ အနိုင်ကျင့်လွန်းလို့သာ ပါလာရတာ၊ ဒါက

www.burmeseclassic.com

www.burmeseclassic.com



လည်း အခေါက်တိုင်း မဟုတ်ဘူး၊ ရောက်လာရင်လည်း ထိုင်ခုံမှာ စာအုပ်ဖတ်ပြီး ဒီတိုင်းနေတာ၊ ဆံပင်ညှပ်တာတို့ မျက်နှာသစ်တာတို့၊ ခေါင်းလျှော်တာတို့၊ အနင်းအနှိပ်ခံတာတို့ လုပ်ရှာတာ မဟုတ်ဘူး၊ ဉနဲ့ကျမှ ဘယ်ကနေဘယ်လို အထာကျသွားပြီး ဆံပင်ညှပ်ဖြစ်သွားလဲ မသိဘူး၊ ကြည့်ရတာ ဉက တေမိမင်းသားလေးကို မာယာကုန် ထုတ်သုံးပြလိုက်ပြီနဲ့ တူတယ်”

ခင်ချိုမြင့်ကတော့ သိသိသာသာကြီးကို မြှောက်ပင့်ပြောနေ၏။

“ဒါက ထမင်းစားရေသောက်ပါကွာ၊ မင်းတို့အတွက် တေမိမင်းသား ဖြစ်ပေမယ့် ဉနဲ့တွေ့ရင်တော့ လှုပ်သွားရမယ်လေ၊ သိတယ် မဟုတ်လား”

“ဉကတော့ အချိန်တန်ရင် ဖုတ်သွင်းရထား ဆိုက်သလိုပဲနော်၊ တို့မှာသာ အပိုင်လူရဖို့ မနည်းမာယာသုံးပြီး အခုလိုဆိုင်မျိုး ဖွင့်နိုင်အောင် မနည်းကပ်ထားရတာ၊ ဒါတောင်မှ မပိုင်ဘူး၊ ဖြိုးက ပိုက်ဆံအရမ်းချမ်းသာတာ၊ သူ့မိဘမျိုးရိုးလိုက် ချမ်းသာတာ၊ ဟိုတယ်တွေ ပိုင်ထားလိုက်တာလည်း မြန်မာပြည်အနှံ့ပဲ၊ ဉကို တစ်ချက်တည်းနဲ့ ငြိသွားခဲ့ရင်တော့ သိန်းသုံးရာဆု ပေါက်တာထက်တောင် ဉ, ကံကောင်းဦးမှာ”

ခင်ချိုမြင့်ကိုတော့ အပေါင်းအသင်းတွေထဲမှာ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



အရှိဆုံးနှင့် အခင်ဆုံးပင်။ ခင်ချိုမြင့်ကတော့ သူမလို နယ်ကလာသူ မဟုတ်။ မိသားစုအတွက် ရုန်းကန်ရင်းကပင် KTV မှာ သူမနှင့် ဆုံခဲ့ခြင်း ဖြစ်၏။

မိုးကုတ်ဘက်မှာ ဧည့်သည်တစ်ယောက်နှင့် ရေရှည်တွဲဖြစ်ရင်းက ဒီဆိုင်လေးကို တခမ်းတနား ထောင်နိုင်ခဲ့သူလည်း ဖြစ်သည်။

"နင့်လူကြီးကရော နင့်ဆီ ပုံမှန်လာသေးလား"

"မလာတာ တစ်လလောက်တော့ ရှိဦးမယ်၊ သူလည်း အလုပ်အကိုင် မကောင်းဘူး ထင်တာပဲ၊ ဒီတစ်ခါ ဆိုင်အခန်းလခ ပြည့်ရင်တော့ ကိုယ့်ဘာသာကိုယ် စိုက်ပေးရမယ့်ပုံပဲလေ"

"စိုက်ပေးရလဲ ဘာဖြစ်လဲ၊ နင့်အလုပ်က အခြေကျနေပြီပဲ မဟုတ်လား၊ ငါ့မှာသာ အခုအခြေအနေမှာ သောင်ပြင်လွတ်တဲ့ ကြောင်လေးကျနေတာပဲ"

"ငါ့ဆီမှာ ခဏနေပေါ့၊ ဒီ့ပြင်အလုပ် မရှာချင်ဘူးဆိုရင်လည်း ဆိုင်မှာပဲ အတူလုပ် အတူစားပေါ့ဟာ၊ နင်ရောက်လာတော့ ငါ့အတွက် တအားပိုရှိလာတာပေါ့"

ခင်ချိုမြင့်ဆီမှ ဒီစကားမျိုးကြားရသောကြောင့် အသက်ရှူချောင်ရသေး၏။ ခင်ချိုမြင့် ပြောစကားလိုပင် ခေတ္တခဏတော့ အရိပ်ခိုရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦးဟ . . . ဖြိုးဆိုတဲ့ သူ့လိပ်စာကတ်တော့ ပေးသွားတယ်၊ ဘယ်နားထားမိမှန်း မသိဘူး"

"ဘာလဲ နင့်အတွက် အမဲတစ်ကောင်ရပြီဆိုပြီး ဖုန်းနဲ့ မရောက်ရောက်လာအောင် ခေါ်တော့မှာမဟုတ်လား ဥ၊ ကတ်ပျောက်နေရင်လည်း သူ့သူငယ်ချင်းတွေလာရင် မေးပေးမယ်၊ တစ်ခုတော့ရှိတယ် ဥ၊ သူက မင်းတို့ ငါတို့ထက်ကြီးရင် နှစ်နှစ်သုံးနှစ်လောက်ပဲ၊ ဥဆီကို ဖြိုးထပ်လာမယ်ဆိုတာကို အာမခံရဲတယ် ဥ"

ခင်ချိုမြင့်ရင်ဘတ်ထဲမှာ ပုဏ္ဏားလေးရှိနေတာတော့ သေချာ၏။

အနေအထားကို အကဲခတ်ပြီး ခင်ချိုမြင့်ပင် အတပ်ပြောနိုင်လေပြီ။ အတွေ့အကြုံဆိုတာ သဘာနှင့်ပညာကို တစ်ပါတည်း လက်ဆင့်ကမ်းပေးစွမ်းနိုင်သည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

ဖြိုးနှင့် မှတ်မထင်ဆုံဖြစ်ခဲ့သလို စိတ်ထဲမှာတော့ အစွဲအလမ်း သိပ်မထားဖြစ်ပေ။ သူမအတွက် စားကျက်သစ်တစ်ခု အနေဖြင့်သာ ခရီးသွားဟန်လွဲသဘောမျိုး ထားဖြစ်၏။

တကယ်တမ်းကျတော့ ဖြိုးတစ်ယောက်က သူမ ထင်ထားသည်ထက်ပင် ရိုးသားစွာဖြင့် ထဲထဲဝင်ဝင် ဝင်ရောက်လာတော့၏။

ဖြိုးနှင့်ဆုံပြီး နောက်နေ့မှာပင် ခင်ချိုမြင့်တို့ဆိုင်မှာ အလုပ်စ,ဆင်းဖြစ်သည်။ သူမ ရောက်လာသောကြောင့် ခင်ချိုမြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယောက် အတော်လေး အားကိုးအားထားရသွားပုံရသည်။

အသက်အရွယ်အရ ခင်ချိုမြင့်က သူမထက် ကြီးသော်လည်း လုပ်ငန်းသဘောနှင့် လူရည်လည်ပုံမှာတော့ ခင်ချိုမြင့်မှာ တပည့်သာသာရှိ၏။

"နင်ရောက်လာတဲ့နေ့ရော၊ ဒီနေ့ရော ညှော်သည်ပြတ်တယ် မရှိဘူး၊ အလုပ်လုပ်တဲ့နေရာမှာ နင်က အရမ်းလာဘ်ကောင်းတယ် သိလား ဥ"

မနက်ကတည်းက ညှော်သည်ကျသည်မို့ နေ့လယ်နှစ်နာရီကျော်မှ သူမနှင့် ခင်ချိုမြင့်တို့ ထမင်းစားဖြစ်ကြသည်။

ခင်ချိုမြင့်၏ ကောင်မလေးတွေကလည်း သူမကို ခင်ကြသည်။ ယောကျ်ားများနှင့် ဆက်ဆံနေကြသော်လည်း ကောင်မလေးများ၏ အထာက ရိုးနေ၏။ ပညာဆိုတာ လက်ဆင့်ကမ်းရမည်ဆိုသော သဘောဖြင့် ကိုယ့်အတွက် အန္တရာယ်ကင်းရာကင်းကြောင်း အပြုအစုအယုအယများကို သူမ, သင်ပြပေးဖြစ်သည်။

"မမဥ, ဒီမှာ အမြဲရှိရင် ကောင်းမှာပဲနော်"

"မင်းတို့မမချိုဆီမှာ ဘယ်လောက်ကြာကြာ နေခွင့်ရဦးမလဲမှ မသိတာကွာ၊ ကံကြမ္မာက ဆုံဆည်းခွင့်ပေးသရွေ့တော့ မျက်နှာချင်း ဆိုင်ကြရဦးမှာပေါ့"

"ဥ,နေချင်တယ်ဆိုရင် ကြိုက်သလောက်နေပါနော်၊ ဥ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတွေက အများကြီး ရှိခဲ့တာပဲဥစ္စာ”

“သူများအရိပ်မှာ နေတယ်ဆိုတာက ခဏပဲကောင်းတယ် ခင်ချိုမြင့်၊ ငါ့စိတ်ကို နင်သိသားပဲ”

တကယ်လည်း ခင်ချိုမြင့်အရိပ်မှာ သူမ အကြာကြီး မနေလိုပေ။ ခင်ချိုမြင့် ကြိုးစားထားသော အခွင့်အရေးကိုလည်း လက်တင်စီး မကြိုးစိုးချင်။

သူမတို့တစ်တွေ စကားပြောကောင်းနေစဉ်မှာပင် တယ်လီဖုန်းမြည်လာ၏။

“ကဲ . . . ကဲ . . . အားတဲ့တစ်ယောက်ယောက် ဖုန်းကိုင်လိုက်ကြဦး”

ကောင်မလေးတစ်ယောက်ယောက်ဆီကိုပဲဖြစ်ဖြစ်၊ ခင်ချိုမြင့်ဆီကိုပဲဖြစ်ဖြစ် ဆက်တာဟု တွေးလိုက်မိသည်။

“မမချိုရေ . . . ဖုန်းလာကိုင်ပြီး ပြောလိုက်ပါဦး၊ ဘယ်သူလဲ မသိဘူး”

“အဲဒါပြောတာပေ့ါ၊ ဖုန်းလေးပြောတာကိုတောင် အဆင်ပြေအောင် မပြောနိုင်ဘူး”

ခင်ချိုမြင့်ကတော့ မြည်တွန်တောက်တီးပြီး ဖုန်းရှိရာသို့ ထွက်သွား၏။ စားသောက်ပြီးသွားပြီမို့ သိမ်းစရာရှိသည်များကို သူမ သိမ်းဆည်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးကိုင်ထားနော်၊ ခေါ်ပေးမယ်၊ ရှိပါတယ် ဖြိုးရဲ့"

ဆတ်ခနဲ နားစွန်နားဖျား ကြားလိုက်သည်နှင့် ကိုယ်တော်ချော တေမိမင်းသားလေးဆီကမှန်း သိလိုက်သည်။

ခင်ချိုမြင့်အခေါ်ကို မစောင့်ဘဲ ဖုန်းရှိရာသို့ အပြေးသွားလိုက်သည်။

စကားပြောခွက်ကို ပိတ်ရင်းကပင် ခင်ချိုမြင့် ပြော၏။

"မနေ့က ငါပြောတာ မှတ်မိလား၊ ဒီနေ့ နင့်ဆီကို မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဖုန်းလှမ်းဆက်တာ"

အရေးထဲ ခင်ချိုမြင့်က အသားယူပြလိုက်သေးသည်။

စကားပြောခွက်ကို လက်ပြောင်းယူပြီး အသံပြုလိုက်ရ၏။

"ဟဲလို . . . ပြောပါ"

"ထမင်းစားနေတယ်ဆို"

မရဲတရဲဖြစ်နေသော အသံလေးမှာ ကွဲအက်အက်ဖြစ်နေ၏။

"ဟုတ်တယ် ဖြိုး၊ အခုတော့ ပြီးသွားပြီ"

"ဟိုလေ . . . အဲဒီမှာ ဧည့်သည်တွေ တော်တော်များများ ရှိနေလား"

"မနက်ကတည်းကတော့ ပြတ်တယ်မရှိဘူး၊ ဒီနေ့လူကျ သလိုပဲ၊ အခုမှ ထမင်းစားကြရတာ၊ အခုလောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရှိနေတယ်၊ ဘာလဲ ဖြိုးလာချင်လို့ လှမ်းဆက်တာလား"

"လာလည်း လာချင်တယ် လာဖို့လည်း ခက်နေတယ်၊ အခု . . . ဖြိုး . . . ဘယ်က ဆက်နေတယ်လို့ ဥထင်လဲ"

"ဘယ်သိပါ့မလဲ ဖြိုးရဲ့"

ဒီတစ်ခါတော့ ဖြိုးထက်ပိုပြီး သူမ ညံ့ဖျင်းသွားတာ သေချာ၏။

"ဥ,ရပ်နေတဲ့ဘေးနားက လိုက်ကာကို နည်းနည်းဆွဲပြီး အောက်ဘက်ကို ငုံ့ကြည့်လိုက်လေ"

ဖြိုးပြောသလိုပင် သူမ, လိုက်လုပ်ကြည့်လိုက်၏။

သူမအကြည့်အောက်ဆီမှာတော့ ပလက်ဖောင်းနားတွင် ကားတွေရပ်ထားတာ တွေ့ရသည်။

ကားတစ်စီးစီးပေါ်ကနေ ဖြိုး လှမ်းဆက်နေခြင်းကို ချက်ချင်းသဘောပေါက်လိုက်၏။

"ဖြိုးကို မြင်လား ဥ၊ ဖြိုးကားက မီးခိုးရောင်လေ၊ ဖြိုး

www.burmeseclassic.com

www.burmeseclassic.com



လက်ပြနေတယ် . . . တွေ့လား”

ဖြိုးပြောနေသော အသံအတိုင်းပင် သူမ အသေအချာ ကြည့်သည်။

မီးခိုးရောင်ကားပေါ်မှ ဟန်ဖုန်းကိုင်ကာ ပြောနေသော ဖြိုးသဏ္ဌာန်ကို ရေးရေးမြင်ရလေ၏။

ကိုယ်တော်ချောက အရေးထဲ ပိုပြီး သဲပြလိုက်ပြန်သည်။

“ဉ, ပိုမြင်အောင်လို့ ဖြိုးကားပေါ်က ဆင်းလိုက်ပြီ”

“မြင်ရပါတယ် ဖြိုးရယ်၊ ဉ, အဲဒီလောက် မ,အသေးပါဘူး”

“ဖြိုး အဲဒီကိုလာပြီး စကားပြောချင်တယ်”

“ဒါများ . . . တကူးတက ခွင့်တောင်းနေရသေးလား ဖြိုး ရယ်၊ ဒီတိုင်း တက်လာခဲ့ရောပေါ့”

“မဟုတ်ဘူး ဉ၊ ဖြိုးတစ်ယောက်တည်း တက်လာဖို့ သတ္တိ မရှိဘူး”

“ဟောတော့ . . . ဒါဆို ဉ,က ဘာလုပ်ပေးရမှာလဲ”

“စီးပိုးတာတော့ မဟုတ်ဘူး ဉ၊ ဖြိုးတစ်ယောက်တည်း တကယ် မလာရဲတာ၊ ကားလျှောက်မောင်းကြည့်သေးတယ်၊ ဘယ်လိုမှ မရဘူး၊ ဒါနဲ့ အရဲစွန့်ပြီး ဖုန်းလှမ်းဆက်တာ၊ ကျေးဇူး ပြုပြီး အောက်ရောက်အောင် လာခေါ်ပါလား ဉ”

“ဉက အောက်ဆင်းခေါ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မကြုံဖူးသော အခြေအနေကြောင့် ဘာပြန်ပြော ရမှန်းမသိအောင် ဖြစ်သွားရသည်။

ခင်ချိုမြင့်ကတော့ အနားမှနေပြီး ပြုံးနေပြန်၏။

"ဟုတ်တယ် ဦး၊ အဲဒီအပေါ်ရောက်အောင် ဖြိုးတစ် ယောက်တည်း မလာရဲဘူး ဖြစ်နေလို့ပါ"

"ကောင်းပြီလေ၊ ဒါဆိုလည်း ဖြိုးစောင့်နေ၊ အခုချက်ချင်း ဦး,ဆင်းလာခဲ့မယ်"

ဇာတ်လမ်းကတော့ အဖွင့်မှာတင် စိတ်လှုပ်ရှားဖို့ ကောင်း နေပြန်၏။ သူမဆီလာသော ယောက်ျားတစ်ယောက်ကို ဒီလို ဆင်း ခေါ်ရတာ ပထမဆုံးအကြိမ် ဖြစ်နေသည်ပဲ။

"ဘာတဲ့လဲ ဦး"

"ဒီအပေါ် လာချင်တယ်၊ ငါနဲ့ စကားပြောချင်တယ်၊ သူ တက်မလာရဲလို့ ငါ အခုဆင်းခေါ်ရမှာ"

"ကောင်းတယ်၊ နင်တို့နှစ်ယောက်ကတော့ ထူးထူးခြားခြား ငြိသွားကြမှာ သေချာနေပြီ"

အနည်းငယ် ဖရိုဖရဲဖြစ်နေမှုကို မပြင်ဆင်တော့ဘဲ ဓာတ် လှေကားဖြင့် အောက်သို့ဆင်းခဲ့ရသည်။

ကိုယ်တော်ချောက ဓာတ်လှေကားအဝမှာတောင် ရှိမနေ။ သူမတို့အဆောက်အအုံထဲသို့ ဝင်ဖို့ ခက်နေပုံရသည်။ ကားတံခါး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိတ်ပြီး တစ်ဖက်ကမ်းသို့ ဖြိုးကူးလာသည်ကို မြင်ရ၏။

"ယောကျ်ားဖြစ်ပြီးတော့ ဖြိုးရယ် . . . နောက်တစ်ခါဆို ရင် အဖော်တစ်ယောက်ယောက် ခေါ်လာခဲ့၊ ဒီလိုချည်းပဲ ဉ, အနေ နဲ့ ဆင်းခေါ်နေရင် မနိုပ်ဘူးနော်"

"တစ်ခါနှစ်ခါ အလွန်ဆုံးပါပဲ ဉရဲ့၊ နောက်ဆိုရင် နေသား ကျသွားမှာပါ။ ဒီလာတာကို သူငယ်ချင်းတွေ မသိစေချင်ဘူး၊ သူတို့ ပါလာရင် ဉနဲ့ စကားကောင်းကောင်းပြောရမှာ မဟုတ်ဘူးလေ"

ဒီလိုပဲ တစ်ယောက်တည်း ထပ်ထပ်လာဦးမည်။ သဘော ရောက်နေ၏။ သူမ ထောင်ချောက်တွေ မဆင်ရသေးဘဲ သား ကောင်ကတော့ လည်စင်းပေးလို့နေပြီ။

ဓာတ်လှေကားထဲသို့ ဝင်ခိုက်မှာပင် ခန္ဓာကိုယ်နှစ်ခု ပူး ကပ်လုနီးပါးဖြစ်သွား၏။ ဒီလိုဖြစ်အောင်လည်း တမင်တကာ သူမ လုပ်မိလိုက်သည်။

"ဆောရီးနော် ဉ"

စောင့်စည်းသည့်သဘောကို တမင်သိအောင် ပြခြင်းလား တော့ မသိ။ အစဦးမှာ ဘာတွေ ဘယ်လိုပဲ စောင့်စည်းပါစေ၊ နောက်ဆုံးမှာတော့ ယောကျ်ားတွေ၏ချဉ်ခြင်းတပ်မှုမှာ အတူတူပင် ဖြစ်လေ၏။

"ဘာလဲ ဟိုနေ့က ဆံပင်ညှပ်ပြီးပြီ၊ ဒီနေ့တော့ အညှောင်း



www.burmeseclassic.com

www.burmeseclassic.com



အညာ ဖြေချင်တဲ့သဘောလား ဖြိုး”

ဝတ္တရားအရ အနေမခက်စေရန် သူမကပင် လမ်းဖွင့်ပေးလိုက်သည်။

“ဟင့်အင်း . . . ဥနဲ့ ဒီမှာပဲ ထိုင်စကားပြောချင်တယ်”

ကိုယ်တော်ချောကတော့ အရိပ်ပြလို့ အကောင်မမြင်သည့်အထဲမှာ ပါနေပြန်၏။

“ဒီမှာ ထိုင်လို့ဖြစ်မလား ဖြိုး၊ တကယ်လို့ ဧည့်သည့်တစ်ယောက်ယောက်လာလို့ ဥ,ကို ခေါ်ရင် သွားရမှာလေ၊ အလုပ်လုပ်နေရင်း စကားပြောနေတော့ ဘယ်သူမှ ခေါ်လို့မရဘူး”

“ဖြိုးနဲ့ ဒီမှာ ထိုင်စကားပြောတာကို အလုပ်တစ်ခုလိုပဲသဘောထားလိုက်ပေါ့၊ ဘယ်သူခေါ်ခေါ် ဥမသွားနဲ့ပေါ့”

“ဒီပုံစံဆိုရင်တော့ မိတ်တွေပျက်ကုန်မှာပေါ့ ဖြိုးရယ်”

သူမနှင့်ဖြိုးတို့၏အခြေအနေကို ခင်ချိုမြင့်က သိသွားကြပုံရ၏။ နောက်ဆုံးမှာတော့ ဖြိုးဆန္ဒကို လိုက်လျောဖို့ ခင်ချိုမြင့်ကပင် ကြားဝင်စေ့စပ်ပေးခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၄ )

"အလုပ်က အပြန်ကတည်းက ငါမေးမလို့ ဉ၊ ဒီကြားထဲ ဟိုဟာလုပ် ဒီဟာလုပ်နဲ့ မေ့သွားတယ်၊ နေစမ်းပါဦး . . . ညနေ တုန်းက ဖြိုးပြည့်ထွန်း ပိုက်ဆံပေးတာကို နင်က လုံးဝ မယူဘူးဆို"

စားပြီးသောက်ပြီးလို့ ညအိပ်ရာဝင်တော့မှ ဖြိုး ပိုက်ဆံ ပေးသည့်ကိစ္စကို စကားစပ်လာ၏။

"ဟုတ်တယ် . . . နင့်ကို ဘယ်သူပြောလဲ၊ ဖြိုးကိုယ်တိုင် ပြောတာတော့ ဟုတ်မယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ထိ ဖြိုးဘေးနားမှာ ငါရှိနေခဲ့တာပဲ”

“ကောင်မလေးတွေက မြင်လို့ကြားလို့ ပြန်ပြောတာလေ၊ တကယ်ဆို သူပေးတာကို နင်ယူသင့်တယ်၊ ဒါ အလုပ်သဘောပဲ ဥစ္စာ၊ နင် မယူတော့ နင်နစ်နာတာ မဟုတ်လား ဉ”

ခင်ချိုမြင့်ဦးနှောက်က သေးသေးလေးပဲ . . . ဟု သူမ အပြစ်မပြောချင်။ ခင်ချိုမြင့်အနေနှင့်က ဒီလောက်ပဲ တွေးပေလိမ့်မည်။

“ငါ မယူတာ အကြောင်းရှိတယ် ခင်ချိုမြင့်၊ သူပိုက်ဆံပေးတော့ ငါ ချက်ချင်း ပြန်ပေးရင်းနဲ့ တစ်ခွန်းပဲ ပြောလိုက်တယ်၊ ဒီလို ထိုင်စကားပြောရုံနဲ့ ပိုက်ဆံယူတာ လိပ်ပြာမသန့်ဘူး၊ မယူဘူး ဆိုရင်းက အတင်းပေးရင် ပေးခဲ့၊ နောက်တစ်ခါ မလာနဲ့တော့လို့ ငါအပြတ်ပြောလိုက်တယ်”

“နင် အဲဒီလိုလုပ်ပြီး အဲဒီစကားတွေပြောတာ ငါတော့ တကယ် နားမလည်ဘူး ဉ”

“သူပေးတဲ့ ပိုက်ဆံကို ငါမလိုချင်ဘဲနေပ့ါမလား ခင်ချိုမြင့်ရယ်၊ ထောင်မြင်နေလို့ ရာစွန့်လိုက်တဲ့သဘောပဲ၊ ငါ့အနေနဲ့ သူ့ဆီက အသေးအမွှားလေးတွေကို မမျှော်လင့်ချင်ဘူး၊ ကြီးကြီးမားမား တွေပဲ လိုချင်တယ်၊ ဒီလောက်ဆိုရင် နင်သဘောပေါက်လိမ့်မယ် ထင်တယ်၊ ငါ ထပ်ပြောဦးမယ် . . . မနက်ဖြန် အပြင်မှာ ဖြိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတယ် ခင်ချိုမြင့်၊ လျှောက်လည်ရင်းနဲ့ သူ ပစ္စည်းတစ်ခုခု ဝယ်ပေးကောင်းပေးဦးမှာ၊ ဒုတိယအကြိမ် ငါ ထပ်ငြင်းဦးမှာပဲ ခင်ချိုမြင့်”

သူမ,စကားတွေကို နားထောင်ရင်းကပင် ခင်ချိုမြင့် တစ်ယောက် မျက်လုံးလေး ကလယ်ကလယ် ဖြစ်လို့လာ၏။

“ငါ နင့်ကို သေသေချာချာ မေးမယ်နော်”

“မေးလေ ခင်ချိုမြင့်”

“ငါတို့လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အစဉ်အလာတစ်ခုပဲ . . . ဧည့်သည်နဲ့ တစ်ခါဆုံဖူးရုံနဲ့ အပြင်မှာတွေ့ဖို့ ချိန်းတာကို ကြည့်ကောင်းအောင် ခေါင်းညိတ်ကောင်းညိတ်မယ်၊ တကယ်တမ်း ဘယ်တော့မှ သွားဖြစ်ကြတာ မဟုတ်ဘူး၊ ဧည့်သည် ကိုယ့်ဆီ ထပ်လာရင် တစ်ခုခုအကြောင်းပြပြီး ပြောလိုက်တာပဲ၊ သုံးလေးခါ လောက်မှ မတတ်သာလို့ ခဏတစ်ဖြုတ်ပဲ တွေ့တတ်ကြတာ၊ ဒါက လည်း ကိုယ့်ဘက်က သေချာပေါက်တွက်ပြီးမှ သွားတွေ့ကြတာ၊ အဲဒီအခါမှာလည်း ကိုယ့်အတွက် ဘာရမလဲလို့ အမြဲတွက်ကြတာ၊ ဘုန်းကြီးစာချတဲ့သဘောတော့ မဟုတ်ဘူး၊ ဖြိုးပြည့်ထွန်းချိန်းတာကို နင် တကယ်သွားတွေ့မှာလား”

“တွေ့ရမှာပေါ့၊ အဲဒီလိုတွေ့ဖို့ ငါကိုယ်တိုင်က စပြီး ချိန်းလိုက်တာလေ၊ သူနဲ့ဆုံတာ နှစ်ခါရှိပြီ၊ သူ ငါ့ကို အန္တရာယ်မပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ ငါသိနေတာပဲ၊ ငါက စ,မပြောရင် အပြင်မှာတွေ့ဖို့ နင့်တေမိမင်းသားက ပြောလာမှာ မဟုတ်ဘူးသိလား၊ အယူအဆ ဆိုတာ အမြဲတမ်း လှေနံဓားထစ် မထားကောင်းဘူး ခင်ချိုမြင့်"

"အေးဟာ . . . ငါတော့ ခေါင်းရှုပ်ချင်လာသလိုပဲ၊ နင့် ဇာတ် နင်နိုင်ရင် ပြီးတာပါပဲ၊ နင်တွက်သလို ဖြိုးက ရမ်းရမ်းကား ကားထဲကမှ မဟုတ်ဘဲ၊ နင့်ကို တကယ်ကြွေသွားတာတော့ သေချာ တယ် ဉ"

ခင်ချိုမြင့်နှင့်စကားတွေ ပြောရင်းကပင် ထမင်းဆိပ်တက် ပြီး သူမ မျက်လုံးတွေ မှေးစင်းချင်လာ၏။

မနက်ဖြန်သွားအတွေ့မှာ သူမ, တွေးထားသည့် နည်းဗျူ ဟာများကို မပြောဖြစ်လိုက်ဘဲ အိပ်ပျော်သွားတော့သည်။

လူအထိုင်နည်းသော ကော်ဖီဆိုင်ကို ရွေးပြီး ဖြိုးနှင့်ချိန်း ဆိုထားသည်။ ချိန်းထားသည့်အချိန်က မနက်ဆယ်နာရီတိတိ။ ဒါကို ခင်မျိုးမြင့် သိနေ၏။ ကိုးနာရီ လေးဆယ့်ငါးမိနစ်အထိ တုတ် တုတ်မျှ



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်တော့ သူမကိုယ်စား ခင်ချိုမြင့် လောတော့သည်။

ခင်ချိုမြင့် နားပူနားဆာလုပ်လွန်းတော့မှ ဆယ်နာရီထိုး ခါနီး ဆယ်မိနစ်အလိုတွင် ထွက်လာဖြစ်၏။

သူမသဘောဆိုလျှင် ဆယ်နာရီမိနစ် အနည်းငယ်စွန်းချိန်မှ ထွက်လာဖို့ ဖြစ်သည်။ ချိန်းထားသောနေရာသို့ အငှားကားဖြင့် သွားလျှင် ဆယ့်ငါးမိနစ် မမောင်းရပေ။

ဟိုဟိုဒီဒီလမ်းသလားပြီးမှ တက္ကစီလှမ်းတားလိုက်သည်။ ကားပေါ်ရောက်တော့ ဆယ်နာရီဆယ့်ငါးမိနစ် ရှိနေပြီ။

သွားမည့်နေရာကို ဈေးပြောပြီး ပိုက်ဆံတစ်ခါတည်း ထုတ်ပေးလိုက်သည်။ ကားမောင်းနေရင်းမှာပင် ဒရိုင်ဘာဦးလေးကြီးကို ပြောလိုက်သည်။

"သမီး သွားမယ့်နေရာရောက်ရင် နာရီဝက်လောက် ဦးလေး စောင့်ပေးလို့ရမလား"

"သမီး ကားပြန်ငှားမလို့လား"

"မဟုတ်ဘူး ဦးလေး၊ ကားပေါ်က မဆင်းဘဲ နာရီဝက်လောက် စောင့်ကြည့်ချင်လို့၊ နာရီဝက်ဆိုတာ အလွန်ဆုံးပါပဲ၊ မိနစ်နှစ်ဆယ်ပဲ ကြာရင်ကြာမှာ၊ အဲဒီအတွက် သမီးပိုက်ဆံပေးမယ်၊ ကားပေါ်မှာ သမီးထိုင်နေလို့ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ် . . . ဟု ဖြေလိုက်ပုံက သံသယကင်းပုံမပေါ် ပေ။ ဒီသူငယ်မလေး ဘာများ အထူးအဆန်းလုပ်မလို့လဲ . . . ဟူသော အကြည့်ဖြင့် နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်သေး၏။

သူမအနေဖြင့် မဟုတ်တာလုပ်ဖို့ အစီအစဉ်မရှိ၍ လိပ်ပြာသန့်နေသည်။ ကော်ဖီဆိုင်နှင့် မျက်စောင်းထိုး ပလက်ဖောင်းနံဘေးတွင် ကားရပ်ခိုင်းလိုက်သည်။

ကော်ဖီဆိုင်ရှေ့နားမှာပင် ဖြိုး၏မီးခိုးရောင် ကားလေးကို တွေ့လိုက်ရသည်။

လက်မှနာရီကို ကြည့်မိတော့ ဆယ်နာရီခွဲနေပေပြီ။

❀ ❀ ❀

"သမီးကားပေါ်က ဆင်းပြီ ဦးလေး၊ နာရီဝက်ကွက်တိပဲနော်၊ တစ်စက္ကန့်မှ မစွန်းဘူး"

ဒရိုင်ဘာဦးလေးကြီးကို စကားပြောရင်း တံခါးဖွင့်ကာ ဆင်းလိုက်သည်။ ဦးလေးကြီးကတော့ ဘယ်လိုတွေးပြီး ကျန်ခဲ့မည်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူမကတော့ ကော်ဖီဆိုင်သို့ ခပ်သုတ်သုတ်လေး လျှောက်လာဖြစ်သည်။

အခုချိန်ဆိုရင်တော့ ချိန်းထားသည်ထက် တစ်နာရီနောက်ကျပြီးမှ ရောက်သွားသည်မို့ ဒေါသထွက်နေမည်ဆိုတာကို သူမ, ကြိုတွေးမိသားဖြစ်၏။

“တစ်နာရီတိတိတောင် နောက်ကျပြီးမှ ရောက်လာရသလားကွာ၊ နာရီဝက်လောက်ဆို စောင့်ရတဲ့သူအတွက်ရော နောက်ကျတဲ့သူအတွက်ပါ တရားမျှတပါသေးတယ်၊ အခုတော့ . . . ”

ဒေါသ မထွက်တတ်ထွက်တတ်ဖြစ်နေပုံကို ကြည့်ပြီး သဘောကျမိသေး၏။

“ဒါဆိုလည်း ဖြိုးက ဘာဖြစ်လို့ နာရီဝက်ထက် ပိုပြီး ဒီနေရာမှာ ထိုင်နေရတာလဲ၊ ထပြန်သွားရောပေါ့”

“အဲဒီလိုလည်း ဘယ်ဖြစ်မလဲ၊ တစ်စုံတစ်ခုကြောင့် ဥ, နောက်ကျပြီးမှ ရောက်လာမလားဆိုပြီး မျှော်လင့်ချက်နဲ့ ဆက်စောင့်မိနေတာပေါ့”

“ကဲ . . . ဟုတ်ပါပြီ၊ ဒီတစ်နာရီထက်ကျော်သွားခဲ့ရင် ဘယ်လောက်ထိ ဆက်စောင့်မယ်လို့ စိတ်ကူးထားလဲ ဖြိုး၊ နောက်ထပ် တစ်နာရီလောက်အထိ ဆက်စောင့်ဖြစ်မယ် ထင်တယ်”

“အဲဒီနောက်ထပ်တစ်နာရီမှာ ရောက်မလာရင် ဖြိုးဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ပို ကြီးမားမှာ မဟုတ်လားဟင် ဖြိုး”

“အဲဒါတော့ ဘယ်လိုဖြစ်မယ်မှန်းကို ဖြိုး မပြောတတ်ဘူး၊ ဒေါသရော စိတ်မကောင်းဖြစ်တာရော ဖြိုးကို တန်ဖိုးမထားတာ ရော ရောပြွမ်းနေမယ် ထင်တာပဲ”

ဂရုစိုက်မှု မှန်သမျှကို သေးသေးမွှားမွှားလေးကအစ လိုချင်လွန်းနေသော ယောကျ်ားများအဖို့ မိန်းကလေးတစ်ယောက် ၏ မာယာအောက်မှာ ပြားပြားဝပ်ရတာ ထူးဆန်းသော ကိစ္စတော့ မဟုတ်ပေ။

“ကဲ . . . ကောင်းပါပြီ၊ တစ်နာရီ နောက်ကျတဲ့အတွက် ဥဘက်က လျော်ကြေးပေးပါ့မယ်၊ ဒီမှာထိုင်နေရတာ ကြာပြီ မဟုတ် လား၊ ဒီတော့ ဖြိုးသွားချင်တဲ့နေရာ တစ်ခုခုကို သွားလေ၊ အဲဒီ နေရာကို ဖြိုးကပဲ ရွေးချယ်၊ ဥ လိုက်လျောမယ် ဟုတ်ပြီလား”

ဖြိုးပြည့်ထွန်း၏ စိတ်သဘောကို သူမ၏လိုက်လျောမှုတွေ ဖြင့် မြားလိုက်ခြင်းဖြစ်သည်။

လူကဲခတ်မည့်ပေမယ့် သေချာအောင် ချည်လိုက်ခြင်းဖြစ် ၏။

“ဒီဆိုင်မှာပဲ ထိုင်ပြီး စကားပြောကြတာပေါ့ ဥ၊ တစ်ခု တော့ ရှိတယ်၊ ဒီကအပြန် ဥ,အတွက် အမှတ်တရလက်ဆောင် ဝယ်ပေးချင်လို့၊ ဒီကနေ လမ်းလျှောက်သွားလို့ရတယ်လေ၊ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်လေးတွေ အရမ်းသဘောကျဖို့ကောင်းတယ်၊ ဥမြင်ရင်လည်း ကြိုက်မှာ၊ အရောင်က လေးရောင်ဖြစ်နေတော့ ဥ,ဘာအရောင် ကြိုက်မှန်း မသိပဲလေ၊ ဥ,စိတ်ကြိုက်အရောင် ရွေးဝယ်ပေ့ါ"

ဖြိုးပြည့်ထွန်း ပြောလိုက်သော စကားတွေကတော့ သူမလို မာယာစကားတွေတော့ မဖြစ်တန်ရာ။ စေတနာစကား ဝယ်ပေးချင်သည့် ဆန္ဒတွေဆိုတာ သိနေသည့်တိုင် ရေရှည်အတွက် ငြင်းပယ်လိုက်ရသည်။

"တော်တော့ ဖြိုး၊ အရင်တစ်ခါလည်း မလိုချင်ပါဘူးဆိုမှ ပိုက်ဆံအတင်းပေးတယ်၊ အခုလည်း ပစ္စည်းဝယ်ပေးဦးမလို့လား ဖြိုး၊ ဥ, ဖြိုးကို တွေ့ချင်တာက ပစ္စည်းတစ်ခုခု လိုချင်လို့ ချိန်းလိုက် တာမှ မဟုတ်တာ၊ အပြင်မှာ အေးအေးဆေးဆေး စကားပြောရအောင်ဆိုပြီး ချိန်းထားတာ၊ နောက်တစ်ခါဆိုရင်တော့ ဥအနေနဲ့ အပြင်မှာ လာမတွေ့တော့ဘူး"

လိုအပ်သည်ထက်ပိုပြီး အိုက်တင်တွေ များပြလိုက်သည်။

ဖြိုးပြည့်ထွန်းတစ်ယောက် ပျာပျာသလဲဖြင့် တောင်းပန်လေ၏။

"စိတ်မဆိုးပါနဲ့ ဥ,ရယ်၊ ဥ, မကြိုက်ရင် ဒီစကားမျိုး နောက် မကြားရဘူး၊ ဖြိုးကိုတော့ လာမတွေ့ဘဲ မနေပါနဲ့နော်၊ ဖြိုး တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားတွေကတော့ ဖြိုးပြည့်ထွန်း၏စိတ်ထဲမှာ အချက်ပေါင်းများစွာ စူးစိုက်ဝင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

သူမ ခင်းသောလမ်းအတိုင်းပင် ဖြိုးပြည့်ထွန်းတစ်ယောက် တစ်နေ့ထက်တစ်နေ့ ကျွံ၍လာခဲ့သည်။ တစ်ခါတစ်ရံတွင် ဆိုင်သို့ လာပြီး နေကုန်အောင် စကားထိုင်ပြောတတ်သည်။ အပြင်သို့ နှစ်ယောက်တည်း လျှောက်သွားဖြစ်ခြင်းတွေကလည်း ကြိမ်ဖန်ထပ်မျှပင်။

သူမ လိုချင်နေသော တောင်းဆိုမှုရဖို့အတွက် အချိန်ကြာကြာ မစောင့်ဆိုင်းလိုက်ရပေ။ ဖြိုးပြည့်ထွန်းနှင့် တွဲသွားတဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရင်း တစ်လမပြည့်ခင်မှာပင် သူမဆန္ဒတွေ ပြည့်ဝခဲ့၏။

သူမ၏အသုံးချခြင်းကို မသိမသာ ခံလိုက်ရသူများကတော့ ဖြိုးပြည့်ထွန်း၏သူငယ်ချင်းအချို့ခင်ချိုမြင့်နှင့် ဆိုင်မှကောင်မလေး များပင် ဖြစ်၏။

"ဒီအုပ်စု ပျောက်ချက်သား ကောင်းနေလိုက်တာ၊ မမချို တို့ မျှော်နေတုန်းမှာပဲ မင်းတို့ ရောက်လာတာ အတော်ပဲ"

ခင်ချိုမြင့်ကတော့ ဖြိုးပြည့်ထွန်း၏ သူငယ်ချင်းများကို ခါတိုင်းနှယ်ထင်ပြီး စကားရော ဖောရောလုပ်နေလိုက်သေး၏။

"ကျွန်တော်တို့ ပျောက်နေတာလည်း အကြောင်းရှိတယ်၊ ဒီနေ့ ရောက်လာတာလည်း စာရင်းရှင်းစရာရှိလို့ မမချို"

"ဘာစာရင်းရှင်းမှာလဲကွယ်၊ အရင်အခေါက်တုန်းက ဘယ်သူကများ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်လို့လဲ၊ ပြောစမ်း . . . အဲဒီမိန်းကလေးကို မင်းတို့ရှေ့မှာပဲ မမချို ပြောမယ်"

သူတို့အုပ်စု ဘာဆိုလိုချင်သည်ကို ခင်ချိုမြင့် သဘော မပေါက်ပေမယ့် သူမကတော့ ချက်ချင်းရိပ်မိလိုက်၏။

"မမချို တကယ်ပဲ ပြောရဲတဲ့သတ္တိရှိလား၊ ကျွန်တော်တို့ စိတ်ဆိုးရမယ့်အထဲမှာ မမချိုပါ, ပါနေရင်ရော"

"ပွင့်ပွင့်လင်းလင်းသာ ပြောပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ဘူး မမချို ဖြိုးနဲ့ပတ်သက်နေတဲ့ကိစ္စပဲ၊ ဒီလောက်ပြောရင် မမချို သဘောပေါက်မယ်ထင်တယ်၊ ဖြိုးကို တော့ ချည်ပြီးတုပ်ပြီး မာယာတွေနဲ့ ဒုက္ခမပေးသင့်ဘူး၊ မမချိုကို ယုံကြည်လို့ ဖြိုးကို ဒီနေရာရောက်အောင် ကျွန်တော်တို့ခေါ်လာ တာ၊ အခုတော့ ဖြိုးတစ်ယောက် ဘယ်သူ့အပြောမှ မနာခံနိုင်ဘဲ ရေတိမ်နစ်ရတော့မယ့် ကိန်းပဲ၊ ဖြိုးအသိုင်းအဝိုင်းက သိသွားရင် လုံးဝမကောင်းဘူး မမချို ကျွန်တော်တို့ ပြောချင်တာကတော့ မမချို အနေနဲ့ မမချိုလူကို နိုင်အောင်ထိန်းပေးပါ"

ဒေါ်သတွေပြည့်နှက်နေသော သူတို့အုပ်စုကိုတော့ ဘာ စကားမှ ပြန်မပြောဖြစ်ပေ။ ဆိုင်ထဲမှာလည်း အချို့ဧည့်သည်တွေ ရှိနေသည်မို့ ခင်ချိုမြင့်က ပြေရာပြေကြောင်းပြောပြီး ချော့မော့ လိုက်၏။

ဖြိုးပြည့်ထွန်းသူငယ်ချင်းတွေ ပြန်သွားတော့မှ ခင်ချိုမြင့် တစ်ယောက် ပွဲထကြမ်းတော့သည်။

"အခုလို ပြဿနာဖြစ်အောင် ငါတို့အုပ်စုထဲက ဘယ်သူ ဖော်ကောင်လုပ်ပြီး မျက်နှာလိုမျက်နှာရ စကားသွားပြောရတာလဲ၊ နင်တို့တွေကရော ဒီလိုကိစ္စမျိုးတွေ ကင်းကြလို့လား၊ သူများစား ပေါက်ကို မဆိုင်ဘဲနဲ့ ဝင်ပိတ်ချင်တဲ့ဟာတွေ သတိကျပ်ကျပ်ထား နေကြ၊ ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျသိရလို့ကတော့ တကယ်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူးမှတ်"

"တော်ပါ ခင်ချိုမြင့်ရယ် . . . ပြောတဲ့လူကလည်း ပြောပြီး နေပြီ၊ ဆိုင်ထဲမှာ ဒီပြင်ဧည့်သည်တွေ ရှိသေးတယ်၊ ကျယ်ကျယ် လောင်လောင်ဖြစ်ရတာ မကောင်းပါဘူး၊ သူတို့ပြောသွားသလိုပဲ ကိုယ့်ဘက်က ထိန်းထိန်းသိမ်းသိမ်းနေလိုက်ရုံပဲ ရှိတော့တာပေါ့ဟာ"

သူမနှင့် ဖြိုးပြည့်ထွန်းတို့ မနက်ဖြန်မနက် လှေ့ကား ဥယျာဉ်သွားဖို့ ချိန်းဆိုထားတာကို ခင်ချိုမြင့်တစ်ယောက် သိထား သည်။

ဒီနေ့ဖြစ်ခဲ့သော အကျိုးဆက်ကြောင့် မနက်ဖြန်ခရီးစဉ် ကို မထိပါးစေနိုင်တာ သူမ, အသိဆုံးဖြစ်၏။

"ပြဿနာကတော့ အဲဒါပဲဖြိုး၊ ဖြိုးသူငယ်ချင်းတွေ ကြိမ်း မောင်းသွားတာ ခင်ချိုမြင့်အတွက် မကောင်းဘူး ဖြစ်နေတယ်၊ ပြီးတော့ ဉနဲ့ ခင်ချိုမြင့်လည်း စကားပြောရတာ တစ်မျိုးပဲ၊ ဉ,



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာတွေအားလုံးကို ဖြိုးသိအောင် ပြောပြထားပြီးသားနော်၊ အခုချိန်မှာ ခင်ချိုမြင့် အားကိုးတစ်ခုတည်းနဲ့ ဥအတွက်ရော ဥမိဘတွေအတွက်ပါ ရပ်တည်နေရတဲ့ အနေအထားလေ၊ ဒီလိုဖြစ်ရတာ ခင်ချိုမြင့်မျက်နှာကိုတောင် ရဲရဲမကြည့်ရဲဘူးဖြစ်ရတယ် ဖြိုး”

ဟုတ်တာတွေ၊ မဟုတ်တာတွေရော လုံးထွေးပြီး ပြောမိလိုက်သည်။

ကားမောင်းနေရင်းကပင် ဖြိုးတစ်ယောက် သက်ပြင်းရှည်ချတော့၏။

“တကယ်တော့ ဒီကောင်တွေ သက်သက် နိုင်တဲ့သူတွေကို ဖိထောင်းတာ၊ ဒီလို မလုပ်ကောင်းဘူး၊ ပြောစရာ အပြစ်တင်စရာရှိရင် ဖြိုးကိုပဲ သူတို့ပြောရမှာ”

“သူတို့ဘက်က ပူလည်း ပူစရာပဲလေ၊ ဥ,ဖြစ်ခဲ့တဲ့ နောက်ကြောင်းတွေက အနံ့တထောင်းထောင်း မဟုတ်လား၊ ဥလည်း ဘဝကို ဒီလိုပုံစံမျိုးနဲ့ ဖြတ်သန်းရတာ စိတ်ကုန်တယ်၊ သူတို့ စိုးရိမ်သလို၊ ဥတို့ ဘာမှမဖြစ်ခဲ့ကြသလို၊ ဥအနေနဲ့လည်း ဖြိုးအပေါ် ဘာအခွင့်အရေးမှ မယူခဲ့မိဘူး”

“ဖြိုး တကယ်စိတ်မကောင်းဘူး ဥရယ်၊ ဘယ်သူတွေကြောင့်မှ အခုလို ဖြစ်ရတာ မဟုတ်ဘူး၊ အဓိကတရားခံက ဖြိုးပါပဲ၊ တကယ်လို့များ မမချိုနဲ့ အဆင်မပြေဖြစ်ခဲ့ရင် ဘာတွေဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ စိတ်ကူးထားလဲဟင် . . . ဥ”

သူမတို့ စီးနင်းလာသော ကားလေးက ကျိုက္ကလေ့ ကျော်ပြီး ဝါယာလက်သို့ပင် ရောက်လာခဲ့ပြီ။ စိတ်ထဲရှိသည့်အတိုင်း ပြောရရင်တော့ လှော်ကားသို့ သွားသည့် ခရီးစဉ်ကို သူမ, စိတ်မဝင်စားချင်တော့ပေ။

“ဥ, စိတ်ကူးထားတာကို ပြောပြမယ်နော်၊ အိမ်က ပါလာတာရော၊ အလုပ်လုပ်ရင်း ရထားတာရော ပေါင်းလိုက်ရင် ဥ,လက်ထဲမှာ တစ်သိန်းစွန်းစွန်းလောက်တော့ ရှိမယ်ထင်တယ် ဖြိုး၊ အဲဒီပိုက်ဆံနဲ့ အခန်းတစ်ခန်းငှားပြီး လောလောဆယ်နေမယ်၊ အခုအလုပ်ထက် ကြွေ့ရတဲ့အလုပ်တစ်ခုကိုရှာပြီး ကျောင်းဆက်တက်ဖို့ စဉ်းစားထားတယ်ဖြိုး”

“ကောင်းပြီ ဥ၊ ဒီတစ်ခါတော့ ဥ မတောင်းဆိုလည်း ဖြိုးက ကူညီဖို့ တာဝန်ရှိလာပြီ၊ ဥ,လက်ထဲက ပိုက်ဆံကို ဥ,ဘာသာ သိမ်းထား၊ လောလောဆယ်နေစရာအတွက် ဖြိုးမှာ အခန်းတစ်ခန်းရှိတယ်၊ မမချိုဆီမှာလည်း ဥ, အလုပ်ဆက်မလုပ်နဲ့တော့၊ ဖြိုးအခန်းမှာနေ၊ ဒါမှ အားလုံး ခြေရာပျောက်သလိုဖြစ်သွားမှာ”

“ဖြစ်မယ် မထင်ဘူး ဖြိုးရယ်၊ ဘာအကူအညီအထောက်အပံ့မှ မယူဘဲနဲ့ ဖြိုးအသိုင်းအဝိုင်းက ပြဿနာရှာနေတာ၊ ဖြိုးပြောတဲ့အတိုင်း ဥ, လုပ်လိုက်ရင် ပိုရှုပ်ကုန်မှာပေါ့ ဖြိုး”



www.burmeseclassic.com

www.burmeseclassic.com



"ကြာပါတယ် ဥရယ်၊ လှော်ကား ဆက်မသွားတော့ဘူး၊ ရန်ကုန်ဘက် ပြန်လှည့်ပြီး ဖြိုးပြောတဲ့အခန်းကို ဥ,လိုက်ကြည့်၊ ပြီးမှ . . . ရှေ့ဆက်ရမယ့်ကိစ္စတွေကို အေးအေးဆေးဆေး ပြောကြတာပေါ့"

ပြောပြောဆိုဆိုပင် ကားကို အရှိန်လျှော့ပြီး ရန်ကုန်ဘက်ဆီသို့ ပြန်ကွေ့လိုက်၏။

သူမအနေဖြင့် တားမြစ်စကားတွေမပြောဘဲ အလိုက်သင့်ပင် ငြိမ်သက်စွာ လိုက်ပါလာမိတော့၏။

လမ်းတစ်လျှောက်လုံး ဖြိုးရော သူမ,ပါ စကားမပြောဘဲ အတွေးကိုယ်စီနှင့် နေခဲ့ကြသည်။ သူမအနေဖြင့် ရှေ့ဆက်,ကရမည့်အတွက် စဉ်းစားနေခဲ့သလို ဖြိုးကလည်း ဘာတွေလုပ်ပေးရမည်ကို စဉ်းစားနေခဲ့ဟန် တူ၏။

ဗဟိုလမ်းအတိုင်း မောင်းနေရင်းကပင် သမိုင်းလမ်းဆုံကျော်ပြီး ဘုရားလမ်းဘက်ဆီသို့ ထင်ရသော လမ်းအတိုင်း ချိုးကွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

အိမ်ရာဝင်းတစ်ခုကို မြင်သည်နှင့် ကားချိုးဝင်လိုက်၏။ တိုက်တန်းလျားတစ်ခုရှေ့မှာ ကားထိုးရပ်လိုက်သည်။

"ဖြိုးပြောတဲ့ အခန်းကိုတော့ ရောက်ပြီ ဦ၊ အခုမြင်နေရတဲ့ လှေကားအတိုင်း တက်သွား၊ ဒုတိယထပ် ညာဘက်အခန်းက ဖြိုးရဲ့အခန်းပဲ၊ မှားစရာမရှိဘူး၊ တံခါးမှာ အင်္ဂလိပ်လို ဖြိုးလို့ စာရေးထားတယ်"

ကားပေါ်မှ မဆင်းသေးဘဲ အခန်းရှိရာကို ဖြိုး ပြောပြနေ၏။

"ဦ,က ဘာလုပ်ရမှာလဲ ဖြိုး"

"ဒီမှာ အခန်းသော့ ဦ၊ အခန်းအနေအထားကို ဦတက်ကြည့်လေ၊ အခန်းမှာ ဖုန်းလည်း ရှိတယ်၊ ပစ္စည်းတွေလည်း ရှိသင့်သလောက် ရှိတယ်၊ ဒီအခန်းရှိတာကို ဖြိုးသူငယ်ချင်းတွေရော၊ လူကြီးတွေပါ သိကြတာ မဟုတ်ဘူး၊ တစ်ခါတစ်ခါ ဖြိုး စာလာကြည့်ရင်း နားတာပဲရှိတယ်၊ သူငယ်ချင်းတွေကို အသိမပေးတာက အရမ်းလွတ်လပ်ပြီး ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်မှာရယ်၊ လူပျိုခန်းတစ်ခန်း ဖြစ်သွားမှာစိုးလို့၊ လူကြီးတွေကို အသိမပေးဘူးဆိုတာက ဖြိုးအကြောင်းနဲ့ဖြိုးပါ၊ ဒီအခန်းကို လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ဖြိုးပိုင်သလို ဖြစ်နေခဲ့တာ၊ ဒီအခန်းက ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အမွေရထားတဲ့ အခန်းလေ၊ ဒီကောင်က ဖြိုးလိုပဲ စာတော်တယ်၊ မိထွေးနဲ့ အဆင်မပြေဖြစ်တော့ ဒီမှာလည်း သူ မနေချင်ဘူး၊ သူ့အတွက် အမွေရတဲ့အခန်းဆိုတော့ နိုင်ငံခြား ထွက်ဖို့ ဖြိုးဆီမှာ ငွေလှည့်ခဲ့တာ၊ ဖြိုးကလည်း လူကြီးတွေ မသိ အောင် သူနိုင်ငံခြားထွက်နိုင်ဖို့ ငွေရေးကြေးရေးကို ဖောဖောသီသီ ကူညီပေးခဲ့တယ်၊ သူ နိုင်ငံခြားထွက်ဖြစ်ပြီး ဟိုမှာ အရမ်း အဆင် ပြေနေတယ်၊ ဖြိုးကိုလည်း သူ ကျေးဇူးတင်နေတယ်၊ ဟိုမှာပဲ အိမ်ထောင်ကျဖြစ်တော့ ဒီအခန်းကို ဖြိုးအတွက် အပြီးအပိုင် လွှဲခဲ့တာလေ"

သူမအဖို့တော့ ရေကန်အသင့် ကြာအသင့်လို ဖြစ်ကိန်းနှင့် ကြုံလေပြီ။ အခန်းသော့ကလည်း သူမလက်ထဲမှာ . . .

"ဘာလဲဖြိုး . . . ဖြိုးမပါဘဲ ဉတစ်ယောက်တည်း အပေါ် တက်ရမယ့်သဘောလား"

"ဟုတ်တယ် ဉ၊ ဉတစ်ယောက်တည်းပဲ တက်ကြည့်လိုက် ပါ၊ ဉ အခန်းကြည့်နေတုန်းမှာပဲ ဉ စိတ်ချလက်ချဖြစ်အောင် အခန်း ပိုင်ဆိုင်တဲ့ စာချုပ်စာတန်းတွေရယ်၊ လိုရမယ်ရ ဉ, သုံးနိုင်ဖို့ စာအုပ်ရယ်ကို ဖြိုးပြန်ယူလိုက်ဦးမယ်၊ ဖြိုးပြောတာအားလုံးကို ငြင်း ဖို့ မကြိုးစားနဲ့ ဉ၊ အခု အကူအညီအားလုံးဟာ ဖြိုးအတွက် ဘာမှ အပန်းကြီးတာ မဟုတ်ဘူး၊ နောက်နာရီဝက်လောက်ကြာတာနဲ့ ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာမယ်၊ ပြန်ရောက်တာနဲ့ ဖုန်းလှမ်းခေါ် လိုက်မယ်၊ ဥ ပြန်ဆင်းလာခဲ့ပေါ့ ဟုတ်ပြီလား"

ဘာမှ မစည်းရုံး မသိမ်းသွင်းလိုက်ရဘဲ စေတနာတွေက ပြိုကျလာခဲ့၏။ အခန်းသော့ကို ကိုင်ရင်း ကားပေါ်မှ ပေ့ါပါးစွာ ဆင်းလိုက်မိသည်။ သူမဘက်မှာ ကံကြမ္မာက အဆင်သင့်မျက်နှာ လိုက်ပေးနေသည်ပဲ။ လိမ္မာပါးနပ်စွာဖြင့် ရအောင် ယူတတ်ဖို့သာ လိုတော့သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၆ )

“ဦးထွန်းတို့ သိချင်နေတဲ့ ဖြိုးနဲ့ဉတို့ရဲ့ ဆက်ဆံရေးအနေအထားက ဒါတွေပဲ၊ ဒီနေ့အထိ ဖြိုးနဲ့ဉတို့ ဖြူစင်ခဲ့ကြတယ်ဆိုတာကို ဦးထွန်း ယုံပါ”

ယုံကြည်အားကိုးသူတစ်ယောက်ရှေ့မှာ အဖြစ်အပျက်တွေကို အိတ်သွန်ဖာမှောက် ပြောပြလိုက်ရသည့်အတွက် သူမ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသွား၏။

“ဉ,နေတဲ့ တိုက်ခန်းရဲ့ ရာဇဝင်က ဒီလိုကိုး၊ ဦးထွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



ကြားတာကတော့ ဒီအခန်းက ဖြိုးက ငှားပေးထားတာလို့ပဲ ကြားမိတာလေ၊ နေပါဦး ဉ . . . ဒီအခန်းမှာ ဉနေတာ ဘယ်လောက်ရှိသွားပြီလဲ”

“တစ်လခွဲနီးပါးရှိပြီ ဦးထွန်း”

“စပ်စုတယ် မထင်နဲ့ဦးနော်၊ သက်ာမကင်းတဲ့သဘောနဲ့ ဒီမေးခွန်းကို မေးတယ်လို့လည်း မှတ်မယူနဲ့ဦး . . . အဲဒီတစ်လခွဲအတွင်းမှာ ဖြိုးနဲ့နှစ်ယောက်တည်း မတွေ့ဖြစ်ကြတော့ဘူးလား၊ ခရီးသွားဟန်လွှဲ ခဏတစ်ဖြုတ် သွားသွားလာလာနေတာကို မေးတာနော်”

မေးသင့်သော စကား၊ မမေးအပ်သော စကားမှ့ သူမစိတ်မဆိုးဖြစ်ပေ။ ကာယကံရှင် မဟုတ်သူများအတွက်တော့ ရယ်စရာ ဟာသတစ်ခုလို ဖြစ်နိုင်ကောင်းမည်လေ။

“စကားကုန်ပြောခဲ့တယ်လို့ဆိုပေမယ့် အရေးကြီးတာတွေကျန်သေးတယ် ဦးထွန်း၊ ခုနက ပြောခဲ့တဲ့ အခြေအနေအထိကဖြိုးအပေါ်မှာ မကောင်းတဲ့ စိတ်အကြံအစည်တွေနဲ့ နေထိုင်ဆက်ဆံခဲ့တာတွေလေ၊ ဦးထွန်း မှတ်မိဦးမလား မသိဘူး . . . ဦးထွန်းမွေးနေ့မှာ ဉနဲ့ စတွေ့ဖြစ်ခဲ့တာလေ”

သူမဘဝမှာ . . . ပထမဆုံးအကြိမ်အဖြစ် သန့်စင်သောယောကျ်ားတစ်ယောက်အဖြစ် ဖြိုးကို ကြုံတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး၏ အပြုအမူ အယုအယတွေကြောင့် မထူးဆန်းသော်လည်း ဦးထွန်းအကြောင်း ကြားရရုံ၊ ဦးထွန်းကို မြင်ဖူးရုံဖြင့် အားကိုးချင်သော စိတ်၊ သံယောဇဉ်ဖြစ်ချင်သော စိတ်တို့က သူ့အလိုလိုဖြစ်ခဲ့ခြင်းကိုတော့ သူမကိုယ်တိုင် ထူးဆန်းအံ့သြခဲ့ရ၏။

"မှတ်မိတယ် ဥ . . . ပြောပြစမ်းပါဦး"

"အံ့သြစရာ ကောင်းလွန်းတယ် ဦးထွန်း . . . ဖြိုးနဲ့ ခင်ကတည်းက ဦးထွန်းအကြောင်းကို ကြားရတာ၊ ဦးထွန်းရဲ့ မေတ္တာတရားကို သိရတာ ရင်ထဲမှာ သူ့အလိုလို အေးသွားသလိုမျိုးပဲ၊ လူချင်းတွေ့ဖြစ်ကြတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပြောရမှန်း မသိအောင် ဖြစ်ရတယ်၊ အဲဒီနေ့က ဦးထွန်းနဲ့ဆုံပြီး ဥ,စိတ်တွေပြောင်းသွားသလိုပဲ၊ အဲဒီကအပြန်မှာပဲ ဖြိုးအပေါ် ထားဖြစ်ခဲ့တဲ့ မရိုးမသားစိတ်တွေကို အလိုလို မုန်းမိလာတယ်၊ အဲဒီနေ့ညက ဖြိုးပြောခဲ့တဲ့ စကားတွေကြောင့်လည်း ပါမယ်ထင်တယ်၊ အဓိက, ကတော့ . . . ဥကိုယ်တိုင် မသိနိုင်တဲ့ ဦးထွန်းရဲ့မေတ္တာအငွေ့အသက်ကပဲ ဥ,စိတ်တွေကို ပြောင်းလဲသွားစေခဲ့တာပဲ ဖြစ်မှာပါ"

မွေးနေ့ပွဲက အဖြစ်အပျက်။

မွေးနေ့ပွဲကအပြန် သူမအား ဖြိုးပြောဖြစ်ခဲ့သော စကားတွေ။

ပြီးတော့ ဖြိုးကို အမှန်အတိုင်း ဖွင့်ပြောဖြစ်ခဲ့ပြီး ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သည့်အရာကို ပြန်မပေးနိုင်မှန်း အပြတ် ပြောခဲ့ပုံများကို တစ်လုံးမကျန် ပြောပြဖြစ်ပြန်၏။

❦ ❦ ❦

မွေးနေ့ပွဲသို့ မလာမီကအထိ ဖြိုးအပေါ် မရိုးမဖြောင့် ဆက်ဆံခဲ့မိသမျှတွေအတွက် သူမကိုယ်သူမ ရှက်ရွံ့နေမိ၏။

ဖြိုးက ကားနှင့်ပြန်လိုက်ပို့သော်လည်း သူမစိတ်ထဲမှာ တစ်ခုခု ပြောချင်နေ၏။

သူမအမူအရာ ပျက်ယွင်းနေသည်ကို ဖြိုး သတိထားမိသောကြောင့် စိတ်ထဲ တွေးထင်သည်ကို ဖြိုး ပြောလာသည်။

"ဘယ်လိုဖြစ်ပြီး အရမ်းငြိမ်ကျသွားရတာလဲ ဥ၊ မျက်နှာလည်း တစ်မျိုးဖြစ်နေတယ်၊ ဘာလဲ . . . လေးလေးနဲ့ ဦးထွန်းတို့ရဲ့ စကားတွေကြောင့် ဥ့စိတ်ထဲမှာ စိတ်အနှောင့်အယှက် ဖြစ်နေရတာလား၊ ဦးထွန်းကတော့ ဒီလောက်ကြီး မဟုတ်ဘူး၊ လေးလေးကတော့ သူ့ဝသီအတိုင်း စကားကို မဆင်မခြင် ပြောတတ်တာ ဥရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ မဆိုင်ပါဘူး၊ တစ်ယောက်မှလည်း စကားအများ မပါ,ပါဘူး၊ ရင်ထဲမှာ ဉ,ဘာသာ တစ်မျိုးဖြစ်နေတာ"

"ဒါဆို . . . ကားခဏရပ်လိုက်မယ်နော်၊ ဉ, ခေါင်းမူးနေလို့များလား"

ကိုယ့်အတွေးနှင့်ကိုယ် ယောက်ယက်ခတ်နေစဉ်မှာပင် ဖြိုးတစ်ယောက်က တစ်မျှောင့်။

စိတ်ထဲမှာ မွန်းကျပ်လာသောကြောင့် ဖြိုးကို ပြောလိုက်မိသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ဉအပေါ် ကြင်နာနေရတာလဲ ဖြိုး၊ ဘာတစ်ခု မရဘဲနဲ့ ဉ,အပေါ် မေတ္တာစိတ်တွေထားနေရတာလဲ၊ ဉရဲ့အကြောင်းကို ဘယ်လောက်သိပြီး ဉစိတ်ထဲမှာ ဘာတွေအကောက်ကြံခဲ့လဲဆိုတာကိုရော ဖြိုး သိရဲ့လား"

"သံယောဇဉ်စိတ်ဆိုတာက ပြောရခက်တယ် ဉ၊ သွေးမတော် သားမစပ်တဲ့ လူတိုင်းအပေါ်မှာလည်း အဲဒီသံယောဇဉ်က တွယ်ငြိချင်မှ တွယ်ငြိတတ်တာ၊ သံယောဇဉ်စိတ် တကယ်တွယ်ငြိမိပြီဆိုရင် ရှုံးတာလည်း မသိဘူး၊ တုံ့ပြန်မှုတစ်ခုခုအတွက်လည်း နောက်ဆံတင်းမနေတတ်ဘူး"

"ဖြိုး . . . ဖြိုးရဲ့ သံယောဇဉ်တွေက ခုလိုမိန်းမနဲ့ လုံးဝမတန်ဘူး ဖြိုး၊ ဖြိုးကို ဆက်ဆံခဲ့တာ ဖြိုးကို ပြောခဲ့တာတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



မသန့်စင်တဲ့ မာယာတွေပဲ၊ ဖြိုးပေးခဲ့ရတာတွေက များလွန်းနေပြီ၊ ဉကို တစ်ခုခု တုံ့ပြန်ပါ ဖြိုး၊ ဖြိုးလိုချင်တာ ရအောင်ယူပြီး ဉဆီက နေ အမြန်ထွက်သွားပါတော့”

သူမစိတ်တွေ ဖောက်လွဲဖောက်ပြန် ဖြစ်ကုန်တာတော့ သေချာသွား၏။

“ဉဆီကနေ ဖြိုးတစ်ခုတည်းပဲ လိုချင်ခဲ့တာ”

“ဘာများလဲ ဖြိုး”

“ချစ်ခြင်းတရားပဲ၊ ဉကို ချစ်တယ်၊ မြတ်နိုးတယ်၊ ဒါကြောင့်မို့ ဉအနားမှာ နေခွင့်ရအောင် ဖြိုးကြိုးစားနေရတာ”

“ချစ်ခြင်းတရား၊ ဉကိုချစ်တယ်၊ လုံးဝမဖြစ်နိုင်ဘူး ဖြိုး၊ ဉမချစ်တတ်ဘူး၊ အထူးသဖြင့် ယောကျ်ားတစ်ယောက်ကို ချစ်ဖို့ စိတ်ကူး မရှိသလိုဘဲ၊ ချစ်တယ်လို့ ပြောတတ်တဲ့ယောကျ်ားတွေကိုလည်း အယုံအကြည် မရှိဘူး၊ ချစ်တယ်လို့ မပြောဘဲနဲ့ ဖြိုးလိုချင်တာကို ယူသွားလို့ မရဘူးလား”

“ဖြိုးလိုချင်တာ ဉရဲ့အချစ်ပဲ”

“တော်တော့ ဖြိုး . . . အချစ်ကလွဲလို့ ကျန်တာတွေကို ဖြိုးယူပြီး ထွက်သွားရင်ရတယ်၊ အချစ်ကတော့ ဉဆီမှာ လုံးဝမရှိဘူး၊ ဒီစကားကို နောက်ဆုံးအနေနဲ့ ဖြိုးပြောတာဖြစ်ပါစေ ဖြိုး၊ နောက်တစ်ခါ ပြောလာခဲ့မယ်ဆိုရင်တော့ ဉ, ခွင့်မလွှတ်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား ဉရယ်၊ ဉ မပြောစေချင်ရင်လည်း ဖြိုး ထပ် မပြောတော့ဘူး၊ သံယောဇဉ်တစ်ခုနဲ့တော့ ဉအနားမှာ နေခွင့်ပြုပါ"

"ဖြိုး"

"ဘာလဲဉ"

"ဉကို မက်မောတဲ့စိတ်နဲ့၊ တစ်ခုခု ရယူလိုချင်တဲ့စိတ်နဲ့ ဖြိုး စိတ်ရှည်သည်းခံနေပြခဲ့တာ မဟုတ်လား"

"ဖြိုးအပေါ် ဉ နားမလည်ဘူး၊ ဘယ်တုန်းကများ . . . ဉ တစ်ယောက်တည်းရှိတဲ့ အခန်းထဲကို ဖြိုးရောက်လာဖူးလို့လဲ၊ ဖြိုး လည်း ပုထုဇဉ်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ ဉအပေါ် ထားခဲ့တဲ့ စေတနာတွေ၊ သံယောဇဉ်တွေကြောင့်ပဲ မလာဖြစ်ခဲ့တာ စောင့် စည်းခဲ့တာ၊ ဉမြဲမြဲ မှတ်ထားပါ၊ ဉဆီက အချစ်ကို မရဘဲနဲ့တော့ ဘာမက်မောစရာကိုမှ ဖြိုးမယူချင်ဘူး"

ဖြိုးကိုကြည့်ရင်းကပင် သူမစိတ်တို့ ချောက်ချားစပြုလာ၏။ ချစ်ခြင်းမေတ္တာသည် ဒီနှယ်ကြီးမားကျယ်ပြန့်ပြီး အေးချမ်းနိုင် စွမ်းရှိပါလား။

❦ ♣ ❦



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက ဥစိတ်တွေ တကယ့်ကို ကစဉ့်ကလျားဖြစ်နေခဲ့တာ အမှန်ပဲ ဦးထွန်း၊ ဖြိုးအနေနဲ့ ဖြူစင်ပြလေ ဥအနေနဲ့ ချောက်ချားရလေပဲ၊ ဦးထွန်းပဲ စဉ်းစားကြည့်ပါ . . . ဥ, တောက်လျှောက်ကြုံခဲ့ရတဲ့ ယောက်ျားတွေဟာ သူတို့အာသီသတစ်ခုအတွက် စိတ်ရှည် သည်းခံခဲ့ကြတယ်၊ ချစ်တယ်လို့ပြောပြီး သူတို့အာသီသကို ဖြည့်စွမ်းဖို့ ကြိုးစားခဲ့တာချည်းပဲ"

"ကောင်းပြီ ဥ . . . ဒီတော့ ဖြိုးနဲ့ပတ်သက်ပြီးတော့ ရှေ့ဘာဆက်လုပ်မလဲ ဥ"

"ဖြိုးက ဥနဲ့မှ မထိုက်တန်ဘဲ ဦးထွန်းရယ်၊ သံယောဇဉ်တစ်ခုအနေနဲ့ပဲ ဆက်ဆံချင်တယ်၊ ဥကြောင့် ဒုက္ခမတွေ့စေချင်ဘူး၊ ဥဆိုတဲ့ မိန်းမက ယောက်ျားတွေကို အယုံအကြည် မရှိသလို၊ သူတို့ကိုလည်း စွဲစွဲလမ်းလမ်းနဲ့ ချစ်မနေချင်ဘူး"

သူမစကားတွေကို နားထောင်နေရင်းကပင် သက်ပြင်း တွေ ဦးထွန်းချနေ၏။

နောက်ဆုံးမှာတော့ သူမနှင့်ဖြိုးတို့၏ အဖြစ်အပျက်ကို ရေရာခြင်းကင်းစွာဖြင့် ဦးထွန်း ကောက်ချက်ချ၏။

"ဥ,ကို ဦးထွန်း နားမလည်နိုင်သလိုဘဲ၊ ဖြိုးကိုလည်း ကိုယ်ချင်းစာနေမိတယ်၊ အခုအခြေအနေအတိုင်း ဆက်သွားလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ဉ၊ ပတ်ဝန်းကျင်ဆိုတာရှိနေသေးတယ်၊ ဖြိုးအနားမှာ ဦးထွန်းတစ်ယောက်တည်း ရှိနေတာ မဟုတ်ဘူး”

“ယာယီခဏတော့ ဉ,အတွက် ခိုလှုံခွင့်ပြုပါ ဦးထွန်း၊ ဖြိုးရဲ့ မေတ္တာရိပ်၊ ဦးထွန်းရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံရင်းနဲ့ တစ်ခုခုကို ဆုံးဖြတ်တော့မှာပါ။ ဦးထွန်း ခွင့်ပြုမယ် မဟုတ်လားဟင်”

“ကိုယ်ခွင့်မပြုရင်လည်း ဒီအခြေအနေက ဆက်ဖြစ်နေဦးမှာဆိုတော့ ခွင့်ပြုတယ်ဆိုတဲ့စကားကို ပြောတာ ပိုသဘာဝကျပါလိမ့်မယ်”

သူမ၏စကားတွေကို ဦးထွန်းတစ်ယောက် အကြွင်းမဲ့ ယုံကြည်မှာတော့ မဟုတ်ပေ။

မယုံနိုင်လောက်အောင်ဘဲ သူမ, နောက်ကြောင်းရာဇဝင်တွေက ရှိခဲ့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

"ငါတော့ နင့်စကားတွေ နင့်လုပ်ရပ်တွေကို ဘာတစ်ခုမှ နားမလည်တော့ဘူး၊ ယုံလည်း မယုံချင်တော့ဘူး၊ ငါ အပါအဝင် လူတွေအားလုံးက နင့်အပေါ် အခုချိန်မှာ ဘယ်လိုမြင်နေကြတယ် လို့ နင်ထင်လဲ ဉ"

အရင်းနှီးဆုံး သူငယ်ချင်းမို့ ဦးထွန်းနှင့်ပတ်သက်ပြီး သူမ စိတ်တွေ အပြောင်းအလဲ ဖြစ်ရပုံကို ဆွေးနွေးမိသည်။

"ပြောစမ်းပါဦး ခင်ချိုမြင့်"

www.burmeseclassic.com

www.burmeseclassic.com



"အားမနာတမ်း ပြောရရင်တော့ဟာ ဖြိုးနဲ့ငြိတယ်၊ နင်ရသင့်သလောက်လည်း ရခဲ့တယ်၊ ဒီမှာတင် ဖြိုးထက် ပါဝါကြီးတဲ့ ဦးထွန်းမင်းသန်းကို နင်တွေ့သွားတယ်၊ အခုချိန်မှာ ဖြိုးဟာ ဦးထွန်းလောက် နင့်အတွက် မကြီးကျယ်တော့တာ သေချာနေပြီလေ၊ နင် ဦးထွန်းကို အပိုင်ကိုင်ဖို့ ဇာတ်လမ်းတွေ လုပ်နေတာ မဟုတ်လား ဉ"

"ဒီသဘော မဟုတ်ဘူး ခင်ချိုမြင့်၊ ဖြိုးဆီက ယူခဲ့တာတွေအတွက် ငါရှက်နေမိတယ်၊ ဦးထွန်းဆီက ငါ ဘာမှ ထပ်မလိုချင်ဘူး"

"ဒါဆိုရင်တော့ အဖြေက ရှင်းရှင်းလေးပါ ဉရယ်၊ နင် ဦးထွန်းကို ချစ်သွားပြီဆိုတာပဲ၊ ဒါကလည်း အကြောင်းရှိတယ်နော်၊ ဦးထွန်းက လူလွတ်၊ ဖြိုးနဲ့ပတ်သက်ပြီး နင့်ကို ကိုင်တွယ်တဲ့နေရာမှာ အရမ်းနူးညံ့နေတယ်၊ ဒါကို နင့်နှလုံးသားက လုံးဝမခံနိုင်ဘူး ဖြစ်နေတာ၊ နင် ဦးထွန်းဆီကပ်တာ နင့်ဘဝအတွက် အားကိုးတာ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် နင် တကယ်ချစ်နေလို့ပဲ၊ အဲဒီနှစ်ခုထဲကမှ တစ်ခုမှ မဟုတ်ခဲ့ရင်တော့ နင် ရူးနေတာပဲဖြစ်မှာ"

ခင်ချိုမြင့်၏စကားတွေကို သူမ စဉ်းစားရင်း ခေါင်းရှုပ်ထွေးလာ၏။

"ငါ ဦးထွန်းကို ချစ်မိနေတာတော့ မဖြစ်နိုင်ဘူး"

"ထားလိုက်ပါဟာ၊ ငါမေးမယ် . . . ဖြိုးနဲ့ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကို နင် စကားကုန်ပြောခဲ့တယ်၊ ဖြိုးကို အရာရာ ခွင့်ပေးခဲ့ ပေမယ့် ဖြိုးက နင့်အပေါ် ဖျူစင်ခဲ့တယ်၊ မိန်းမတွေရဲ့ သဘာဝက ဒီအတိုင်းပဲ ဉ၊ တကယ်လို့များ ဦးထွန်းက စပြီး နင့်ကို တစ်ခုခု တောင်းဆိုလာရင် နင် ဘယ်လိုလုပ်မလဲ၊ ငါ့အမြင်မှာတော့ ဦးထွန်း အနေနဲ့ ဖြိုးလိုတော့ ဖျူစင်ပြမှာ မဟုတ်ဘူး ထင်တယ်၊ နင် ဖြိုးကိုပဲ ရွေးသင့်တယ်၊ နင့်အတွက် အဖော်ဟာ ဖြိုးပဲ ဉ၊ နင့်အန္တိတာ၊ နင့် ဒုက္ခသုခကို ခံနိုင်မှာက ဒီကမ္ဘာမှာ ဖြိုးတစ်ယောက်ပဲ ရှိနေမှာ”

“နင်ပြောသလိုဆိုရင် ဦးထွန်းက ငါ့ကို တစ်ခုခုတောင်းဆို ခဲ့ရင် ငါ ဘယ်လိုလုပ်မလဲ ဟုတ်လား”

“ဟုတ်တယ်လေ နင်ဖြေကြည့်”

“မဖြစ်နိုင်ဘူးဟာ၊ ဦးထွန်းဟာ အဲဒီလို လူစားမျိုးထဲက မဟုတ်ဘူး”

“သိပ်သေချာတာပေါ့ ဉ၊ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရှေ့မှာ အလိုလိုကျဆုံးဖို့အတွက် အဲဒီလို အထင်ကြီးလေးစားမှုတွေ လွန်ကဲပြတတ်တယ်ဉ၊ သိပ်ကြာမယ် မထင်ပါဘူး . . . အခြေအနေတစ်ခုကို ဦးထွန်းကိုယ်တိုင် ဖန်တီးယူ လိမ့်မယ်၊ ဉပမာပေါ့ဟာ ဒီဝန်းကျင်ကနေပြီး နင်နဲ့အတူ ခရီးဝေး တစ်ခုကို သွားတာမျိုး”

ခင်ချိုမြင့်ကတော့ ဘာရယ်မဟုတ် ရမ်းပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ ခင်ချိုမြင့် စကားတွေက တကယ့်ကို တိုက်ဆိုင်နေ၏။ ရှေ့တစ်ပတ်ထဲမှာ မန္တလေးသွားဖို့ ဦးထွန်းက ပြောထားသည်ပဲ။

"ငါတို့ ခရီးသွားဖို့တော့ ရှိတယ်၊ အလုပ်ကိစ္စနဲ့ မန္တလေး သွားရမှာ ခင်ချိုမြင့်"

"ငါပြောတာတောင် နောက်ကျနေတယ် မဟုတ်လား၊ ဘာလဲ နင်နဲ့ဦးထွန်း နှစ်ယောက်တည်း သွားကြမှာ မဟုတ်လား"

"ဒါတော့ နင်မှားသွားပြီ၊ ငါတို့နှစ်ယောက်နဲ့အတူ လေး လေးကျော်မိုးရယ်၊ ပြီးတော့ နောက်ဝန်ထမ်းတစ်ယောက်ရယ်ပါ၊ ပါလာမှာ"

"နှစ်ယောက်တည်းပဲ သွားသွား၊ အများနဲ့ပဲသွားသွား ငါ ကြိုပြီး နိမိတ်ဖတ်လိုက်မယ်၊ အဲဒီခရီးကအပြန်မှာ နင့်ဘဝ၊ နင့် အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှာ သေချာတယ်၊ အခု ဖြိုးနဲ့ ဖြစ်နေတဲ့ ပြဿနာတွေထက် အဆပေါင်းများစွာ ကြုံလာ နိုင်တယ်၊ နင်က မိန်းမလည်ပဲဟာ . . နောက်ဆုံးမှာတော့ အကျဉ်း အကျပ်ထဲကနေ နင့်အတွက် တစ်ခုခု အမြတ်အစွန်းရအောင် လုပ် ပြဦးမှာပဲ မဟုတ်လား ဉ"

ခင်ချိုမြင့်တစ်ယောက်ကတော့ သူမစကားတွေကို လုံးဝ အယုံအကြည်မရှိ အဆိုသာ တင်သွင်းနေတော့၏။ သူမကလည်း သူမ,ပါပဲ။ ဘဝတစ်လျှောက်မှာ ယောကျ်ားတွေနှင့် ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လည်ခဲ့ပတ်ခဲ့တာ များပြီ။ ဖြိုးပြည့်ထွန်းကိုပင် ခင်ချိုမြင့်ရှေ့မှာ အမိအရချည်နှောင်ပြခဲ့သည်ပဲ။

သူမ အခန်းပြန်ရောက်သွားတော့ ညမိုးချုပ်နေပြီ။ အလုပ်ပိတ်ရက်မို့ မနက်အစောကြီးကတည်းကပင် ခင်ချိုမြင့်ဆီ သွားနေ၏။ အခန်းမှာ အမေရောက်နေသော်လည်း ရုံးပိတ်ရက်မို့ နေချင်စိတ်မရှိ။ အမေတစ်ယောက် အခန်းမှာရှိနေရင် ဖြိုးရောက်လာမည်ကို သိနေ၏။ ဒီရက်ပိုင်းမှာ ဖြိုးနှင့် ဆုံပြီး စကားတွေ အကြာကြီး ပြောချင်စိတ် မရှိပေ။

"သမီးလေးက သူငယ်ချင်းဆီ သွားတာ တစ်နေကို ကုန်ရော၊ ဖြိုးက ညနေစောင်းတဲ့အထိ သမီးလေး အပြန်ကို ထိုင်စောင့်နေတာ သမီး၊ အမေပြန်သွားလို့ နောက်တစ်ခါ ရန်ကုန်လာဖြစ်ရင် သမီး အဖေကိုပါ ခေါ်လာဖို့ ဖြိုးက ပြောနေသေးတယ်၊ ပြီးတော့လေ . . . သမီးလေး အလုပ်ခွင့်ယူပြီး အမေတို့မိသားစုကို ဘုရားစုံလျှောက်ပို့ပေးမယ်လို့လည်း ပြောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားတွေပြောရင်းကပင် အမေ အကဲခတ်ကြည့်နေ၏။

ဖြိုးနှင့်ပတ်သက်သည့် အချို့ကိစ္စတွေကိုတော့ အမေသိအောင် ပြောပြထားဖြစ်သည်။

ဒီအခန်းက ဖြိုးပိုင်သည့်အခန်း၊ ပြီးတော့ သူမအပေါ် သံယောဇဉ်ဖြစ်နေခြင်းများကို အမေသိ၏။

ဖြိုးနှင့်ပတ်သက်ပြီး သူမရင်ဆိုင်နေရသော ပြဿနာများကိုသာ အမေ စိတ်ဆင်းရဲမည်စိုး၍ မပြောပြဖြစ်ခဲ့ပေ။

"ဒါဆို အမေနဲ့ဖြိုးတို့ စကားတွေ အများကြီး ပြောဖြစ်ကြမှာပေါ့"

"ပြောဖြစ်တယ် သမီး၊ ဒါနဲ့ ဖြိုးမှာ အဖေရော အမေပါ မရှိကြတော့ဘူးဆို၊ ဦးထွန်းဆိုတဲ့ ဖြိုးအမေရဲ့ နောက်အိမ်ထောင်က သားအရင်းလို စောင့်ရှောက်ပေးနေတာတဲ့၊ ဖြိုးပြောပြမှ အမေသိရတာ"

"ဟုတ်တယ် အမေ၊ ဒီ့ပြင်ကိစ္စတွေရော ဖြိုးပြောသေးလား"

အမေအတွက် ခေါင်းရှုပ်စရာကိစ္စတွေကိုတော့ ဖြိုးပြောလိမ့်မည်မထင်။ သေချာအောင်တော့ မေးလိုက်ရသည်။

"သမီးနဲ့ ပတ်သက်တာကို ပြောတယ်၊ ဒီကိစ္စက မိန်းမချင်းမို့ ပြောတာ၊ သမီး သူ့ကို ပြန်ပြီး မပြောနေနဲ့၊ သမီးလေးကို ဖြိုးက



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ ခွင့်တောင်းထားတယ်ဆို၊ အဲဒီကိစ္စကို သမီးလေးက ရှောင်နေတယ်ဆိုတာ ဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ် အမေ၊ အိမ်ထောင်တစ်ခုဆိုတာ အမေသိတဲ့အတိုင်းပဲ၊ ပြီးတော့ သမီးရင်ထဲမှာ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး စိတ်အစွဲအလမ်းဖြစ်နေရတယ်ဆိုတာ အမေ အသိဆုံးပဲ၊ သမီးယောက်ျားတွေကို ရာသက်ပန် ယုံကြည်ဖို့ စဉ်းစားလို့ မရသေးဘူး အမေ၊ ဒါကြောင့် သမီး သူ့ကို တိတိကျကျ အဖြေမပေးတာ"

အမေ စိတ်ချမ်းသာအောင်တော့ စကားကို ဆင်ဆင်ခြင်ခြင် ပြောလိုက်ရသေး၏။

ဖြိုးတစ်ယောက်ကတော့ ဘာကိုမှ မစဉ်းစားဘဲ အမေ့ကို အပူကပ်နေပြီပဲ။

"သမီး"

"ဘာလဲ အမေ"

"အမေ့ကို တစ်မျိုး မထင်နဲ့နော်၊ ဖြိုးကလည်း တရားဝင် မေးလာတော့ အမေ မနေနိုင်ဘူး၊ ယောက်ျားတွေနဲ့ ပတ်သက်ပြီး သမီးမှာ အစွဲအလမ်းကြီး ဖြစ်နေတယ်တဲ့၊ အဲဒီယောက်ျားဟာ သမီး ဘဝတစ်ခုလုံးကို ချုပ်ကိုင်ထားသလိုပဲတဲ့၊ ဘယ်သူဘယ်ဝါကြောင့် သမီးစိတ်တွေ အခုလို ဖြစ်ရတာကို မေးတယ်၊ သမီးပဲ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ သမီးကလည်း သူ့ကို ပြောထားတယ်၊ ယောက်ျားနဲ့ ပတ်သက်တယ်ဆိုမှ သမီးလေးကို တစ်မျိုးမြင်သွားမှာ ကြောက်မိတယ်၊ ဒီတော့ အဲဒီယောက်ျားဟာ ဘယ်သူဘယ်ဝါဆိုတာကို အမေ ပြောပြလိုက်မိတယ်”

ဒီအကြောင်းတွေကို အဖေ၊ အမေနှင့် သူမတို့သုံးယောက်သာ သိထားကြသည်။ သူမအနေနှင့်လည်း စိတ်ထဲမှာ ခံစားနေရသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မပြောပြဖြစ်ခဲ့ပေ။

“ဒါဆို . . . အဖေနဲ့အမေဟာ သမီးရဲ့ အဖေအမေအရင်း မဟုတ်ဘူးဆိုတာကို ဖြိုးသိသွားပြီပေါ့”

“ဟုတ်တယ် သမီး . . . သမီးဘဝရဲ့ ကြေကွဲစရာ အဖြစ်အပျက်မှန်ကို သိသွားရတော့ သမီးလေးအပေါ် ပိုပြီး စာနာ နားလည်သွားပုံ ရတယ်၊ စိတ်မကောင်းလည်း အတော်ဖြစ်သွားတယ်၊ ကောင်လေးက စိတ်သဘောကောင်းတဲ့ ယောက်ျားတစ်ယောက်ပါကွယ်”

ဖြိုးနှင့်ပတ်သက်ပြီး အမေကတော့ အမှတ်တွေ တစ်ခုပြီး တစ်ခု ပေးလို့နေ၏။

သူမကတော့ အမေ့စကားသံတွေကို စိတ်မဝင်စားအား။

လသားအရွယ်မှာပင် သူမနှင့် သူမမိခင်ကို စွန့်ပစ်ထွက်သွားရက်သော သစ္စာမဲ့၊ မေတ္တာမဲ့လွန်းသော ယောက်ျားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အကြောင်း။

ပြီးတော့ . . . သူများလက်ထဲသို့ ရင်သွေးကို ယုံကြည်စွာ အပ်နှံခဲ့ရင်း ဒီနေ့အထိ မမြင်တွေ့ရသော မိခင်ဖြစ်သူတို့၏ အကြောင်းကိုသာ စိတ်မှာ စွဲထင်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



# ( ၉ )

အလုပ်ထဲရောက်သည်နှင့် ခင်ချိုမြင့်စကားတွေကိုသာ ထပ်တလဲလဲ ကြားယောင်နေမိသည်။ ဦးထွန်းဘက်ကတော့ ပုံမှန် ဆက်ဆံနေကျအတိုင်းပင် အပြောင်းအလဲ မရှိခဲ့။ သူမ၏လှုပ်ရှား ဆက်ဆံပုံတွေကသာ အေးတိအေးစက် နိုင်နေခဲ့၏။

"ဒီနေ့ ထူးထူးခြားခြားပါလား၊ ဥ နေမကောင်းဖြစ်နေလို့ များလား၊ ဥ့ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့"

"ခေါင်းထဲမှာတော့ နောက်တောက်တောက်ဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ၊ နေမကောင်းတာတော့ မဟုတ်ဘူး ဦးထွန်း"

"မသိပါဘူး . . . ဖြိုးနဲ့များ စကားအပြောအဆို အဆင်မပြေဖြစ်ပြီး စိတ်မကောင်းဖြစ်နေတာလားလို့ပါ"

"ဖြိုးနဲ့က အဆင်မပြေစရာမှ မရှိတာ"

တစ်ခုတော့ သေချာသွားသည်။ အရင်ရက်တွေကလို ဦးထွန်းနှင့် ဟက်ဟက်ပက်ပက် စကားပြောချင်စိတ် ကင်းမဲ့နေ၏။

ထိုအခိုက်အတန့်လေးမှာပင် တယ်လီဖုန်းမြည်လာ၏။ ဦးထွန်းတစ်ယောက် ဖုန်းနားရောက်နေသည့်အခိုက်မို့ ကောက်ကိုင်လိုက်၏။ သူမကတော့ စာရင်းများကို စစ်ဆေးနေရင်းကပင် မသိသလိုဖြင့် နေလိုက်၏။

"ဖြိုးဆက်တာကို ဦးထွန်းက တခြားလူမှတ်လို့"

". . . . . . . . . . . . . . ."

"ရှိနေတယ် ဖြိုး၊ ခဏလေး ကိုင်ထားနော်"

ဖုန်းပြောနေသံကို အတိုင်းသားကြားနေရသည်မို့ ထိုင်ရာမှ ထလာရ၏။

"ဥ,ရေ . . . ဖြိုးက ဖုန်းပြောချင်လို့တဲ့"

ဦးထွန်းလက်ထဲမှနေပြီး စကားပြောခွက်ကို ပြောင်းယူလိုက်သည်။

"ဖြိုး . . . ဘာများ ပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိမှ ဆက်ရမှာလား ဉရယ်၊ ဉ,ကို သတိရလို့ ဆက်လိုက်တာ"

"အလုပ်လုပ်နေတာလေ ဖြိုး၊ ပြီးတော့ . . . "

"ဒါတွေကို သိပေမယ့် ဉက ရှောင်နေတာကိုး၊ ဒီနေ့ ဖြိုး ဉနဲ့ တွေ့မှဖြစ်မယ်၊ အလုပ်ဆင်းချိန်ကျရင် ဖြိုး စောင့်ခေါ်မယ်၊ တစ်နေရာရာမှာ စကားပြောကြရအောင် ဉ"

သူ မငြင်းချင်ပေမယ့် စကားတွေ ရှည်နေမှာ စိုးရသည်။

ဦးထွန်းရွှေ့မှာမို့ပင် ဖြိုး၏တောင်းဆိုမှုကို လိုက်လျော လိုက်ရ၏။

"ကောင်းပြီလေ ဖြိုး၊ ဖုန်းချလိုက်လို့ ရပြီနော်"

ဖြိုးထံမှ စကားပြန်ကိုစောင့်မနေတော့ဘဲ အရင်ဦးအောင် ဖုန်းချလိုက်သည်။

နေရာမှ ပြန်ထိုင်ဖြစ်သည်နှင့် ဦးထွန်း လှမ်းမေး၏။

"ဘာလဲတဲ့ ဉ၊ ဖြိုးက ဘာတွေများ အလွမ်းသယ်လို့တုန်း"

"ဘာရယ်တော့ မဟုတ်ပါဘူး ဦးထွန်း၊ ဒီရက်ပိုင်း အခန်းမှာ အမေကလည်း ရောက်နေတော့ သူနဲ့ မတွေ့ဖြစ်ကြဘူးလေ၊ ဒီညနေ စကားပြောရအောင်ဆိုပြီး လှမ်းခွင့်တောင်းတာပါ"

"ဟုတ်သားပဲ . . . ဉ,အမေရောက်နေတယ်ဆိုတာကို မေ့ နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အမေရောက်နေတာကို ဦးထွန်းက သိနေသည်တဲ့။

"ဦးထွန်း ဘယ်လိုလုပ်သိလဲဟင်"

"ဖြိုးပဲပြောတာ ဥ"

သူတို့အချင်းချင်းကတော့ သူမနှင့်ပတ်သက်သောအရာများကို အပြန်အလှန် ပြောဆိုနိုင်နေသည်ပဲ။

"ဒီညနေ ဖြိုးနဲ့ဆုံရင်တော့ လာမယ့်စနေနေ့မှာ မန္တလေးသွားဖြစ်မှာကို ခွင့်တောင်းလိုက်ဦးနော်၊ တော်ကြာ အားလုံး စီစဉ်ပြီးမှ ဖြိုးက ခွင့်မပြုလို့ဆိုပြီး ဥ,မလိုက်ဖြစ်ဘဲ နေဦးမယ်"

ဦးထွန်းပြောလိုက်သောစကားကိုတော့ သိပ် ဘဝင်မကျချင်ပေ။ အလုပ်ကိစ္စထဲအထိတော့ ဖြိုး ပတ်သက်ပိုင်ခွင့်မရှိ။

"အလုပ်ကိစ္စနဲ့ သွားကြတာပဲ ဦးထွန်း၊ သူတားလို့ ရမှာမှမဟုတ်တာ၊ သူတားခဲ့ရင်လည်း ပြောပြီးသားစကားကို ဥ,ဘယ်တော့မှ အပျက်မခံပါဘူး ဦးထွန်း"

"ဖြစ်တတ်လို့ ပြောတာ ဥ၊ သွားဖို့လာဖို့ လက်မှတ်က မနည်းစီစဉ်ရတာလေ၊ ဒီခရီးကိုလည်း လိုက်စေချင်တာ ပါတာပေါ့"

"စိတ်ချပါ ဦးထွန်း၊ မန္တလေးကို ဥ,လိုက်ဖြစ်မှာပါ၊ အမေ့ကိုတောင် ဥ ခရီးမသွားခင် ပြန်လွှတ်လိုက်တော့မှာ"

ဒီနေ့အဖို့ ဦးထွန်းနှင့် စကားပြောရတာ အာသိပ်မတွေ့ချင်။ စိတ်တိုင်းလည်း မကျ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ အလိုမကျခြင်းများစွာဖြင့် နာရီများကို ကုန်ဆုံးစေချင်တော့၏။

အလုပ်ဆင်းဖို့ ပြင်ဆင်နေချိန်မှာပင် အခန်းတွင်းသို့ လေးလေးကျော်မိုး ရောက်လာ၏။ လေးလေးကတော့ အမြဲတမ်း ရွှတ်နောက်နောက်နေတတ်သူပင်။

“ဉရေ . . . အပြင်မှာတော့ အကြိုတော် အဆင်သင့်ရောက်လာနေပြီ၊ ဉနဲ့ချိန်းထားတယ် ပြောတယ် ဟုတ်လား”

“ဟုတ်တယ် လေးလေး၊ ဉကို ဘာမျှား ဂျိကျဦးမလဲ မသိပါဘူး”

“ဖြိုးက ကလေးသာသာပဲ စိတ်ရှိတာကွဲ့၊ ဒါကို ဉက ပိုသိမှာပါ”

လေးလေးစကားကို ဘာသာပြန်ဖို့ အတော်ခက်သွားရသည်။ မသိလိုက် မသိဘာသာဖြင့် စကားနည်း ရန်စဲသဘောမျိုးထားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်းနဲ့ လေးလေး . . . ဥ သွားတော့မယ်"

"ကောင်းပါပြီ"

ဒီနေ့ အလုပ်ပြန်ရတာ အရင်နေ့တွေလောက်တော့ မလွတ်လပ်။ အပြင်မှာ ဖြိုးက စောင့်နေသည်။ ပတ်ဝန်းကျင်က လူများကတော့ တွတ်ထိုးကြမှာ သေချာနေသည်။ သူမဘဝကတော့ ဆုပ်လည်းဆူး၊ စားလည်းရှူးရတော့မည့်အခြေအနေကို ရောက်နေရသည်ပဲ။

"ဥမျက်နှာကလည်း မသာယာပါလား၊ ဘာလဲ . . . ဖြိုး လာကြိုတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်တာလား"

"ဖြိုးပဲ စဉ်းစားကြည့်ပေါ့၊ ဒီမှာ လူတွေအများကြီး ရှိနေတယ်၊ ပြီးတော့ ဖြိုးနဲ့သွားမှာကို ဦးထွန်းရော လေးလေးပါ သိနေကြတာ"

"ဒီလိုမှ မလုပ်ရင် မရတော့လို့ပါ၊ ဥနဲ့ စကားပြောချင်နေတာ၊ ဥက ဖြိုးကို ရှောင်နေတာကိုး၊ နောက်တစ်ခါ ဒီလိုမျိုး မဖြစ်စေချင်ရင် ဖြိုးကို ရှောင်မနေနဲ့ပေါ့"

"ကဲပါ . . . ပြီးခဲ့တာတွေကို ပြန်တမ်းတမနေနဲ့ ဖြိုး၊ သွားစရာရှိတဲ့နေရာကိုသွား၊ ပြောစရာရှိတာကို မြန်မြန်ပြော၊ အမေက အပြန်နောက်ကျလို့ စိတ်ပူနေလိမ့်မယ်"

"ဒီအတွက်လည်း ဘာမှ စိုးရိမ်မနေနဲ့ ဥ၊ ဖြိုး . . . ဥအမေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောလာခဲ့ပြီးပြီ၊ ဖြိုးတို့ အေးအေးလူလူ စကားပြောလို့ရပါတယ် ဥရာ"

ဖြိုးတစ်ယောက်ကတော့ အားလုံးကို ချည်ပြီးတုပ်ပြီး ပြင်ဆင်လာခဲ့ခြင်း ဖြစ်၏။

ဖြိုးပြောချင်နေသော စကားတွေကို သိနေ၏။ သူမဘဝနှင့် ပတ်သက်သော အိပ်မက်ဆိုးများကို ဖြိုးပြောချင်နေ၏။

❧ ✿ ❧

"ဥ,အမေပြောတဲ့အချိန်မှာ ဖြိုးနားကို ဖြိုးမယုံချင်တာအမှန်ပဲ၊ ဥအမေကိုယ်တိုင် ပြောနေတာဆိုတော့ အံ့ဩမိသလို ဥအတွက် စိတ်မကောင်းလည်း ဖြစ်ရတယ်"

"လူဆိုတာက သူ့ကံနဲ့သူ သူ့အကုသိုလ်နဲ့သူ လာခဲ့ကြရတာပါ ဖြိုး၊ ဘဝချင်းလည်း မတူနိုင်ဘူး၊ ဥကံနဲ့ အကုသိုလ်တွေကို ဘာကြောင့်များ မဆီမဆိုင်နဲ့ ဖြိုးက မျှဝေခံစားချင်နေရတာလဲ"

"ဥစကားတွေက စိမ်းလွန်းလိုက်တာ၊ ဥအမေကို မမေးဖြစ်ဘဲ ချန်ထားတဲ့စကားတွေကို မေးချင်လို့ ဥနဲ့တွေ့ဖို့ ကြိုးစားရ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဖြိုးက ဘာတွေများ သိချင်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဉအဖေနဲ့ အမေအရင်းကို ဉ,မမြင်ဖူးလိုက်ဘူးနော်၊ နာမည်တွေ ဘာတွေရော ဉ မှတ်မိရဲ့လား၊ သူတို့နှစ်ယောက်စလုံး ဒီလောကမှာ ရှိရင်ရှိနေကြဦးမှာ"

ဟိုး . . . ငယ်ငယ်ကတည်းက သူမ ခဏခဏ တွေးဖြစ်ခဲ့သော အရာများကို ဖြိုးတစ်ယောက် မေးမြန်းလေပြီ။

"ဖြိုး သိချင်နေမှတော့ ပြောပြရမှာပေါ့ . . . တကယ်ဆို ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောပြခဲ့တာ မဟုတ်ဘူး၊ ဉအဖေဆိုတဲ့လူက ဉတို့ဆီက ထွက်သွားတော့ ဉက သုံးလသမီးလောက်ပဲ ရှိဦးမှာလေ၊ မမှတ်မိနိုင်ဘူး၊ သူ့နေရပ်ဆီ ခဏပြန်မယ် ပြောသွားတာတဲ့၊ ဉ တစ်နှစ်သမီးအထိ ပြန်မလာဘူး၊ ဒီတော့ သူများနိုင်ငံ၊ သူများရေမြေထဲ မျက်စိသူငယ်နဲ့ ဉအမေအရင်း ဒုက္ခရောက်ရတာပေါ့၊ အဖေ ရက်စက်လို့ မေတ္တာစိတ်ကင်းခဲ့လို့ ဉအနေနဲ့ စိတ်ရောကိုယ်ပါ ဒီလိုဖြစ်နေရတာ"

"ဉအမေအရင်းက ခမာသူနော်"

"ဟုတ်တယ် ဖြိုး၊ တစ်ဖက်နိုင်ငံမှာ အလုပ်လုပ်ကြရင်းက နေ တွေ့ကြတယ် ပြောတာပဲ၊ ယောက်ျားတစ်ယောက်ကို ယုံပြီး အမေ လိုက်ခဲ့တာလေ၊ သစ္စာမရှိ မေတ္တာနားမလည်တဲ့ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



အဖို့ကတော့ သူလိုချင်တာ၊ သူတောင့်တတာတွေအတွက် ကျေနပ်လောက်မှ ဉနဲ့ အမေကို ပစ်သွားခဲ့တာ”

“အင်းလေ . . . သူက တစ်ပြည်သူဆိုတော့လည်း နေရထိုင်ရတာ အခက်အခဲရှိမှာပေါ့၊ ဉအမေ ပြောပြတာကတော့ ဉကို မွေးစားပေးထားခဲ့ပြီး သူ့တိုင်းပြည်ပြန်တာဆို၊ သူ့မိဘတွေဆီက ထွက်လာတုန်းက အပျိုအတိုင်းပဲ မဟုတ်လား၊ သူ့မိဘတွေဆီ ပြန်ပြီး အကျိုးအကြောင်းပြောပြီး ဉကို ပြန်လာခေါ်မယ်လို့ ပြောခဲ့တာဆို”

“ဉလည်း ကိုယ်တိုင်မြင်တွေ့ရတာမှ မဟုတ်ဘဲ၊ ဉကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အဖေတို့ အမေတို့က ဒုတိယမြောက်လူအဖြစ် မွေးစားခဲ့တာ၊ အဖေတို့ကလည်း ကော့သောင်းမှာ တာဝန်ကျတာလေ၊ နှစ်နှစ်သမီးလောက်မှ အဖေတို့လက်ထဲ ရောက်ခဲ့တာ၊ ဉ သုံးနှစ်သမီးရောက်တော့ ကော့သောင်းကနေ အဖေတို့ အလုပ်ပြောင်းရတယ်၊ တကယ်လို့ သူပြောသွားခဲ့သလို ဉကို ပြန်လာခေါ်မယ်ဆိုရင် သုံးနှစ်တိတိ ကော့သောင်းမှာ ဉ ရှိနေခဲ့တာပဲ”

တကယ်ပြန်တွေးကြည့်ရင်တော့ မိခင်ဖြစ်သူအဖို့ အခက်အခဲတွေ အများကြီးရှိလို့ ဖြေသာတွေးလို့ရသေးသည်။ ဖခင်ဖြစ်သူ၏ လက်လွှတ်စပယ်နိုင်မှုကတော့ ဘယ်အချိန်တွေးတွေး ခွင့်လွှတ်နိုင်ခြင်း မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးကတော့ ဥတစ်ယောက် ယောက်ျားတွေကို မုန်းတီးတာ ဒီ့ပြင်အကြောင်းလို့ထင်ပြီး ဥအမေကို မေးကြည့်မိတာ၊ ဒါနဲ့ ဥအဖေအရင်းနာမည်ကိုရော သိလား ဥ"

"ဟင့်အင်း . . . ဥကို မွေးစားတဲ့အဖေတို့ အမေတို့တောင် မှတ်မှတ်သားသား ရှိခဲ့ကြတာ မဟုတ်ပါဘူး၊ နာမည်သိလို့ရော ဘာထူးမှာလဲ ဖြိုးရယ်၊ တာဝန်မဲ့ယုတ်မာတဲ့ ယောက်ျားတစ်ယောက်ကို ပြန်တွေ့ဖြစ်ရင် ပိုပြီးစိတ်ဆင်းရဲရုံကလွဲပြီး ဘာမှထူးလာမှာမှ မဟုတ်တာ"

"ဥအမေအရင်းနာမည်ကိုတော့ သိမှာပေါ့"

"ဖြူ . . . လို့ ပြောတာပဲ၊ ဒီနာမည်က အရပ်ကခေါ်ကြတဲ့ နာမည်ပါ၊ သူ့မှာ နာမည်သပ်သပ်ရှိရင် ရှိနေမှာပေါ့ ဖြိုး၊ တစ်ခါတစ်ခါတော့ ဖြူဆိုတဲ့ အမေ့ကို တွေ့ချင်စိတ်တော့ ဖြစ်မိတယ် ဖြိုး"

"ဖြိုးနဲ့ ဥအဖြစ်က ဆင်ဆင်တော့ တူပါတယ်၊ ဖြိုးရော ဘာထူးလို့လဲ . . . အဖေရော အမေပါ ဒီလောကမှာ ရှိကြတော့တာမှ မဟုတ်ဘဲ၊ ဦးထွန်းတစ်မျက်နှာနဲ့ ဒီအသက်အရွယ်အထိ ပျော်ပျော်ရွှင်ရွှင်နေနိုင်ခဲ့တာ"

"ဖြိုးက ဥထက် အများကြီး ကံကောင်းပါသေးတယ်၊ ဥကို အရွယ်ရောက်အောင် မရှိမဲ့ရှိမဲ့နဲ့ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးကို ဉ အသက်နဲ့လဲပြီး ကျေးဇူးဆပ်ဖို့ ဆုံးဖြတ်ထားပြီးသား၊ ဖြိုးရဲ့ အဖေအရင်းနဲ့ အမေအရင်းက သေခြင်းတရားက ခေါ်လို့ ဒီလောက,ကနေ ထွက်သွားကြတာ၊ ဉရဲ့ မိဘအရင်းတွေကတော့ တမင်ကိုပဲ ဉကို ချန်ထားခဲ့ကြတာ၊ သူတို့တွေကတော့ သူတို့ဘဝ သူတို့အသိုက်အမြုံနဲ့ ပျော်ရင် ပျော်နေလောက်ပြီ”

ပြောရင်းကပင် အသံတို့ တိမ်ဝင်သွားရ၏။ စိတ်မကောင်းစရာပိုပြီး ရင်ထဲမှာ အနာတရ တစ်ခုလို ဖြစ်ခဲ့ရ၏။

ယောက်ျားတစ်ယောက်၏ အတ္တရမ္မက်ကြီးမှုများကြောင့် သူမဘဝသည် အခုချိန်ထိ စမ်းတဝါးဝါးပင်။

“ကဲပါ ဉရယ် . . . အခုချိန်မှာ ဉအနားမှာ ဖြိုးပါ ရှိနေပြီပဲ၊ ဉ ဘာမှ အားမငယ်နဲ့၊ အချိန်တွေလည်း အများကြီး ရှိနေသေးတာပဲ”

“မရနိုင်တော့ဘူး ဖြိုး၊ ဉအနေနဲ့ ဘယ်ယောက်ျားကိုမှ အယုံအကြည်လည်း မရှိဘူး၊ သူတို့လက်ထဲကို စိတ်ရောကိုယ်ပါ အပ်နှံဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ဖြိုးကိုတော့ အားနာပါတယ်၊ ဉအနေနဲ့ စိတ်ထင်တိုင်း လုပ်ခဲ့ကိုင်ခဲ့ပြီးပြီ၊ ဉစိတ်တွေက ဘယ်လို သန့်စင်နိုင်တော့မှာလဲ ဖြိုးရယ်”

ဖြိုးကတော့ သူမအတွက် နားလည်ပေးမည် . . . ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ခြင်း မယုံကြည်ခြင်းထက် ယောကျ်ားတစ်ယောက်၏အချစ်ကို ကြောက်လန့်နေတာ စိတ္တဇလို့နှယ်။

အသိနုစဉ်အခါကပင် ဖြစ်တည်ခဲ့သော အစွဲအလမ်းတစ်ခုကို ဘယ်လိုနည်းနှင့်ပဲ ဖြေဖျောက်ဖြေဖျောက် ရနိုင်မည် မထင်ဖြစ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (သုံး)

သခင့်မြေထက်

ပွင့်ကြွေဆက်ရန်

မနက်ဖြန်များ ကျန်နေမယ် .... ။

ကြွေမှား . . . ကြွေ

ခြွေအားလေလည်း

ရင်ထဲလွမ်းပြ၊ ချစ်သမျှနဲ့

ဘဝဆက်တိုင်းပွင့်နေမယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁ )

ထွန်းမင်းသန်းလို့ခေါ်တဲ့ "အထွန်း" နဲ့ သူငယ်ချင်းဖြစ်ကတည်းက ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာတွေကို ထပ်တူထပ်မျှ ခံစားခဲ့ကြတယ်။ အစ်မအရင်းဖြစ်သူ မိုးပြည့်အေးနဲ့ ကြိုက်ဖြစ်တာလည်း သူ့ကြောင့်။ မမမိုးနဲ့ ဝေးခဲ့ရတဲ့အဖြစ်လည်း သူက တရားခံလိုလို။

မမမိုးယောက်ျားဆုံးပြီး နယ်စပ်မြို့ကော့သောင်းကနေပြီး အထွန်းကို ရအောင်ပြန်ခေါ်ခဲ့တာလည်း သူပင်။



www.burmeseclassic.com

www.burmeseclassic.com



မမမိုးမရှိတော့သည့်နောက်ပိုင်းမှာ ဖြိုးပြည့်ထွန်းလေး သံယောဇဉ်ဖြင့် အထွန်းဘဝ တည်ငြိမ်အေးချမ်းမယ်မှ မကြံသေးဘူး။

အရွယ်ရောက်လာတဲ့ဖြိုးက တစ်စခန်း ထလာတော့တယ်။

ဖြိုးပြည့်ထွန်းနဲ့ ဥဆိုတဲ့ မိန်းမပေါ့မလေးအကြောင်းမှာလည်း သူ ပါဝင်ပတ်သက်ခဲ့ရတယ်။

တကယ်တမ်း မှန်ရာကိုပြောကြကြေးဆိုရင်တော့ ထွန်းမင်းသန်းနဲ့ ဘဝရေစက်က အတော်လေးကို ဆုံဖြစ်ခဲ့တာချည်းပင်။ အထွန်းရဲ့ သံယောဇဉ်ဇာတ်ကြောင်းမှာ ဝမ်းနည်းစရာတွေမှာ လည်း သူပါတယ်။

ဝမ်းသာစရာတွေမှာလည်း သူ့ခြေရာလက်ရာတွေက လုံးဝမကင်းခဲ့။

❧ ♠ ❧

ဥနဲ့ပတ်သက်ပြီး အထွန်းအပေါ်မှာ သံသယဖြစ်ချင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးမလေးနေရာကို မဆီမဆိုင်နဲ့ အထွန်းခန့်တယ်။

အထွန်းကတော့ အနီးကပ်စောင့်ကြည့်ချင်တယ်ဆိုတဲ့ ဆင်ခြေနဲ့ ပြောခဲ့တယ်။ ဟုတ်နိုးနိုး အထွန်းတစ်ခုခု လုပ်နိုးနိုးနဲ့ စောင့်ကြည့်ခဲ့ပေမယ့် ဘာမှ ထူးခြားတဲ့ အရိပ်အယောင် မပြဘူး။

ထူးခြားတာဆိုလို့ ဥဆိုတဲ့ မိန်းမပေါ့မလေးရဲ့ မာယာတွေက အထွန်းရဲ့ စိတ်ရောကိုယ်ရောပါ ရစ်ပတ်နိုင်ခဲ့ခြင်းပဲ။

"ဘယ်လိုဖြစ်တာလဲ သား . . . ထွန်းမင်းသန်း လုပ်နေတာတွေကို မေမေတို့တော့ နားမလည်နိုင်တော့ဘူး၊ သားနဲ့တွဲသွားပြလိုက် အဖေနဲ့ တွဲသွားပြလိုက်နဲ့ ဒီမိန်းကလေး လုပ်သမျှတွေကို မေမေတို့က ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား၊ ပတ်ဝန်းကျင်ကလည်း မေမေတို့ကို ပြောကြလွန်းလို့ ခေါင်းတောင် မဖော်ဝံ့တော့ဘူး"

မေမေ့စိတ်ကို အသိဆုံး။ အသက်အရွယ်ကျသွားသလို မာန်တွေလည်း ကျနေချိန်မို့ ဝုန်းဒိုင်းထမကြဲတော့တာ။

"ဟုတ်တယ် ကျော်မိုး . . . မင်းကတော့ ဟိုးငယ်ငယ်ကတည်းက ဒီအသက်အရွယ်အထိ အိမ်ထောင်မပြုဘဲ ရှုးရှုးပေါ်ပေါ် နေလာတဲ့ကောင်၊ မင်းကြောင့်ပဲ ထွန်းမင်းသန်းနဲ့ မင်းအစ်မ အနေနီးခဲ့ကြတာ၊ ငါတို့မိသားစုထဲကို သူ တစ်ကျော့ပြန်ဝင်တော



www.burmeseclassic.com

www.burmeseclassic.com



တာလဲ မင်းကြောင့်ပဲ၊ ပြီးခဲ့တာတွေကို ထားလိုက်ပါတော့၊ ဒီသူငယ် တော်တဲ့ ကောင်းတဲ့အချက်တွေလည်း အများကြီးရှိခဲ့တာ မငြင်းပါဘူး၊ အခုကိစ္စမှာတော့ ဖြိုးအတွက် ကြောင့်ကြတယ်၊ အနီးကပ်ကြည့်ပြီး တစ်ခုခု စီစဉ်ပါမယ်လို့သာ ပြောတာ၊ အခုတော့ မင်းသူငယ်ချင်းနဲ့ ဒီကလေးမ တွဲသွားတွဲလာနဲ့ ပူးပူးကပ်ကပ်နေတာကို မင်းက ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာလား ကျော်မိုး”

ယိုသမျှ ချေး ပုစွန်ဆိတ်ခေါင်း ပုံကျသလိုဆိုတဲ့ စကားပုံကိုပဲ နှိုင်းရတော့မယ်။ ဖြိုးလုပ်သမျှ အထွန်း မလည်ရှုပ်လုပ်သမျှ ဟိုမိန်းမပေါ့လေး ဇာတ်ရှုပ်သမျှတွေက သူ့ပေါ် ပုံကျနေတော့တယ်။

“လက်ပိုက်ကြည့်နေတာ မဟုတ်ပါဘူး၊ သားတို့မှာ အစီအစဉ် ရှိပါတယ်၊ မကြာခင်မှာ အားလုံးကိစ္စတွေ ပြီးစီးသွားမှာပါ”

“မကြာခင်ဆိုတာ ဘယ်တော့လဲ၊ ကျော်တာက ငါ့မြေးနဲ့၊ တကယ်ဖြစ်တော့ သူ့အဖေနဲ့ ကိန်းဆိုက်မှ မင်းတို့အစီအစဉ်က အဆုံးသတ်မှာလား”

ကိစ္စတစ်ခုအပေါ် အမြဲလိုလိုပဲ အေးအေးဆေးဆေးနေခဲ့တဲ့ ဖေဖေတစ်ယောက်တောင် ဒေါသတွေထွက်နေတယ်။

ဒီလို တွေ့ကြုံရလေ၊ လူပြောသူပြော ခံရလေ၊ ‘အထွန်း’ ကိုပဲ သတ်ပစ်ချင်နေတယ်။ အထွန်း တစ်သက်လုံး ကောင်းခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီမိန်းကလေးနဲ့ကျမှ ဇာတ်သိမ်းရမလို ဖြစ်နေတယ်။

ကိုယ့်တပ်ကိုကိုယ် စိတ်မချရဲပေမယ့် လူတွေရှေ့မှာတော့ မှင်မောင်းအပြည့်နဲ့ ဟန်လုပ်ပြမိတယ်။

"ဖေဖေတို့ မေမေတို့ ဘယ်သူတွေ ဘာပဲပြောပြော စိတ်အေးချမ်းသာစွာနေပါ၊ အလွန်ဆုံး နှစ်ပတ်ပါပဲ၊ ဒီကလေးမကိစ္စ အားလုံးပြီးစီးသွားမှာပါ။ သား . . . ရဲရဲကတိပေးပါတယ်"

"အေးလေ . . . မင်းပြောတဲ့အတိုင်း ဟုတ်မဟုတ်ကို စောင့်ကြည့်ရမှာပေါ့၊ တော်ကြာ အဖေရော သားရော စုတ်ပြတ်ကျန်ခဲ့ရုံတင် မကဘူး၊ ငါတို့ပစ္စည်းဥစ္စာတွေပါ အသားလွတ် ဆုံးရှုံးကျန်ခဲ့ပါဦးမယ်"

မေမေ စိုးရိမ်သလိုမျိုး မဖြစ်နိုင်ဘူးလို့ မပြောနိုင်။ သားဖြစ်သူကတော့ ဒီကလေးမနဲ့ ပတ်သက်ပြီး အတော်လေး အခြေအနေဆိုးဝါးနေတာ အားလုံးအသိ။ ဒီကြားထဲ အဖေလုပ်သူကပါ သားနောက်လိုက်ရင်တော့ ဒုက္ခ။

ပိုပြီး စိုးရိမ်စရာကောင်းတာကတော့ အလွန်တရာချစ်ခင်နေကြသော သားအဖနှစ်ယောက် သွေးကွဲကြမည့်ကိန်းပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မန္တလေးခရီးစဉ်ကို လုံးဝစီစဉ်ပြီးသွားပြီ အထွန်း၊ အဲဒီခရီးမှာ ဥကို မင်း အပြတ်ပြော၊ ဖြိုးကိစ္စကို ရှင်းနေရင်းက မင်းကပါ ဝင်ရှုပ်ချင်သလိုမျိုးတော့ မဖြစ်စေချင်ဘူး"

စိတ်မရှည်နိုင်တော့ဘဲ တည့်တည့်ပဲ ပြောမိလိုက်တယ်။ အထွန်းကတော့ ပျာပျာသလဲ။

"ငါရှုပ်တာ မဟုတ်ပါဘူး၊ ဥနဲ့ပတ်သက်တဲ့ အခြေအနေကို မင်းသိအောင် ငါအားလုံး ပြောပြခဲ့တာပဲ၊ ဥရဲ့အပြုအမူတွေ၊ ဥ စကားတွေကို တစ်လုံးမကျန် မင်းသိအောင် ငါပြောခဲ့တာပဲ ကျော်မိုးရာ"

အထွန်းစကားတွေအားလုံး အမှန်တွေပဲလား၊ စကားတွေ ကျန်သေးသလားဆိုတာတော့ မှန်းဆလို့ မရနိုင်။ ဥနဲ့ပတ်သက်ပြီး ဘာတွေဖြစ်နေမလဲဆိုတာ အထွန်းကိုယ်တိုင်ပဲ သိနိုင်မယ်။

အထွန်းရင်ထဲကကိစ္စကို လှမ်းကြည့်လို့ အလုံးစုံ မြင်နိုင်တာမှ မဟုတ်ဘဲ။

"ပြောခဲ့တဲ့စကားတွေကို ငါသိတယ်၊ ဒီကလေးမရဲ့ အရိပ်အကဲကိုလည်း ငါသိနေတယ်၊ အခုချိန်မှာ ဖြိုးထက် မင်းကို ပစ်မှတ်ထားနေတာပဲ၊ မင်း ရှောင်စရာတော့ မလိုဘူး၊ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ မင်းမှာ လုပ်ပိုင်ခွင့်ရှိတယ်၊ ဒါပေမဲ့ မင်းရဲ့နှလုံးသားတော့ မပါသွားစေနဲ့ အထွန်း၊ ဒါဆိုရင်တော့ အားလုံးဇာတ်တွေ ရှုပ်ကုန်လိမ့်မယ်”

“မင်းရှေ့မှာပဲ ငါပြောရဦးမယ်၊ ရင်ခုန်ခြင်းတစ်ခုအတွက်တော့ ရှိကောင်းရှိလိမ့်မယ်၊ ငါ့နှလုံးသားက မမမိုးဆီမှာပဲ ထားခဲ့တာ၊ ကုန်ကုန်ပြောရရင် ငါ သံယောဇဉ်ဖြစ်ခဲ့ဖူးတဲ့ ဖြူ့ဆီမှာတောင် ရှိနေတာ မဟုတ်ဘူး၊ ဒီတော့ ငါ့နှလုံးသားကိုတော့ ဥက ပြုစားနိုင်မှာ မဟုတ်ဘူး၊ ယုတ်စွအဆုံး ငါ့ရင်ခုန်သံတွေကိုတော့ ဥအနေနဲ့ ပြုစားလို့ ရနိုင်ကောင်းမယ်”

“ဒီစကားပဲ ငါလိုချင်တယ် အထွန်း၊ မန္တလေးခရီးမှာ ဒီကိစ္စကို အမြန်ဖြတ်ပါ၊ ငါ့ဘက်က လုပ်စရာရှိတာတွေ အားလုံး အကွက်ချထားမယ်၊ ဖြိုးရဲ့သူငယ်ချင်းဇာနည်နဲ့ရော ကောင်မလေးရဲ့ သူငယ်ချင်းခင်ချိုမြင့်တို့ကပါ ငါ့အကြံအစည် ငါ့လုပ်ရပ်တွေကို လုံးဝထောက်ခံကြတယ်၊ ဒါနဲ့ အဲဒီနှစ်ယောက်နဲ့ရော မင်းသွားတွေ့ပြီးပြီလား အထွန်း”

“မနေ့ကပဲ ငါတွေ့ခဲ့ပြီးပြီ ကျော်မိုး”

“သူတို့က ဘာတွေပြောကြလဲ”

“ဇာနည်ကတော့ ဥမကောင်းကြောင်းတွေ ဖြိုးကို ပြောမရတာတွေပဲ ပြောတယ်၊ ငါ့ကိုလည်း ဥနဲ့ပတ်သက်ပြီး သတိပေး

www.burmeseclassic.com



လိုက်တယ်”

“ခင်ချိုမြင့်ကရော”

ဇာနည်စကားတွေက သိပ်ပြီးထိရောက်မှာ မဟုတ်ဘူး။ ဉ သူငယ်ချင်းအရင်းကြီး ခင်ချိုမြင့်ကတော့ အားမနာတမ်း ပြော ပြလိမ့်မယ်။

“ခင်ချိုမြင့်ဆီက ဒီစကားမျိုးတွေ ထွက်ဖြစ်လိမ့်မယ်လို့ ငါမထင်ခဲ့တာ အမှန်ပဲ၊ ခင်ချိုမြင့်ပြောမှ ဉက ငါထင်တာထက် တောင် ကြောက်စရာကောင်းနေသေးတယ်”

“မင်းသဘောပေါက်ဖို့ပဲ အရေးကြီးတယ်၊ မန္တလေးခရီးမှာ သူ ဘာလိုချင်လဲဆိုတာ အပြတ်ပြောခိုင်း၊ ရမယ်ထင်လို့ လွယ်ရင် မင်းပြန်ယူရင်ယူ . . . ဒါ မင်းအပိုင်း၊ အခုလက်ရှိအိမ်နဲ့ ငွေသား အချို့ကတော့ ဆုံးပြီးသားပဲ၊ သူ မင်းဆီက ဘာထပ်တောင်းဆိုမလဲ ဆိုတာပဲ အရေးကြီးတယ်၊ ဒီမိန်းကလေးက ငွေရရင် အားလုံးကိစ္စ ပြီးမယ့် မိန်းကလေးမျိုးပဲ အထွန်းရာ”

သူမျှားသားသမီးကို ဒီထက်ပိုပြီးတော့လည်း မပြောချင်။ ယောက်ျားချင်းမို့ အရိပ်ပြသမျှကို အထွန်း ကွင်းကွင်းကွက်ကွက် မြင်မယ်ထင်တာပဲ။

အထွန်းက ဖြိုးလို အတွေ့အကြုံမရှိသူ မဟုတ်။ အချစ် ကိစ္စနဲ့ရော မိန်းမကိစ္စနဲ့ပါ အတွေ့အကြုံရှိပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



မမပိုးနဲ့တုန်းက နှစ်ကြိမ်နှစ်ခါ။

ပြီးတော့ ဖြူဆိုသော ခမာသူလေးနဲ့တုန်းက တစ်ခါ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၂ )

ဉအနေနဲ့ကိုယ့်အပေါ်မှာ ကျေးဇူးရှိနေတာက တစ်ပိုင်း။

ဉရဲ့စိတ်ကို သဘောမကျချင်တာက တစ်ပိုင်းသတ်သတ်ပါပဲ။

ဖြိုးပြည့်ထွန်းနဲ့ ပတ်သက်ပြီး သူမကိုယ်တိုင် တိုက်တိုက်တွန်းတွန်း လုပ်ပေးခဲ့မိတယ်။

သူကတော့ ဉ,အဆင်ပြေစေချင်သည့် သဘောရိုးနဲ့ပါ။ ဖြိုးပြည့်ထွန်းကိစ္စမှာလည်း ဉ အသုံးချခဲ့တာလည်း ခံခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေအထိကတော့ ခွင့်လွှတ်လို့ရသေးတယ်။

အခုကိစ္စက . . .

ဥအပေါ် အရမ်းကောင်းတဲ့ ဖြိုးအပေါ် လျစ်လျူရှုပြီး ဦးထွန်းမင်းသန်းကို ဇာတ်လမ်းတွေဆင်ပြီး အပိုင်ဖမ်းမယ့်သဘောပဲ။

ဘယ်လောက်များ ကြောက်စရာကောင်းလိုက်တဲ့ မိန်းမ တစ်ယောက်ပါလဲ။

❦ ❦ ❦

ပတ်ဝန်းကျင်ရဲ့စကားသံတွေကို ဂရုမစိုက်။ ကိုယ့်ဂုဏ်သိက္ခာကို ခဏ ဘေးဖယ်ထားဦး။ ဖြိုးရဲ့မေတ္တာတရားကိုတော့ ထောက်ထားသင့်တယ်။ ဦးထွန်းမင်းသန်းရဲ့ ဂုဏ်သိက္ခာတွေကို ငဲ့ညှာသင့်တယ်။

ဖြိုးရဲ့လေးလေး သူမဆီရောက်လာပြီး အကြောင်းစုံကို တိုင်ပင်တယ်။ ဖြိုးလေးလေးပြောတဲ့ အစီအစဉ်တွေကို အရမ်း သဘောကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတို့ အသိုင်းအဝိုင်းက အတော်လေးကို ငဲ့ငဲ့ညှာညှာနဲ့ ဥကို မောင်းထုတ်ဖို့ ကြိုးစားခဲ့ကြတာကို သူမအနေနဲ့ သာစုခေါ်ရ မယ်။

ဖြိုးရဲ့လေးလေး ရောက်လာပြီး နှစ်ရက်လောက်အကြာမှာ ဦးထွန်းမင်းသန်းကိုယ်တိုင် သူမဆီ ရောက်လာပြန်တယ်။

ဦးထွန်း . . . ဦးထွန်းနဲ့ ပြောကြဆိုကြသံတွေကို အားလုံး ဆီက ကြားနာခဲ့ဖူးတာ၊ လူချင်းကတော့ ဒီတစ်ခါပဲ ဆုံဖြစ်ခဲ့တယ်။

တစ်ခါဆို, ဆိုသလောက်ပါပဲ။

ဦးထွန်းရဲ့ နှုတ်အမူအရာ၊ ကိုယ်အမူအရာတွေဟာ မေတ္တာတရားတွေနဲ့ ပြည့်လျှမ်းနေတဲ့ ယောကျ်ားကောင်းတစ် ယောက်ပါလေ။

"ကျွန်တော် မခင်ချိုမြင့်နဲ့ တွေ့ချင်လို့ပါ"

"ကျွန်မ ခင်ချိုမြင့်ပါပဲ"

"ကျွန်တော်က ဖြိုးပြည့်ထွန်းရဲ့ ဖခင်ဆိုလည်း ဟုတ်တယ်၊ အုပ်ထိန်းသူဆိုလည်း ဟုတ်ပါတယ်၊ ဒီလောက်ဆိုရင် ဒီကိုလာရတဲ့ အကြောင်းနဲ့ ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာကို မခင်ချိုမြင့် သိလောက်ပါပြီနော်"

"ဦးထွန်း . . . ရှင်က ဦးထွန်းမင်းသန့်ပေါ့"

"ဟုတ်ပါတယ် မခင်ချိုမြင့် . . . အားလုံး ခေါ်သလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဦးထွန်းလို့ပဲ ခေါ်နိုင်ပါတယ်”

“ဦးကျော်မိုးကလည်း ကျွန်မနဲ့ လာတွေ့ပြီးပြီ”

“ဩော်”

ဥရဲ့ လှည့်ကွက်တွေထဲမှာ ဖြိုးတင်မဟုတ်။ ဦးထွန်းပါ ချာချာလည်နေပုံပါပဲ။ ရင်ထဲမှာ ဥကို မကျေမချမ်း ဖြစ်နေမိတယ်။

“ကျွန်မဆီကနေ ဥနဲ့ပတ်သက်ပြီး ဘာတွေများ သိချင်လဲ ဦးထွန်း၊ ဒီလောကမှာ ဥရဲ့ အရင်းနှီးဆုံး စိတ်အချရဆုံး သူငယ်ချင်း တစ်ယောက်ဆိုတာကို ကျွန်မ, မငြင်းပါဘူး၊ ဒါပေမဲ့ ဒီအချိန်မှာ တော့ ဥဘက်မှာ ကျွန်မ လုံးဝ မရပ်ပေးနိုင်ပါဘူး၊ ကျွန်မအနေနဲ့ ဖြိုးတို့ ဦးထွန်းတို့ဘက်မှာပဲ ရပ်ပေးမယ့်သူပါ၊ ဒီအကြောင်းတွေ အားလုံးကို ဦးကျော်မိုးရှေ့မှာ ကျွန်မ ပြောပြခဲ့ပြီးပါပြီ”

မှန်သောစကားကိုဆိုရင်း ဦးထွန်းနဲ့ ရင်းနှီးကျွမ်းဝင်မှု ယူလိုက်မိတယ်။

“ဖြိုးအတွက် ကြောင့်ကြမှုဖြစ်ရင်းကနေပဲ ဥနဲ့ အနေနီး သလိုမျိုး ဖြစ်ခဲ့တာကိုတော့ ကိုယ်ဝန်ခံပါတယ်၊ ဒါပေမဲ့ အဲဒီအပေါ် မှာ . . .”

ဦးထွန်းအနေနဲ့ စကားလုံးတွေ တစ်ဆို့သွားလို့လား . . . ဒါမှမဟုတ် ပြောပြလိုက်တဲ့အတွက် နောင်တတစ်ခုခု ရသွားသလား မပြောတတ်ဘူး။ ဦးထွန်းကိုယ်စား သူမ,ကပဲ ဖြည့်စွက်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပြန်တယ်။

"ဒါတွေအားလုံးဟာ ဥရဲ့မာယာတွေပဲ ဦးထွန်း၊ သူဟာ ဖြိုးရဲ့ မေတ္တာတရားကို လျစ်လျူရှုရုံတင် မဟုတ်ဘူး၊ ဦးထွန်းတို့အသိုင်းအဝိုင်းကို ဂုဏ်သိက္ခာမဲ့အောင် လုပ်နေတဲ့ မိန်းမတစ်ယောက်ပဲ၊ သူ့ရဲ့လိုချင်ရမ္မက်တွေနဲ့ အားလုံးကို အသုံးချနေတာ၊ ကျွန်မတို့ ပေါင်းပြီး သူ့ကို သင်ခန်းစာပေးဖို့ လိုလိမ့်မယ်၊ အခုအချိန်မှာ သူဟာ ဦးထွန်းကို ရအောင်ကပ်မှာပဲ၊ ဒါပေမဲ့ ဒီမိန်းမရဲ့စိတ်က အလကားပါ။ သူလိုချင်တာတွေ မြိုးမြိုးမြက်မြက် ရပြီဆိုတာနဲ့ ဘာကိုမှ အလေးထားတော့တဲ့ မိန်းမမျိုး မဟုတ်ဘူး ဦးထွန်း၊ ငယ်သလောက် လှသလောက် မြွေပှောက်လို ကြောက်ဖို့ကောင်းတဲ့ မိန်းမမျိုးပဲ"

ဒီလောက် ပြောပြနေရင်တော့ ဦးထွန်း သဘောပေါက်လောက်ပြီ ထင်ရဲ့။

"ကိုယ်တို့အနေနဲ့ကလည်း သူလိုချင်တာတွေပေးဖို့ အသင့်ပါပဲ၊ အဓိက,ကတော့ သူ့နောက်ကို ဖြိုး ပါမသွားစေဖို့ပါပဲ"

"အခုချိန်မှာ သူလိုချင်နေတဲ့ သားကောင်က ဖြိုးမဟုတ်တော့တာ သေချာတယ် ဦးထွန်း"

"ကိုယ်နဲ့ ထိပ်တိုက်တွေ့ဖို့ ကြိုးစားတာ သူ့အမှားပဲ၊ ကိုယ်က ဖြိုး မဟုတ်ဘူး၊ ကိုယ့်အသက်အရွယ် ကိုယ့်အတွေ့အကြုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့စေရာနောက်ကို လိုက်မယ့်သူ မဟုတ်ဘူးလေ၊ သူဘာလိုချင်လဲ ဆိုတာ သိရရင် ကိုယ်တို့က ပေးဖို့ စိတ်ကူးရှိပြီးသား"

"သူလိုချင်တာက ရှင်းပါတယ် ဦးထွန်း၊ သူ့ဘဝမှာ ဒီလိုပဲ ဖြတ်သန်းလာခဲ့တာ၊ သူ အဓိက အလိုချင်ဆုံးဟာ မေတ္တာလည်း မဟုတ်ဘူး၊ ချစ်ခြင်းလည်း မဟုတ်ဘူး၊ ငွေပဲ ဦးထွန်း"

ဥ,တစ်ယောက်ကျဆုံးခန်းကို ရောက်ဖို့အတွက် သူမက တော့ လမ်းတွေခင်းပြနေမိတယ်။ ဒါကလည်း မှန်တဲ့အကူအညီ ပေးနေတာ။ ဒီတစ်ချီမှာတော့ ဥကို နောင်တကောင်းကောင်းရ သွားစေချင်တာပါပဲ။

ဦးထွန်းမင်းသန်း ပြန်သွားလို့ နာရီလောက်ပဲ ခြားမယ် လို့ ထင်တယ်။

ဖြိုးတစ်ယောက် ဘယ်ကနေဘယ်လို မျက်စိလည်ပြီး ပေါက်ချလာလဲ မသိဘူး။ ဖြိုး ရောက်လာလိမ့်မယ်လို့ မထင်ထားတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးပါလား . . . ဘာလဲ ဆံပင်ညှပ်ချင်လို့လား၊ ခေါင်းလျှော်ချင်လို့လား၊ မမချို အားလုံးကို လုပ်ပေးနိုင်တယ်နော်"

"ဘာရယ်တော့ မဟုတ်ပါဘူး၊ ဟိုသွားဒီသွား လုပ်ရင်းကနေ ဒီနားရောက်လာတာနဲ့ မမချိုတို့ဆီ တက်လာဖြစ်တာ"

ဖြိုးစကားတွေက သူမ,ပြောချင်တဲ့ အကွက်ထဲသို့ တန်းခနဲဝင်လာတယ်။ အခွင့်အရေးရတုန်း ဖြိုးဦးနှောက်ထဲကို တွေးစရာတွေ ထည့်ပေးလိုက်မိတယ်။

"ဉတစ်ယောက်လုံး အနားမှာ ရှိနေပါရဲ့၊ ဘာလို့များလျှောက်သွားနေရတာလဲ ဖြိုး၊ ဘာလဲ ဉနဲ့ နေရထိုင်ရတာ ငြီးငွေ့နေလို့များလား"

"ဖြိုးက မငြီးငွေ့ပါဘူး၊ ဉဘာသာ ဖြိုးကို ရှောင်ဖယ်ရှောင်ဖယ်လုပ်နေတာ မမချို"

တကယ်တမ်းမှာတော့ ဉအကြောင်း ရင်ဖွင့်ချင်လို့ ဖြိုးရောက်လာခြင်းပဲ။

"မမချိုတော့ ဖြိုးကို အားမနာတမ်း ပြောချင်တယ်၊ ဖြိုးအနေနဲ့ ဉကို သံယောဇဉ်ဖြစ်တာတွေ သူ့ဘဝအတွက် နေနိုင်ထိုင်နိုင်အောင် ထောက်ပံ့ပေးတာတွေအထိ ဖြိုး သိပ်မမှားသေးဘူးလို့ပြောရမယ်၊ ဖြိုးအတွက် အမှားကတော့ ဉနဲ့ ဖြိုးအသိုင်းအဝိုင်းကိုတွေ့ပေးလိုက်တာပဲ၊ အကြီးကျယ်ဆုံး အမှားကြီးကတော့ ဉကို ဖြိုး



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအနားမှာ အလုပ်တစ်ခုရအောင် လုပ်ပေးမိလိုက်တာပဲ”

“ဒါကလည်း သူ့ကို ဖြိုးတန်ဖိုး ဘယ်လောက်ထားလဲဆို တာကို သိရအောင်လို့လေ မမချို”

“ဥက အဲဒီလောက် တန်ဖိုးထားရမယ့် မိန်းကလေးမျိုးမှ မဟုတ်ဘဲ၊ အခုကြည့်ပါလား . . . လူတွေ ပါးစပ်ဖျားမှာ ပြောနေကြပြီ၊ ဦးထွန်းနဲ့ဥက ဘာလိုလိုညာလိုလိုနဲ့၊ မမချိုအနေနဲ့က ဥအကြောင်းကို အစမချေးခါးကအစ သိနေတော့ တော်တော်ခက်နေတယ်”

ပြောလိုက်မိတဲ့စကားတွေက အရာရောက်သွားတယ်။ ဖြိုး တစ်ယောက် တစ်ချက်တည်း အရှိုက်ထိပြီး ငိုင်ကျသွားတယ်။

“ဦးထွန်းကိုတော့ ဖြိုးယုံတယ်၊ အဲဒီအခြေအနေအထိတော့ ဖြစ်မယ်မထင်ဘူး”

“လူတွေက ပြောကြတယ်၊ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာတဲ့၊ ဦးထွန်းကို ယုံတယ်ပဲထား၊ ဥကိုတော့ ဖြိုးက မယုံရဲဘူးဆိုတာ အထင်းသားပဲ၊ လက်ခုပ်သံထွက်အောင် ဥ လုပ်နိုင်တယ် ဖြိုး၊ မိန်းမတစ်ယောက်ရဲ့မာယာကို ဘယ်ယောက်ျားက လွတ်အောင် ရှောင်နိုင်မှာလဲ၊ သူတို့ချင်းကလည်း အနေနီးနေကြတာ၊ လူတွေရဲ့ စိတ်ကွယ်ရာ တစ်ခုခုမှာ ဥရဲ့ ဖြားယောင်းမှုကြောင့်ပဲ ဦးထွန်းရဲ့သမာဓိတွေ မကျဆုံးဘူးလို့ ဖြိုး အပိုင်ပြောရဲမလား”

www.burmeseclassic.com

www.burmeseclassic.com



"ဖြိုး မသိချင်တော့ဘူး မမချိုရာ၊ ဖြိုး ပြန်တော့မယ်"

မျက်စိပျက်မျက်နှာပျက်နဲ့ စကားတွေကို ဒီတိုင်းထား ရစ်ခဲ့ပြီး ဖြိုးတစ်ယောက် ပြန်ထွက်သွားတယ်။

ပြောဆဲဖြစ်ခဲ့တဲ့ စကားတွေအရတော့ ဖြိုးရင်ထဲမှာ မီးစ, တောက်နေပြီ။ အချိန်ကတော့ ကြာတော့မည် မထင်။ ဖြိုးအတွက် တော့ ကံကြမ္မာက အလှည့်အပြောင်း ပေးတော့မလို။ ဥအတွက် တော့ နိမိတ်ဆိုးတွေ ပြခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၃ )

သူ့အတွက်တော့ အကြောင်းမရှိ။ မန္တလေးသွားဖြစ်ခဲ့တိုင်း လေယာဉ်ခရီးစဉ်နဲ့သာ။ အခု . . . မန္တလေးခရီးကို လေးယောက်သွားဖို့ ကျော်မိုးစီစဉ်တော့ လေယာဉ်နဲ့ပဲလို့ ထင်ခဲ့တယ်။

သွားမယ့်မနက်ကျမှ လေယာဉ်နဲ့ မဟုတ်ဘဲ ရထားနဲ့ဆိုတာကို သူသိရတယ်။ ပိုပြီးဆိုးတာက ဒဂုံမန်းရထားမှာ အထူးသီးသန့်အိပ်စင်ယူထားတဲ့ကိစ္စပဲ။

ရထားဘူတာဆင်းခါနီးကျမှပဲ ကျော်မိုးက ကပ်ပြီးဖြေ့ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဘယ်လိုလဲ ကျော်မိုး . . . ဒီပုံစံကြီးနဲ့ မန္တလေးလိုက်မှာလား၊ ဘာအထုပ်အပိုးမှလည်း မပြင်ဆင်ရသေးပါလား၊ နှစ်နာရီခွဲကျော်နေပြီ၊ ရထားက သုံးနာရီခွဲထွက်မှာ မဟုတ်လား"

သူက ဆော်သြနေပေမယ့် ကျော်မိုးကတော့ အေးအေးဆေးဆေးပင်။

"ငါမလိုက်ဖြစ်တော့ဘူး အထွန်း၊ မင်းပဲ ဘူတာဆင်းပေတော့"

"ဟော့ကောင် . . . မင်းဟာက အားလုံးစီစဉ်ပြီးခါမှ ဘာဖြစ်ရတာလဲ၊ ဒီခရီးစဉ်ကို မင်းပဲ အစအဆုံး စီစဉ်ခဲ့တာပဲ မဟုတ်လား"

ကျော်မိုးနောက်နေတာတော့ လုံးဝမဖြစ်နိုင်။ ကျော်မိုးပုံစံက တကယ့်ကို မလိုက်ဖြစ်တဲ့ပုံပဲ။

"စီစဉ်တာတော့ ဟုတ်တယ်၊ အထူးသီးသန့်အိပ်ခန်းကို ရအောင် ငါပဲ မနည်းလုပ်ယူရတာ၊ ရော့ . . . လက်မှတ်လေးစောင်၊ ဥကတော့ ဘူတာအဝင်ဝမှာ သုံးနာရီတိတိ စောင့်နေမယ် ပြောတယ်၊ မင်း သွားတော့"

"ဘာလဲ မင်းက ရှောင်တာလား၊ ဥကို ငါပြောမှာပါ၊ အရေးအကြောင်းဆို တိုင်ပင်လို့ရအောင် မင်း လိုက်ခဲ့သင့်တဲ့ဥစ္စာကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ပါလာမယ့် ဇင်အောင်က ဘာမှသုံးစားလို့ရတာ မဟုတ်ဘူး၊ ပြီး တော့ အခုကိစ္စက ငါတို့မိသားစုအရေးဆိုတာ မင်းသိရဲ့သားနဲ့ကွာ”

သူ စကားနာထိုးပေမယ့် ကျော်မိုးကတော့ မတုန်လှုပ်။ သူ မထင်ထားသည့်ကိစ္စများကို ထပ်ပြောလိုက်လေရဲ့။

“ဇင်အောင်လည်း မန္တလေးမလိုက်ဖြစ်ဘူး အထွန်း၊ ဇင် အောင့်အမေ နေမကောင်းလို့ ပြောတာပဲ၊ စိတ်တော့မရှိနဲ့ အထွန်း၊ မန္တလေးကို မင်းတို့နှစ်ယောက်တည်း သွားဖြစ်အောင် ငါ စီစဉ် လိုက်တာပဲ၊ အိပ်စင်တွဲဆိုတော့ ဘာအနှောင့်အယှက်မှ မရှိဘူး၊ လေးယောက်စာကို မင်းတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စီးသွားကြရုံပဲ၊ အားလုံးကိစ္စအတွက်လည်း အဆင်ပြေတာပေါ့ကွာ”

“မင်းကတော့ မထင်တဲ့အပေါက်ကို တကယ်လုပ်တတ်တဲ့ အကောင်၊ ဘူတာရောက်လို့ရှိရင် ဥကို ငါဘယ်လို ပြောရမလဲ”

“ဒီအတိုင်းပဲ ပြောပေါ့၊ ငါက ကိစ္စရှိလို့ မလိုက်ဖြစ်ဘူး၊ ဇင်အောင်က သူ့အမေ နေမကောင်းလို့ မလိုက်ဖြစ်ဘူး၊ ဒါပဲ ပြော လိုက်ရုံပေါ့၊ မင်းတို့နှစ်ယောက်တည်း ခရီးသွားဖြစ်တာကို ဥ,က ပို သဘောကျမှာပါကွာ”

“ဟင်း”

“သက်ပြင်းမချနဲ့ သူငယ်ချင်း၊ ဒီညမှာပဲ ကိစ္စပြတ်အောင် မင်းလုပ်တော့၊ မန္တလေးရောက်တာနဲ့ အခြေအနေအားလုံးကို မင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဖုန်းဆက်နော်”

အခုချိန်ရောက်မှတော့ ဘာမှ မတတ်နိုင်တော့။

မသွားတော့ဘူး . . ဟုလည်း ပြင်းမရသော အခြေအနေ။

ဥ,တစ်ယောက်ကလည်း ဘူတာကို ရောက်နေလောက်ပြီ ထင်ရဲ့။

ခရီးတစ်ခုတည်းကို သူနဲ့ဥတို့ နှစ်ယောက်တည်း သွားရမည်ကို သူက ကြိုသိနေသူဖြစ်တော့ လိပ်ပြာမလုံချင်။

သွားရမည့်ခရီးက ခရီးဝေး။ တစ်ညလုံး မိုးလင်းသည် အထိ လွတ်လပ်စွာနေခွင့်ရမည့် အခြေအနေ။

ကျော်မိုးကတော့ ရက်စက်လိုက်တာ ပြောမနေနဲ့တော့။ ဘူတာကိုပင် လိုက်ပို့ဖော် မရခဲ့။

ကားဒရိုင်ဘာကတော့ ရထားပေါ်အထိ အထုပ်လိုက်ပို့ပေးဖို့ ပြောသေးတယ်။ နှစ်ယောက်တည်း ခရီးသွားတာကို မသိစေချင်လို့ ချက်ချင်းပဲ ပြန်လွှတ်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာကို သူရောက်တော့ သုံးနာရီကွက်တိ။ ဒဂုံမန်း ရထားက အမှတ်တစ်စကြေံမှာ တွဲအသင့်ထိုးပေးထားတယ်။

"တွဲထိုးထားပြီ ဦးထွန်း၊ လက်မှတ်တွေရော ဦးထွန်းနဲ့ ပါလာရဲ့လား"

"ပါလာတယ် ဥ၊ ရထားပေါ်တက်နေလို့ရရင် တက်လိုက်ကြရအောင်"

ခရီးဆောင်အိတ်တစ်ခုစီကို ဆွဲရင်း ဘူတာထဲ ဝင်လိုက်တယ်။ အထူးအိပ်စင်ရှိရာတွဲက သူတို့ဝင်ပေါက်နဲ့ သိပ်အဝေးကြီး မလျှောက်လိုက်ရ။

"ဒီအတွဲပဲ ဥ"

ပြောပြောဆိုဆိုနဲ့ တံခါးဖွင့်ပြီး ဦးအောင်တက်လိုက်တယ်။ တွဲထဲရောက်တော့ အဲယားကွန်းအငွေ့အသက်ရှိပေမယ့် စိတ်မှာ အိုက်နေတယ်။

ဥကတော့ ပစ္စည်းတွေကို နေရာချပြီး ရထားတွဲအခြေအနေကို ပြောနေလိုက်သေးတယ်။

"ဒီလိုမျိုး ဇိမ်ကျကျနဲ့ မသွားဖူးဘူး၊ ဒီတွဲက သီးသန့်နော်၊ တွဲကူးစရာ မရှိဘူး"

"ဟုတ်တယ် ဥ"

နှစ်ယောက်တည်း သွားဖြစ်တာကို ဥကတော့ သိပုံမရ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ သူပြောဖို့ လုပ်နေစဉ်မှာပင် ဥက အောက်ဆင်းဖို့ ပြောလာတယ်။

"ခဏလေးနော် ဦးထွန်း၊ ဝယ်စရာလေးတွေ မြန်မြန်ပြေးဆင်းဝယ်လိုက်ဦးမယ်"

ဥတစ်ယောက်ကတော့ သွက်လက်ပေါ့ပါးစွာ အောက်ကိုဆင်းသွားတယ်။ ဥ ဆင်းသွားတဲ့အချိန်က သုံးနာရီဆယ့်ငါးမိနစ်။

ဥ,ပြန်ရောက်လာရင်တော့ ကျော်မိုးတို့နှစ်ယောက် မလိုက်ဖြစ်ဘူးဆိုတာကို ပြောမှဖြစ်လိမ့်မယ်။ ဒီလိုမှ မဟုတ်ရင် မရိုးသားစွာနဲ့ နှစ်ယောက်တည်း ခရီးသွားဖို့ လိမ်ခဲ့သလို ဖြစ်နေဦးမယ်။

ကျွတ်ကျွတ်အိတ်နှစ်အိတ်ကို လေးပင်စွာ ဆွဲရင်း ဥတစ်ယောက် တွဲပေါ် ပြန်တက်လာတယ်။

ပါးစပ်ကလည်း ဥ ပြောလိုက်သေးတယ်။

"စားသောက်တွဲပါပေမယ့် တွဲကူးလို့မရတော့ အခက်ဖြစ်မယ်လေ၊ တစ်ညလုံးဆိုတော့ အားလုံးအတွက် စားဖို့သောက်ဖို့ဝယ်လာခဲ့တာ"

"တော်ကြာဆိုရင် ဝန်ထမ်းကောင်လေးတွေ လာမေးမှာ ဥရဲ့၊ သူတို့ကိုမှာရင် ရထားရပ်တဲ့နေရာမှာ လာပို့ပေးမှာပေါ့"

"ဝယ်ထားတာ မမှားပါဘူး၊ ဒါနဲ့ လေးလေးကျော်မိုးတို့နှစ်ယောက်က အခုထိလည်း ပေါ်မလာကြသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဥက တပ်လှန့်လိုက်သလိုပါပဲ။ ဒီအခြေအနေရောက်နေမှ ရဲရဲပဲ သူ ဖွင့်ပြောမိတယ်။

"ဥနဲ့စတွေ့ကတည်းက ပြောမလို့ပဲ ဥ၊ တွဲပေါ်ရောက်တော့လည်း ဥက ပစ္စည်းတွေ ဆင်းဝယ်နေလို့လေ၊ သူတို့နှစ်ယောက် မန္တလေး မလိုက်ဖြစ်ကြတော့ဘူး၊ ကျော်မိုးက ကိစ္စပေါ်လာလို့၊ ဇင်အောင်က သူ့အမေ နေမကောင်းလို့ ဥ"

"ဟင် . . . လေးယောက်စာတစ်တွဲ ယူထားတာ နှမြောစရာကြီးပေ့ါ၊ သူတို့မလိုက်ဖြစ်တော့လည်း တစ်မျိုးကောင်းတယ်၊ ဥတို့ချည်းပဲ လွတ်လွတ်လပ်လပ်သွားရတာပေ့ါ မဟုတ်ဘူးလား"

စပီကာမှ မန္တလေးကို စပ်ဆိုသော သီချင်းသံအဆုံးမှာ ရထားထွက်ဖို့ အသိပေးစကားပြောသံ ထွက်လာတယ်။

ကျော်မိုးတွက်ကိန်းကတော့ ကွက်တိပဲ။ နှစ်ယောက်တည်း သွားရမယ့်အဖြစ်ကို ဥ,က အသေးအဖွဲလို သဘောထားလိုက်မှ ရင်အမောပြေသွားမိတယ်။

ဒါကလည်း ခဏပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



"ရထားထွက်ပြီ၊ တံခါးပိတ်လိုက်ဦးမယ် ဉ"

"ဦးထွန်း ထိုင်နေပါ၊ ဉပဲ ထပိတ်လိုက်ပါ့မယ်"

ပွဲကတော့ အရမ်းကို လှနေသလိုပဲ။ အတက်တံခါးမတွေကို ပိတ်ထားမှတော့ ဒီတွဲပေါ်ကို ဘယ်သူမှတက်လို့မရတော့ဘူး။ ပြတင်းနှစ်ဖက်ကတော့ လောလောဆယ်မှာ မှန်တံခါးတွေချထားတယ်။

ညရောက်လာလို့ သံအလုံတံခါးကို ချလိုက်ရင် အပြင်ကနေ တွဲထဲကို ဘာဆိုဘာမှ မမြင်ရတော့ဘူး။

"ရော့ . . . ဦးထွန်း မျက်နှာသုတ်လိုက်ဦး"

ရေခဲသေတ္တာထဲကနေ ယူလာတာ မကြာသေးသော စနိုးတာဝါ။ ချက်ချင်း သုတ်သင်နိုင်ရန် ပလပ်စတစ်ကိုပင် ဖောက်ပေးထားသေးတယ်။

"ကျေးဇူးပဲ ဉ"

မျက်နှာချင်းဆိုင်ခုံမှာပဲ ထိုင်နေကြတယ်။ ဘေးနှစ်ခုံကတော့ ဒီအတိုင်း အလွတ်ကြီး။ ထိုင်ခုံတွေရဲ့အပေါ်မှာ အိပ်စင်တစ်ခုစီ ရှိနေကြတယ်။

ဉ,တစ်ယောက်ကတော့ ကလေးငယ်လို လွတ်လပ်ပေ့ါပါးလန်းဆန်းနေပုံပဲ။ ဘာမှအပူပင်အကြောင့်ကြ မရှိတဲ့ မျက်နှာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဥနဲ့ပတ်သက်ပြီး ကျော်မိုးပြောခဲ့တာတွေ ခင်ချိုမြင့် ပြောခဲ့တာတွေကို နားမှာ ကြားယောင်လာသလိုပဲ။ ဥမျက်နှာကို ကြည့်ရင်းကနေ ရင်တွေလည်း ခုန်လာမိတယ်။

“ညရောက်လို့ အိပ်ချင်ရင်တော့ ဦးထွန်း အပေါ်တက်အိပ်ရင်အိပ်၊ ဥကတော့ ဒီမှာပဲ ထိုင်ငိုက်နေလိုက်တော့မယ်”

“ဥကလည်း အခုထိုင်နေတဲ့ခုံနှစ်ခု ဆွဲဆက်လိုက်ရင် အိပ်ယာတစ်ခုလို ဖြစ်သွားတာ ဥရဲ့၊ ဥ, ခဏထလိုက်၊ ဦးထွန်း အစမ်းလုပ်ပြမယ်”

“ဟုတ်ပါရဲ့ . . . ဖိမ်ပဲနော် ဦးထွန်း”

“ဒီဥစ္စာကို ဒီတိုင်းထားလိုက်၊ ဦးထွန်းတို့ ဟိုဘက်ခြမ်းမှာ သွားထိုင်ရအောင်”

မျက်နှာချင်းဆိုင်ထိုင်ခုံနှစ်ခုကို ဆက်လိုက်တော့ တစ်ယောက်စာမက နှစ်ယောက်ကောင်းကောင်း အိပ်နိုင်သော ကုတင်တစ်ခုလို ဖြစ်သွားခဲ့တယ်။

“ဦးထွန်း ခဏလေးနော်၊ ဒီအဝတ်အစားကြီးနဲ့က နေလို့ထိုင်လို့ သိပ်မလွတ်လပ်ဘူး၊ ဥ, အဝတ်လဲလိုက်ဦးမယ်”

“နောက်က အခန်းက ရေချိုးခန်း အိမ်သာအခန်းပဲ ဥ၊ အဲဒီထဲ ဝင်ပြီးလဲလေ”

သူ မပြောဖြစ်ရင် ချောင်ကပ်ပြီးများ အဝတ်အစား လဲ



www.burmeseclassic.com

www.burmeseclassic.com



နေဦးမည်လား မသိ။ ခရီးဆောင်အိတ်ထဲမှ အဝတ်အစားကို ထုတ်ယူပြီး အိမ်သာခန်းထဲသို့ ဥ,ဝင်သွားတယ်။

အခုမှ . . . ရထားစထွက်တာ ရန်ကုန်နယ်နိမိတ်ပင် မကျော်တတ်သေး။ ရှေ့လျှောက် ဘယ်လိုများ စခန်းသွားရဦးမည်လဲ . . . ဟု ရင်ခုန်နေရတာလည်း အမောပင်။

❧ ♠ ❧

အဝတ်အစားလဲပြီး ပြန်ထွက်လာသော ဥအသွင်အပြင်ကြောင့်ပင် အသက်ရှူမှားမတတ် ဖြစ်ရပြန်တယ်။

ဥ ဘောင်းဘီရှည်ဝတ်တာကို တစ်ခါမှ မမြင်ဖူးတာလည်းပါမည်ထင်ရဲ့။ တီရှပ်နဲ့ ဂျင်းဘောင်းဘီရှည်နဲ့ဆိုတော့ ဥခန္ဓာကိုယ်အချိုးအစားက လှချင်တိုင်း လှနေပြန်တယ်။ စောစောက စည်းနှောင်ထားတဲ့ ဆံပင်ရှည်တွေကလည်း ပြန်ဝဲလို့နေရဲ့။

"ဒီလိုမျိုး အေးအေးဆေးဆေး ဇိမ်ကျကျနဲ့ ခရီးမသွားဖူးဘူး၊ ရထားတော့ စီးဖူးတယ်၊ အများနဲ့ ရောစီးရတာနဲ့ အခုလိုအခြေအနေက အများကြီး အရသာကွာတယ်နော် ဦးထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးနှုန်းလည်း ကွာတယ်လေ"

"လေးယောက်ဆိုရင်တော့ တော်တော်နဲ့ အိပ်ချင်မှာ မဟုတ်ဘူး၊ အခုလည်း ဥအနေနဲ့ကတော့ အိပ်လို့ရမယ် မထင်ဘူး၊ တော်ကြာ ဥနဲ့ စကားထိုင်ပြောနေရလို့ ဦးထွန်း အိပ်ရေးပျက်မှာပဲ စိုးရတယ်"

အခေါ်အပြောတွေကတော့ ဇာတ်လမ်းစလာပြီ . . . ဟု ဆိုမည်လားမသိ။

"ဦးထွန်းလည်း တစ်ညတလေ မအိပ်ဘဲ နေနိုင်ပါတယ် ဥ၊ မှတ်မှတ်ရရပေါ့ ဥရာ"

သူကိုယ်တိုင်ကပင် ဥရဲ့အရိပ်အခြည်ကိုကြည့်ပြီး ဖြားယောင်းသောစကားတွေ ဆိုခဲ့လေလား မဝေခွဲနိုင်ခဲ့။

ဒီအပြောအဆို ဒီအနေအထားအတိုင်းဆိုရင်တော့ တစ်စုံတစ်ခုမှားယွင်းဖို့က ရာခိုင်နှုန်းများနေလေရဲ့။

"ဦးထွန်းဘဝမှာ အခုလို မိန်းကလေးတစ်ယောက်နဲ့ ခရီးရှည်ကြီးတစ်ခုကို သွားဖူးတာ ပထမဆုံးအကြိမ်လား"

ဥအမေးကို ဖြေဖို့ စဉ်းစားရသေးတယ်။ မမမိုးနဲ့ကတော့ ဒီလိုမသွားဖြစ်။ ဖြူနဲ့ကတော့ သွားဖြစ်ပေမယ့် ဒီလိုခရီးရှည်မျိုး တော့ မဟုတ်ပြန်။

"ဥပြောသလိုပဲ ဖြေရမှာပဲ၊ ပထမဆုံးအကြိမ်ပဲ ဥ၊ ဥက



www.burmeseclassic.com

www.burmeseclassic.com



တော့ ပထမဆုံးအကြိမ် ဟုတ်ချင်မှဟုတ်မှာပေါ့နော်”

အပိုင်ပြောလိုက်ပေမယ့် သူ့တွက်ကိန်းက မှားယွင်းနေပြန်တယ်။ တကယ်တော့ ဥစကားက အကြွင်းမဲ့ယုံဖို့တော့ မဖြစ်တန်ရာ။

“ယောက်ျားတစ်ယောက်နဲ့ ခရီးသွားဖူးသလားလို့ မေးရင် သွားဖူးတယ်လို့ ဖြေလို့ရပေမယ့် အခုလိုအနေအထားမျိုး အခုလို အခြေအနေမျိုးနဲ့တော့ ဦးထွန်းနဲ့သွားဖြစ်တာ ဘဝမှာ ပထမဆုံး အကြိမ်ပဲ”

“ဥကို မေးရဦးမယ်၊ ယောက်ျားတွေ တော်တော်များများနဲ့ ကြုံဖူးခဲ့တာဆိုတော့ သူတို့သဘာဝကို ဥ ဘယ်လောက်များသိလဲ”

“သိပ်သိတာပေါ့ ဦးထွန်းရာ၊ မပြောကောင်းလောက် အောင်ကို သိတာ”

“ကိုယ်လည်း ယောက်ျားတစ်ယောက်ပဲနော် ဥ”

“ဦးထွန်းက သူတို့တွေနဲ့မှ တူမှမတူပဲ”

“ကိုယ့်အကြောင်းကိုရော ဥ မသိချင်ဘူးလား၊ သိလိုက်ရရင်လည်း အဲဒီလူတွေလိုပဲ တစ်တန်းစားတည်း ဥ သတ်မှတ်မယ်ထင်တယ်၊ တကယ်တော့ ယောက်ျားဆိုတာ အခြေအနေတစ်ခုမှာတော့ စရိုက်တစ်ခုတည်းနဲ့ နေထိုင်ကြတဲ့ လူတွေပဲ ဥ၊ အဲဒါကိုရော ဥ, ဘာပြောချင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ဘူး ဦးထွန်း၊ အဲဒီလိုသာ တကယ်ဖြစ်ခဲ့ရင်တော့ ယောကျ်ားတွေကို ပိုလို့တောင် ဥက မုန်းတီးသွားဦးမှာပဲ"

စကားတွေကို စကားတွေနဲ့ လှမ်းပိတ်တာ ပညာပါသလိုပဲ။ တကယ်တော့ ဥဆိုတဲ့မိန်းကလေးက တကယ့်ကို ပါးပါးလှစ်လှစ်လေး။

"ဦးထွန်း အလကားစတာပါ၊ တော်ကြာ ဒီအခန်းထဲမှာတစ်ညလုံးနေရလို့ နောက်ကျောမလုံသလိုမျိုး ဥ ဖြစ်နေဦးမယ်"

"ရပါတယ် ဦးထွန်းရဲ့၊ ကိစ္စမရှိပါဘူး"

စကားအရာအနေနဲ့တော့ နည်းနည်းလေး တောက်ကြည့်လို့ ရနေပြီ။

သူလိုချင်သည့် အရာက ဒီဦးတည်ချက်မှ မဟုတ်ဘဲလေ။

ဖြိုးနဲ့ ပတ်သက်ပြီး ကတိတစ်ခုရဖို့။ ပြီးတော့ သူတို့အသိုင်းအဝိုင်းမှနေပြီး ငြိမ်းချမ်းစွာဖြင့် ဥ,တစ်ယောက် ထွက်ခွာသွားစေဖို့ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



# ( ၄ )

အချစ်နှင့် ကင်းကင်းနေဖြစ်ခဲ့ခြင်းကိုက သူ့အတွက် နောင်တရစရာလားတော့ မသိ။ အချစ်ကို စိတ်ဝင်စားငြီတွယ်မိပြန်တော့ ဘာတစ်ခုမှ အရာမထင်ခဲ့ပြန်။

သူ့မေတ္တာ၊ သူ့စေတနာတွေသာ ပုံအောပြီး ပေးလိုက်ရတယ်။ ချစ်သူထံမှ မက်မက်မောမော စွန့်ကြဲခြင်းတွေကတော့ ရင်မောစရာတွေအထိ။

ချစ်သူနားလည်ဖို့ ချစ်သူနဲ့နီးစပ်ဖို့ တစ်စုံတစ်ခု ကြံလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေတိုင်း သဲထဲရေသွန်မျိုး ဖြစ်ခဲ့ရတယ်။

ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုထက် ချစ်သူရဲ့ စကားစိမ်းတွေကို သူ့ရင်က မခံစားနိုင်ခဲ့။

"ဟော့ကောင် ဖြိုး . . . မင်းက ခြေရာဖျောက်ပြီး နေနိုင်လွန်းတယ်နော်"

ချစ်သူနဲ့ တွေ့ဖြစ်မှ သူ့ဘဝက အဖော်အပေါင်းတွေနဲ့ ဝေးခဲ့ရသလို။ ပတ်ဝန်းကျင်မှာလည်း တဖြည်းဖြည်း အထီးကျန်ဆန်ခဲ့တယ်။

အခုချိန်မှာ အပေါင်းအသင်းတွေနဲ့တကွ ဇာနည့်ကို တွေ့ချင်တယ်။ သူတို့ပြောမယ့်စကားတွေကို နားမခံရဲတော့ တွေ့ဖို့ခက်၊ ရင်ဖွင့်ဖို့ ခက်နေပြန်ရော။

"ငါ့အကြောင်းနဲ့ငါ ငါ့အဖြစ်နဲ့ငါ ခြေရာဖျောက်ရတာပါကွာ . . . မင်းနားလည်တယ် မဟုတ်လား"

"သိပ်နားလည်တာပေါ့ ဖြိုး၊ ငါ့ကြောင့်ပဲ မင်း မမချိုဆီရောက်ခဲ့ရတာ၊ မင်းနဲ့ ဥဆိုတဲ့မိန်းမ ဆုံဖြစ်တာ ငါက နံပါတ်တစ်တရားခံပဲဥစ္စာ"

လူတွေကို ရှောင်နေပေါ်လျက် ဇာနည်ကတော့ သူ့ကို တွေ့အောင် ရှာနိုင်ခဲ့တယ်။

မျက်နှာချင်းဆိုင် တွေ့ဖြစ်ပြန်တော့ သူ့ရင်တွေ အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ထွက်လာတယ်။

"တွေ့ချိန်တန်လို့ တွေ့ကြရတာပါ ဇာနည်၊ တကယ်တော့ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ မင်းအနေနဲ့ကလည်း ဥကို ရိုက်ပြီး ငြိတွယ်ခိုင်းခဲ့တာ မဟုတ်ဘူး၊ ငါ့ဘာသာငါ ဖြစ်ခဲ့ရတဲ့ကိစ္စပါကွာ"

"ဒီမိန်းမနဲ့ မင်းငြိတော့ ငါက တားတယ်၊ ငါ့စကားတွေကို ပြန်မပြောနားမထောင် မင်းလုပ်ခဲ့တယ်၊ အဲဒီကာလမှာ မမချိုဆီ ကနေ အဲဒီမိန်းမ ပျောက်သွားတော့ ငါတို့အားလုံး စိတ်အေးခဲ့ရ တယ်၊ ဦးထွန်းမွေးနေ့ပွဲကျမှ ဥဆိုတဲ့မိန်းမက အထင်ကရ ပြန်ပေါ် လာခဲ့တယ်၊ အဲဒီအချိန်မှာ အခြေအနေတွေက ငါတို့ထင်ထားတာ ထက် ဆိုးနေပြီ"

"အခုအခြေအနေမှာရော ဇာနည်"

"မင်းဘဝက လောင်မီးတိုက်ထဲ ရောက်နေတာထက် ပိုဆိုး နေပြီဖြို၊ အဲဒီဒုက္ခ၊ အဲဒီဝေဒနာကို မင်းနည်းနည်းလေးမှ နောင်တ မရတော့ဘူးလား"

ကြည့်စမ်းပါဦး . . . မမချိုဆီ မျက်စိလည်ပြီး ရောက်သွား ဖြစ်တော့လည်း သူ့ကိုပြောတာ ရစရာမရှိ။

အခု . . . ဇာနည်တစ်ယောက်လည်း သူ့ကို မရရအောင် လိုက်ရှာပြီး စကားလုံးတွေနဲ့ နှိပ်စက်ဦးမယ် ထင်ရဲ့။

"ဘာလဲ ဥ,မကောင်းကြောင်း တရားဟောပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကျွတ်တရားရအောင် မင်းလုပ်ဖို့ လိုက်ရှာနေတာ မဟုတ်လား ဇာနည်”

“သိပ်ဟုတ်တာပေါ့ ဖြိုး၊ မင်းကသာ မင်းဟာမလေးကို မြတ်မြတ်နိုးနိုးနဲ့ ဆွေဆန့်မျိုးဆန့်ဖြစ်အောင်လုပ်နေ၊ အဲဒီဟာမလေးက မင်းရဲ့ဦးထွန်းကို အရချိုင်နေတာ မင်းသိလား”

“ဘာလဲ ဦးထွန်းအနားမှာ ဥရှိနေတဲ့ကိစ္စကို ပုံကြီးချဲ့ပြီး မင်းတို့ ထင်ရာပြောနေကြတာ မဟုတ်လား ဇာနည်”

“ထင်ရာပြောနေကြတာ မဟုတ်ဘူး ဖြိုး၊ လူတွေက မျက်စိရှေ့မှာ မြင်နေတွေ့နေရလို့ ပြောကြတာ၊ အခုဆိုရင် မန္တလေးကို အတူတူ ခရီးထွက်သွားပြီ မဟုတ်လား”

ဥတို့ ဦးထွန်းတို့ မန္တလေးသွားကြသည့် သတင်းက တောမီးနှယ် ပျံ့နှံ့လွှန်းနေပါလား။ မဆီမဆိုင်ဖြင့် ဇာနည်ပင် သိနေပြန်တယ်။

“ခရီးသွားတာ ဘာဖြစ်လဲ ဇာနည်၊ အလုပ်ကိစ္စအတွက် သွားကြတာ ငါလည်း သိတယ်၊ ဦးထွန်းနဲ့ဥတို့ နှစ်ယောက်တည်း အပျော်ခရီးသွားကြတာမှ မဟုတ်ဘဲ၊ လေးလေးလည်း ပါသလို နောက်တစ်ယောက်လည်း ပါဦးမှာ၊ အလုပ်ကိစ္စနဲ့ ဦးထွန်း ဒီလို သွားနေကြပဲ၊ ဥတစ်ယောက် အပိုပါသွားတာနဲ့ ဘာဖြစ်လို့ အထူးအဆန်းဖြစ်နေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါခရီးက ထူးဆန်းတယ်လို့ ငါထင်တာပဲ ဖြိုး၊ အရင်အခေါက်တွေတုန်းက မန္တလေးသွားရင် ဘာနဲ့သွားလဲ ဖြိုး"

ဇာနည်အနေနဲ့ မသိလို့ မေးတာ . . . ဟုထင်ပြီး ရိုးရိုးသားသားပဲ ဖြေလိုက်တယ်။

"ဖလိုက်နဲ့ပဲ သွားတာလေ၊ ဒီနေ့ သူတို့ရန်ကုန်ကနေ သွားကြမှာလည်း ဖလိုက်နဲ့ပဲ နေမှာပေါ့ ဇာနည်"

"အဲဒါပေါ့ . . . မန္တလေးကို အလုပ်နဲ့သွားကြတာလောက်ပဲ မင်းသိခွင့်ရတာ၊ ဘာနဲ့ ဘယ်လိုသွားပြီး ဘယ်သူတွေပါတယ် မပါဘူးဆိုတာမှ မင်းသိခွင့် မရဘဲ ဖြိုးရာ"

"နေစမ်းပါဦး ဇာနည် . . . သူတို့ ဘာနဲ့သွားသွား ဘယ်သူတွေပါပါ ငါသိဖို့ မလိုဘူးကွာ"

"မင်းမသိချင်ပေမယ့် ငါသိနေတဲ့အကြောင်းလေးတွေကိုတော့ လက်တို့ပြီး ပြောပြချင်တယ်ဖြိုး၊ ဖလိုက်နဲ့သွားတာ မဟုတ်သလို ဘယ်သူမှလည်း ပါမသွားဘူး၊ ရထားနဲ့ သွားကြတာ၊ မင်းပဲ စဉ်းစားပေါ့ . . . နှစ်ယောက်တည်းဆိုတော့ အိပ်စင်နဲ့ လွတ်လွတ်လပ်လပ် သွားကြမှာပေါ့ကွာ"

ဇာနည့်စကားတွေက လုပ်ဇာတ်တွေမှန်း သိသိသာသာ။

ခေါင်းတွင်တွင်ခါပြီး ဇာနည့်ကို ငြင်းလိုက်မိတယ်။

"မင်းပြောသလိုဆိုရင် လူများလို့ ဖလိုက်နဲ့မသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ရထားနဲ့သွားဖြစ်ခဲ့ရင်တောင်မှ လေးလေးတို့ ပါတယ်ဆိုတာတော့ သေချာတယ် ဇာနည်၊ သူတို့နှစ်ယောက်တည်းတော့ ဘယ်နည်းနဲ့မှ သွားကြမှာ မဟုတ်ဘူး”

“ကောင်းပြီလေ . . . အခု သုံးနာရီထိုးခါနီးနေပြီ၊ မင်း ဘူတာကို လိုက်သွားတာထက် မင်းအိမ်ကို မင်းပြန်ကြည့်ပါဦး၊ မင်းရဲ့လေးလေး ပါ,မပါဆိုတာ မင်းတွေ့ရမှာပေါ့၊ ငါပြောချင်တာ ဒါပဲ ဖြိုး၊ ငါ သွားတော့မယ်”

ပြောချင်တာတွေ ပြောပြီး ဇာနည်က ထွက်သွားနှင့်တယ်။ ပြောသမျှတွေကို နားထောင်ပြီး ဘာလုပ်ရမှန်းမသိအောင် ကျန်ခဲ့သူက ကိုယ်။ ဇာနည်ပြောတာတွေ ဟုတ်မဟုတ် လိုက်လုပ်ရကောင်း နိုးနိုး ဖြစ်ကျန်ခဲ့ရတယ်။

နောက်ဆုံးမှာတော့ သိပ်စဉ်းစားမနေတော့ဘဲ အိမ်ပဲ ပြန်ခဲ့တယ်။ အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ ဦးထွန်းအခန်းဆီ အရင် သွားလိုက်တယ်။ ဦးထွန်းအခန်းက ပွင့်နေတယ်။ ဦးထွန်းခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



ရင် အခန်းတံခါးက ပိတ်ထားရမှာ . . . အခုတော့ . . .

"လေးလေး"

ပွင့်နေတဲ့ ဦးထွန်းအခန်းထဲမှာ လေးလေးကျော်မိုးကို တွေ့လိုက်ရတော့ အလန့်တကြား ရေရွတ်လိုက်မိတယ်။

"ဘာဖြစ်ရတာလဲ ဖြိုး၊ လေးလေးကိုတွေ့တာ မကောင်းဆိုးဝါးကို တွေ့လိုက်ရသလိုပဲ ရေရွတ်ရတယ်လို့"

"လေးလေး မန္တလေး မသွားဖြစ်ဘူးလား၊ ဦးထွန်းရော လေးလေး"

လေးလေးကျော်မိုးကတော့ အေးအေးဆေးဆေးပဲ တစ်စုံတစ်ခုကို ရှာနေတယ်။ ဓာတ်ပုံလိုလို ပို့စကဒ်လိုလို တစ်ခုကို ဆွဲထုတ်ပြီးမှ သူမေးတာကို ပြန်ဖြေတယ်။

"လေးလေး မလိုက်သွားဖြစ်ဘူး၊ မင်းဦးထွန်းတို့တော့ ဒဂုံမန်းရထားနဲ့ သွားဖြစ်ကြတာပဲ"

"ဖြိုး သိထားတာက မန္တလေးခရီးမှာ လေးလေးလည်းပါမယ်၊ ကိုဇင်အောင်လည်းပါမှာ မဟုတ်လား"

"အစကတော့ ဟုတ်တယ်လေ၊ ဇင်အောင်ကလည်း သူ့အမေ နေမကောင်းဖြစ်လို့ မလိုက်ဖြစ်ဘူး၊ မင်းဦးထွန်းနဲ့ ဉတို့ကတော့ သွားဖြစ်ကြတာပေါ့"

"တစ်ခုခုတော့ မှားနေပြီထင်တယ် လေးလေး၊ သူတို့ ဦးလို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းတော့ ခရီးရှည်မသွားသင့်ဘူးထင်တယ်”

“ဘာလို့မသွားသင့်ရမှာလဲ ဖြိုးရာ၊ အခုလောက်ဆိုရင် သူတို့စီးမယ့်ရထားက ထွက်ခါတောင်နီးနေပြီ၊ ဒီတစ်ညနေပြီးလို့ မနက်ဖြန်မနက်ဆိုရင် မန္တလေးကို ရောက်ပြီပဲဥစ္စာ”

“အဲဒီခရီးကို နှစ်ယောက်တည်းသွားကြတာ လုံးဝမရိုးသားဘူး၊ ဥအနေနဲ့ ဆွယ်တယ်ပဲ ထားဦး၊ ဦးထွန်းအနေနဲ့ နှစ်ယောက်တည်း မသွားသင့်တဲ့ကိစ္စပဲ”

သူ့ရင်ထဲမှာတော့ ရှက်စိတ်တွေ၊ စိုးရိမ်စိတ်တွေက မြင့်တက်နေတယ်။

လေးလေးကျော်မိုးတစ်ယောက်ကတော့ သူ့အမူအရာကို ကြည့်ပြီး ကြောက်လန့်သွားတယ်ထင်ရဲ့။ လက်ထဲမှ ဓာတ်ပုံလိုလို၊ ပို့စကဒ်လိုလိုဟာလေးတောင် သူ့ခြေရင်းကို လွင့်ကျလို့လာတယ်။

“ဘာဖြစ်တာလဲ ဖြိုး၊ ဘာလဲ မင်းရဲ့ ဥ မှားမှာကို စိုးရိမ်တာလား၊ မင်းရဲ့ဦးထွန်း မှားမှာကို စိုးရိမ်တာလား”

“နှစ်ယောက်စလုံးကိုပဲဗျာ . . ဖြိုး ပိုစိုးရိမ်တာက ဦးထွန်းအတွက်၊ ဦးထွန်းရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ့်ကျင့်တရားအတွက်ပဲ၊ ဥကို ချစ်သူတစ်ယောက်လို တန်ဖိုးထားသလိုပဲ၊ ဦးထွန်းကိုလည်း ဖခင်ရင်းတစ်ယောက်လို ဖြိုး တန်ဖိုးထားတယ်၊ အဲဒီတန်ဖိုးတွေကို ဘယ်နည်းနဲ့မှ အယုတ်လျော့မခံနိုင်ဘူး လေးလေး”



www.burmeseclassic.com

www.burmeseclassic.com



လေးလေးကို ကြေကွဲစွာ ပြောရင်းကပင် သူ့ရှေ့နားက ဓာတ်ပုံလေးကို ကောက်ယူလိုက်မိတယ်။ ပထမကောက်တုန်းက လေးလေးလက်ထဲကို ပြန်ထည့်ပေးဖို့ပါပဲ။

❦ ✿ ❦

"ဖြိုး မင်းစိတ်ကို ငြိမ်ငြိမ်ထားလိုက်စမ်း၊ ပြီးတော့ မင်း လက်ထဲက ဓာတ်ပုံဟောင်းလေးကို သေသေချာချာ ကြည့်လိုက် စမ်း ဖြိုး"

လေးလေးပြောသမျှကို ယောင်ဝါးဝါးနဲ့ လိုက်လုပ်မိတယ်။ ဓာတ်ပုံထဲမှာတော့ မိန်းမတစ်ယောက်၊ ယောက်ျားတစ်ယောက် ပြီးတော့ မွေးကင်းစနီတျာရဲလေး။

"ဒီဓာတ်ပုံက ဘာလဲလေးလေး၊ ယောက်ျားပုံက ဦးထွန်းပဲ၊ ဒီအမျိုးသမီးက ဘယ်သူလဲ၊ မေမေလည်း မဟုတ်ဘူး၊ ဒီကလေး ပေါက်စကရော"

ဓာတ်ပုံထဲမှာပါသော အမျိုးသမီးနဲ့ ကလေးပေါက်စလေး တို့မှာ ဦးထွန်းနဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို ပြောပြပ့ါမယ်၊ ဘာလို့ပြောပြရတာလဲဆိုတော့ မင်းဦးထွန်းနဲ့ ပတ်သက်နေလို့ပဲ၊ မင်းကထင်မယ် ဖြိုး . . . ဥနဲ့ ဦးထွန်းတို့ ငြိနေကြပြီ၊ ခရီးတစ်ခုကို လွတ်လွတ်လပ်လပ်နဲ့ နှစ်ယောက်တည်း ထွက်သွားကြပြီ၊ ဥဆိုတဲ့မိန်းမ မြူဆွယ်တာနောက်ကို ဦးထွန်း လုံးဝပါသွားခဲ့ပြီလို့ မင်းထင်မှာပဲ၊ ဥအနေနဲ့ မြူဆွယ်ကောင်းမြူဆွယ်လိမ့်မယ်၊ ဒါပေမဲ့ မင်းဦးထွန်းက ဥကို မငြိသလို မင်းထင်နေသလိုလည်း မဟုတ်ဘူး၊ ဒီခရီးကို သွားရတာလည်း မင်းအတွက်ပဲ၊ ဒီခရီးမှာ ဥနဲ့ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး ပေးသင့်တာတွေကို ပေးပြီး ငါတို့အသိုင်းအဝိုင်းထဲကနေ ငြိမ်းချမ်းစွာ ထွက်ခိုင်းဖို့ပဲ ဖြိုး၊ ဒီခရီးမှာ မင်းရဲ့ဦးထွန်းက မမြူဆွယ်ပေမယ့် မင်းရဲ့ဥကတော့ ကမ်းကုန်ယမ်းကုန် မြူဆွယ်မှာတော့ သေချာတယ်"

ဒုက္ခတွေ များကုန်ပြီလားမသိ။ ဥတစ်ယောက်ကရော လူတွေပြောကြသလိုမျိုး လုပ်ရက်လိမ့်မည်လား။ သူ မယုံရဲပေမယ့် တွေ့ကြုံနေရသော အနေအထားတွေကြောင့် ရင်တွေ ပူလို့လာရပြန်တယ်။

"ဥအကြောင်း ပြောတာနဲ့ မင်း ငိုင်ကျသွားပြီ မဟုတ် လား၊ ခုနက မင်းမေးတဲ့ ဓာတ်ပုံကိစ္စကို မေ့သွားပြီလား ဖြိုး"

"မေ့တယ်လို့တော့ မဟုတ်ဘူး လေးလေး၊ ဖြိုးအတွေးထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ သူတို့နှစ်ယောက် ရထားပေါ်မှာ ဘာတွေဖြစ်နေမလဲဆိုတာပဲ ကြီးစိုးနေတာ”

“မင်းမေ့လည်း လေးလေးက ပြောပြမှာပါ၊ အခု . . . လေးလေး ပြောပြမယ့်အကြောင်းကို မင်းမေမေတောင် သိမသွားရှာဘူး၊ မင်းဘိုးဘိုးဘွားဘွားတို့လည်း မသိဘူး၊ မင်းရဲ့ ဦးထွန်းရယ်၊ လေးလေးရယ်ပဲ သိကြတာ၊ လေးလေးပြောချင်တာက ဒီဓာတ်ပုံနဲ့ ပတ်သက်ပြီး မင်းရဲ့ဦးထွန်းဘဝမှာ အကြီးကျယ်ဆုံး မှားယွင်းမှုနဲ့ နောင်တရမှုတွေ ဖြစ်ခဲ့ပြီးပြီဆိုတာပဲ၊ ဥဆိုတဲ့ မိန်းကလေးအတွက်တော့ သူ ထပ်မှားစရာအကြောင်း မရှိဘူးဆိုတာပဲ”

“ဦးထွန်းက ဘာတွေမှားပြီး ဒီဓာတ်ပုံထဲကလူတွေနဲ့ ဘာတွေများ ပတ်သက်ခဲ့လို့လဲ”

သူ့ခေါင်းထဲမှာတော့ စဉ်းစားစရာတွေများလာလို့ အတော်လေး နောက်ကျိချင်လာတယ်။

လေးလေးပြောပြတာကို နားထောင်ရင်းနဲ့ပဲ သက်ပြင်းတွေချနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဖေဖေနဲ့ မမမိုးတို့ အိမ်ထောင်မကျခင်အထိ ဖြစ်ခဲ့တဲ့ ဇာတ်လမ်းအကျဉ်းကိုတော့ မင်းသိမှာပါ ဖြိုး၊ ဒါတွေကို ပြန်မပြောတော့ဘူး၊ မင်းဖေဖေ ဆုံးသွားတော့ လေးလေးအနေနဲ့ မမမိုးနဲ့ မင်းရဲ့ဦးထွန်းကို ပြန်ဆုံစေချင်တယ်၊ မမမိုးကလည်း အရွယ်ကောင်းပဲ ရှိသေးတာဆိုတော့ မေမေတို့နဲ့ တိုင်ပင်ပြီး ဖြိုးလေးအတွက်ပဲ ကောသောင်းဘက်ကို လေးလေး လိုက်သွားခဲ့တယ်၊ မင်းရဲ့ဦးထွန်းကို လိုက်ပြီးရှာလို့ တွေ့တော့တွေ့တယ်၊ ဒါပေမဲ့ သူက အိမ်ထောင်ကျလို့ သမီးလေးမွေးခါစ အချိန်၊ လေးလေးလည်း ဘာလုပ်ရမှန်း မသိဘူး၊ မမမိုးနဲ့ မေမေတို့ကလည်း မျှော်လင့်ချက်နဲ့ စောင့်နေကြမှာ၊ အဆိုးဆုံးက မမမိုးပေါ့၊ မေမေတို့ကလည်း ဖြိုးလေးမျက်နှာကို ငဲ့ပြီး ခွင့်ပြုတယ်ဆိုတော့ မမမိုး အရမ်းပျော် နေတာ၊ လေးလေးလည်း သူများမိသားစုကို ခွဲခဲ့သလို ဖြစ်ခဲ့တယ်၊ မင်းရဲ့ဦးထွန်းကို အကြောင်းစုံ ပြောပြပေမယ့် သူက မဖြစ်နိုင်ဘူးလို့ ပထမငြင်းတယ်၊ လေးလေးကလည်း သူပါလာရင်ပြီးရောဆိုပြီး မမမိုးကို မျက်နှာပြရုံပဲပြပါ၊ ကိုယ့်ဘာသာကိုယ် အကျိုးအကြောင်း ပြောပြပါဆိုပြီး အတင်းခေါ်လာခဲ့တာ၊ ဒီကိုရောက်တော့ မမမိုးကိုလည်း မြင်ရော မင်းရဲ့ဦးထွန်းက ပြောမထွက်ဘူး ဖြစ်နေတယ်၊ မင်းရဲ့ဦးထွန်း နယ်စပ်ကနေ ပြန်ရောက်လာတယ်လည်းဆိုရော၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်မိဘတွေက တိုင်ပင်ကြပြီ၊ မမမိုးနဲ့ မင်းရဲ့ဦးထွန်းတို့ရဲ့ ကိစ္စကို စီစဉ်ကြတယ်၊ နောက်ဆုံးမှာတော့ကွာ ဟိုမှာကျန်ခဲ့တဲ့ ဇနီးနဲ့သမီးဆီ ပြန်မသွားဖြစ်တော့ဘဲ မမမိုးဆီမှာ နေဖြစ်ခဲ့တယ်၊ ဒါပဲ ဖြိုး . . . ဒီဓာတ်ပုံထဲက အမျိုးသမီးက ကမ္ဘောဒီယားသူလေ၊ ဒီကလေးက မင်းဦးထွန်းရဲ့ ကလေးပေါ့”

“အဲဒီ ကမ္ဘောဒီယားသူရဲ့ နာမည်က ဘယ်သူလဲ . . . လေးလေး မှတ်မိလား”

“ဖြူဆိုလားပဲ ဖြိုး၊ ဒီအဖြစ်အပျက်ကိုပဲ ကြည့်လေ၊ ဒီအမှားမျိုးကို မင်းရဲ့ဦးထွန်းက ကျူးလွန်ခဲ့ပြီးတဲ့သူ၊ ဒီအတွက် ဒီနေ့အထိ သူ့မှာတာဝန်မကင်းဘူးဆိုပြီး နောင်တတွေ အိပ်မက်ဆိုးတွေနဲ့ တအုံနွေးနွေးနဲ့ နေခဲ့ရရှာတာ၊ ဘာမဟုတ်တဲ့ မင်းရဲ့ ဥလို မိန်းကလေးမျိုးနဲ့တော့ သူ မှားယွင်းလိမ့်မှာ မဟုတ်ဘူး ဖြိုး၊ မင်း ဒါကိုတော့ မင်းရဲ့ဦးထွန်းအတွက် ယုံကြည်လိုက်စမ်းပါ၊ တကယ်လို့များ ဥရဲ့ဖြားယောင်းမှုတွေကြောင့် တစ်စုံတစ်ခု ဖြစ်ခဲ့တယ်ဆိုရင်တောင်မှ ဘာ ခွင့်မလွှတ်နိုင်စရာရှိလဲ သားရယ်”

“မဟုတ်ဘူး . . . ဘယ်သူမြူဆွယ်ဆွယ် ဘယ်လိုပဲမှားမှား သူတို့နှစ်ယောက်ကို အဖြစ်မခံနိုင်ဘူး၊ အခုမှ လေးနာရီခွဲပဲ ရှိသေးတယ်၊ သူတို့ရထားကို မီအောင် ကားမောင်းပြီး လိုက်ရမယ် လေးလေး၊ တောင်ငူအရောက်မှာတော့ မီနိုင်ကောင်းမီမယ် ဖြင်



www.burmeseclassic.com

www.burmeseclassic.com



တယ်”

လေးလေးကို ပြောပြီး အိမ်ထဲမှ အပြေးထွက်ခဲ့တယ်။ လေးလေးကျော်မိုးက တားမြစ်ပေမယ့် ဘာဆိုဘာမှ ပြန်မပြောဖြစ်တော့ဘူး။

အရေးကြီးတာက သူတို့နှစ်ယောက်ကို မီအောင်လိုက်ဖို့ပါပဲ။ ရထားပေါ်မှာ ပါသွားကြတဲ့ ဥနဲ့ဦးထွန်းတို့က တစ်ယောက်အကြောင်း တစ်ယောက် သိကြဦးမှာ မဟုတ်ပေ။ တကယ်လို့များ တစ်စုံတစ်ခု လွဲချော်မှုတွေကြောင့် ဘယ်သူကပဲ စတင်မှားမှား ဒီကမ္ဘာအတွက် ဖြေစရာရတော့မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

သံလမ်းပေါ်တွင် ယိမ်းထိုးလှုပ်ခါနေသော ရထားလို သူမ စိတ်တွေက အစိုးမရချင်။ ပဲခူးမရောက်ခင်အထိ စားရင်းသောက်ရင်းက ဦးထွန်းနဲ့ စကားတွေ မပြတ်ခဲ့။

"ပဲခူးတောင် ဝင်ပြီ ဉ"

"မန္တလေးရောက်ဖို့ဆို အများကြီး လိုသေးတာပေါ့နော်"

အပြင်မှာတော့ အမှောင်အတိ။

ရထားဥသြသံ၊ ယိမ်းထိုးသံတွေက ဆူညံလို့။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးကအထွက်မှာတော့ ဦးထွန်းမျက်နှာအမူအရာ သိသာ ပျက်ယွင်းစ ပြုလာတယ်။ အမှောင်နဲ့ ဆိတ်ကွယ်ရာက ယောက်ျား တစ်ယောက်ရဲ့သိက္ခာကို ပျက်ယွင်းစေရော့လား မပြောနိုင်။

"တကယ်တော့ ဥရာ . . . ဒီခရီးက ဦးထွန်းအတွက် အရေးကြီးသလို မှတ်မှတ်ရရ ဖြစ်ကျန်ခဲ့မယ့်ခရီးဆိုလည်း မမှားဘူး ဥ၊ ဦးထွန်းအနေနဲ့ လေးလေးနက်နက်သဘောထားပြီး ဆွေးနွေး ကြည့်ချင်တယ် ဥ"

"ဘာကိစ္စ ဆွေးနွေးမှာလဲ ဦးထွန်း၊ ဖြိုးကိစ္စလား ဒါမှ မဟုတ် အလုပ်ကိစ္စများလား"

"ဖြိုးအတွက်ရော ဦးထွန်းအတွက်ရော ပြီးတော့ ဥအတွက် ပါ စဉ်းစားထားပြီး ဆွေးနွေးချင်တာပါ"

တကယ်ပဲ ဦးထွန်းစိတ်တွေ ယိမ်းယိုင်ပြီး ပြိုကျချင်နေပြီ လား။ ဦးထွန်းပြောမယ့်စကားတွေကို တားဖို့ခက်မှာတော့ သေချာ နေတယ်။ သူမ, တားလည်း ဦးထွန်းက ပြင်ဆင်ပြီးသား ဖြစ်နေမှာ ပါ။

"ဥတို့သုံးယောက်စလုံးနဲ့ ဆိုင်တယ် . . ဟုတ်လားဦးထွန်း"

"ဟုတ်တယ် ဥ၊ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် မှတ်မထင်ဘဲ ဆုံဖြစ်ခဲ့ကြတယ်၊ တကယ်တော့ ကိုယ်တို့တွေရဲ့ ဆုံစည်းမှုက ဆန်းတော့မလိုနဲ့ ရိုးခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းစကားတွေက သိမ်မွေ့နေပေမယ့် ဦးထွန်းမျက်နှာကတော့ အရောင်တွေ ပြောင်းနေတယ်။ တစ်စုံတစ်ခုအတွက်ပဲ ဦးထွန်း ဇောချွေးတွေ ပြန်စပြုနေတယ်။

"ဆန်းမလိုနဲ့ ရိုးခဲ့ကြသတဲ့လား ဦးထွန်း"

"သိပ်ဟုတ်တယ် ဥ၊ ဒါပေမဲ့ အဲဒီတွေ့ဆုံမှုဟာ ရေရှည်တည်တံ့ဖို့ဆိုတာ အိပ်မက်တစ်ခုပဲ၊ ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာကို ဥ,လည်း သဘောပေါက်မယ်ထင်တယ်၊ ဒီတော့ ဥရယ်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အခင်အမင်မပျက် မျက်နှာမပျက်ရဘဲ လမ်းခွဲကြရင် မကောင်းဘူးလား ဥ"

"အချိန်တန်ရင်တော့ ခွဲကြရမှာပါ ဦးထွန်း၊ ဒီသဘောကို ဥလည်း နားလည်ထားတယ်"

"ဒီလိုဆိုရင် ဥရဲ့မာယာတွေထဲကနေ ဖြိုးကို လွတ်လပ်ခွင့်ပေးလိုက်ပါလား၊ ဒီအတွက် ကိုယ် ဘယ်လိုနည်းနဲ့ တောင်းပန်ရမလဲ ဆိုတာကို ဥ ပြောပြပါ"

လက်စသတ်တော့ ဦးထွန်းတို့ အသိုင်းအဝိုင်းကနေပြီး သူမကို ထွက်ခွာသွားဖို့ ညင်သာစွာ တောင်းဆိုနေခြင်းပဲ။

"ဖြိုးအတွက် လွတ်လပ်ခွင့် ပြုထားပြီးသားပါ၊ ဥ ပြုထားရစ်ခဲ့ဖူးတဲ့ မာယာတွေကို ဖြိုးက မမြင်နိုင်သေးတာပါ ဦးထွန်း၊ သူ့ရဲ့ ချစ်ခြင်းတွေဟာ တစ်စစနဲ့တော့ အရောင်ဖျော့လာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ဖြိုးကို ဘာမှဒုက္ခထပ်မပေးချင်တော့တာ အမှန်ပါပဲ”

“အားနာစွာနဲ့ပဲ ရှင်းရှင်းပြောပါရစေ ဉ၊ လူတွေပြောကြတဲ့ စကားကိုပဲ နမူနာအနေနဲ့ ပြောပါရစေ၊ ဖြိုးနဲ့ပတ်သက်ပြီး ဉ ထင်သလို ချယ်လှယ်ခဲ့တယ်၊ ဉအနေနဲ့ ရသင့်ရထိုက်တာတွေ ရခဲ့ပြီးပြီ၊ ဒီအတွက် ဦးထွန်း ဘာမှမပြောလိုဘူး၊ ဉလက်ထဲမှာ ရောက်နေတဲ့ ပစ္စည်းတွေအတွက် ဦးထွန်းတို့ ဘာမှမက်မောမှု မရှိဘူး၊ ဦးထွန်းတို့ ပြန်လိုချင်တာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ ဖြိုးပဲ ဉ”

ဦးထွန်းစကားတွေကြောင့်ပဲ ရင်ထဲမှာ အောင့်သွားမိ တယ်။ သူမကိုယ်သူမလည်း ရှက်ရွံ့ အော့နှလုံးနာမိပြန်တယ်။

“တကယ်တော့ ဉဟာ ဖြိုးကို ကစားစရာအရုပ်လေးလို သဘောထားပြီး သိမ်းသွင်းခဲ့တယ်ဆိုတာ ဟုတ်တယ်၊ ဒီအတွက်လည်း ဉမှာ ရသင့်သလောက် ရပြီဆိုတာကိုလည်း ဝန်ခံတယ် ဦးထွန်း၊ အခုချိန်မှာ အဲဒါတွေကိုလည်း ဉ မမက်မောချင်ဘူး၊ ဉ စကားက မှန်သောစကားပါ၊ ယုံယုံကြည်ကြည်နဲ့ပဲ ဦးထွန်း နားထောင်ပါ၊ အဲဒါတွေအားလုံးနဲ့အတူပဲ ဖြိုးကို ဒီအတိုင်းထားခဲ့ပြီး ဉ,ဘာသာဉ ထွက်သွားပေးမှာပါ ဦးထွန်း”

ဦးထွန်းမျက်လုံးတွေက နားမလည်ခြင်းတွေ ပြည့်နှက်နေတယ်။ ဦးထွန်းရဲ့ စိတ်ထဲမှာလည်း မယုံနိုင်ခြင်းတွေ ဖြစ်နေဟာ



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်။

“စိတ်တော့ မကောင်းဘူး ဥရယ်၊ လူတွေက ထပ်ပြောနေကြသေးတယ်၊ အခုချိန်မှာ ဥဟာ ဖြိုးကို လုံးဝ လျစ်လျူရှုထားလိုက်ပြီတဲ့၊ ဥရဲ့ တကယ့်ပစ်မှတ်က ဦးထွန်းဖြစ်နေပြီတဲ့ . . . ကိုယ့်အနေနဲ့ကတော့ ယုံရခက်ခက် မယုံရခက်ခက်ပါပဲဥ”

“ပစ်မှတ်တော့ မဟုတ်ဘူး၊ တကယ်တော့ ဦးထွန်းဟာ ဥ,စိတ်တွေကို ကပြောင်းကပြန်ဖြစ်အောင် လုပ်နိုင်စွမ်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲ၊ ဦးထွန်းအနားမှာ ဘာမှ လိုချင်တပ်မက်မှုမရှိဘဲ နေချင်တဲ့စိတ်၊ ဦးထွန်းရဲ့ မျက်စိအောက်မှာ ငြိမ်းချမ်းနေချင်တဲ့စိတ်တွေ ဖြစ်တာကိုတော့ ဝန်ခံတယ် ဦးထွန်း၊ ဒါပေမဲ့ ဦးထွန်းတို့ ထင်နေကြသလိုမျိုးတော့ လုံးဝမဟုတ်ဘူး၊ ဦးထွန်းကို စကားကုန် ပြောခဲ့ပြီးပါပြီ၊ ဦးထွန်းဆီက ဘာတစ်ခုမှ မမျှော်လင့်ခဲ့ဘူးဆိုတာလေ”

“လောကကြီးဆိုတာက အပေးအယူဆန်ဆန်ပဲ ပြုမူဆက်ဆံကြတာ အကောင်းဆုံးပဲ ဥ၊ ဒါမှ ကိုယ့်ဘက်ကနေ တစ်ခုမှ ပါမသွားမှာ၊ ကိုယ်တို့အနေနဲ့ ဖြိုးကို ပြန်ရတဲ့အတွက် ပေးသင့်တာတွေကို ပေးလိုက်ချင်တယ်၊ ဒီလိုမှ မဟုတ်ဘဲ ကိုယ်တို့ဆီကနေ သံယောဇဉ်တွေ မေတ္တာတွေ ပြန်ပေးလိုက်ရင် ဇာတ်လမ်းက ဆုံးမှာ မဟုတ်ဘူးလေ၊ ဒီတော့ ဥဘက်က တောင်းဆိုပါ၊ လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အနေအထားထက် ပိုပြီးတော့ ဥ တောင်းဆိုခွင့် ရှိနေတယ်”

“ဘာမှမတောင်းဆိုချင်ဘူး ဆိုရင်ရော ဦးထွန်း”

“ဒါကတော့ ဥသဘောပဲ၊ ကိုယ်ပြောပြမယ် . . ဖြိုးဆီကပဲ ဖြစ်ဖြစ်၊ ကိုယ့်ဆီကပဲ ဖြစ်ဖြစ် သံယောဇဉ်တွေ၊ မေတ္တာတွေကို ဥအနေနဲ့ ဘယ်တော့မှ မမျှော်လင့်နဲ့၊ ရလည်းရမှာ မဟုတ်သလို ပေးလည်းပေးနိုင်မှာ မဟုတ်ဘူး ဥ”

စေ့စေ့တွေးရင်တော့ တော်တော်ရှက်ဖို့ ကောင်းနေတဲ့ ကိစ္စ။

ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘာမှပြောနိုင်စွမ်း မရှိတော့။ မဝဲဖူးသော မျက်ရည်တို့သည်ပင် မျက်ဝန်းမှာ ရစ်ဝဲနေခဲ့ပါရော။

“လက်စနဲ့ ပြောချင်သေးတယ် ဥ၊ ကိုယ်အရမ်းသိချင်နေခဲ့တဲ့ မေးခွန်းတစ်ခုကို ဥ,ဖြေနိုင်မလား”

သူမကိုယ်တိုင်က စကားနည်းသွားပြီး ဦးထွန်းရဲ့ စကားလုံးတွေ ချည်နှောင်မှုကို ခံနေရခြင်းလားတော့ မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းစကားက နားလည်ဖို့ ခက်တာတော့ အမှန်ပင်။ သူမ အမုန်းတီးဆုံး တောင့်တမှုမျိုးကိုများ ဦးထွန်းတောင်းဆိုလေမလားလေ။

"ဘာကို အရမ်းသိချင်နေလို့ ဘာကို ဥ ဖြေရမှာလဲ ဦးထွန်း"

"တခြားတော့ မဟုတ်ဘူး ဥ၊ အလုပ်အင်တာဗျူးနေ့က ဥ ပြောခဲ့တဲ့စကားတစ်ခွန်းကို မှတ်မိလား၊ ဥဘဝမှာ ယောကျ်ားတွေအပေါ် အယုံအကြည်မရှိ ဖြစ်စေခဲ့တဲ့သူလေ၊ သူဟာ ဥဘဝမှာ အမုန်းတီးဆုံးသူဖြစ်သလို အကြီးမားဆုံးသူဖြစ်တယ်ဆိုတဲ့ စကားလေ၊ အဲဒါကို ဦးထွန်း သိချင်တယ်"

"သိလို့ ဘာထူးမှာလဲ ဦးထွန်း"

"ထူးတာပေါ့ ဥ၊ ဥသာ အဲဒီစကားမပြောဖြစ်ခဲ့ဘူးဆိုရင် ကိုယ် အလုပ်ခန့်ဖြစ်မယ် မထင်ဘူး၊ ဒီတော့ အဲဒီအကြောင်းကိုတော့ ကိုယ့်အနေနဲ့ သိခွင့်ရှိတယ်လို့ ယူဆရမယ်လေ"

ဦးထွန်းသိချင်နေမှတော့ ပြောပြရမယ်ပေါ့။ ဒီအကြောင်းတွေကို ဖြိုးလည်း သိခဲ့ပြီးပြီပဲ။

"ဒီအကြောင်းတွေ ပြောပြီးရင် ဦးထွန်း စောစောက ပြောဖြစ်ခဲ့တဲ့ စကားတွေအတွက် နောင်ဆံငင်သွားလိမ့်မယ် ဦးထွန်း"

"ပြောမှာသာပြောပါ ဥရယ်၊ ကိုယ့်အကျင့်က ဒီလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သိချင်တာရှိရင် မရရအောင် လုပ်ယူလေ့ရှိတယ်”

“ကောင်းပြီ ဦးထွန်း . . . ဥဘဝမှာ အမုန်းဆုံးယောကျ်ား ဆိုတာလည်း သူပဲ၊ ဥဘဝမှာ အကြီးမားဆုံးသော ယောကျ်ားဆိုတာ လည်း သူပဲ၊ သူ့ကြောင့် ဥဘဝဟာ ဟိုးငယ်စဉ်ကတည်းက ညှိုးငယ် တဲ့စိတ် ဖြစ်ခဲ့တာ၊ သူဆိုတဲ့သူဟာ အခြားမဟုတ်ဘူး ဦးထွန်း၊ ဥရဲ့ ဖခင်ပဲ”

“ဒါနဲ့ ဥမှာက အဖေရော အမေရော ရှိနေသေးတာပဲ ဥစ္စာ၊ ဘယ်လိုဖြစ်ရတာလဲ”

“အခုရှိနေတဲ့ အဖေနဲ့အမေက ဥကို မွေးစားခဲ့တာလေ၊ သူတို့နှစ်ယောက်သာ ဥအပေါ် မကောင်းခဲ့ဘူးဆိုရင် ဥအနေနဲ့ ဒီထက်ပိုပြီး ဘဝတွေက ဆိုးသွမ်းနေမှာ သေချာတယ်၊ သက်ရှိထင် ရှားတောင် ရှိချင်မှ ရှိနေနိုင်မှာလေ”

ပြောရင်းကပင် ရစ်ဝဲနေသော မျက်ရည်တစ်ပေါက်က အလိုလို ကျဆင်းသွားတယ်။

မျက်ရည်ကျခြင်းအပေါ်မှာလည်း အားမလိုအားမရ ဖြစ်မိတယ်။ တကယ်တော့ သူမ, မငိုတာ၊ မငိုတတ်တာ ကျင့်သား ရနေပြီးခါမှ . . .

“ဒါဆို . . . ဥအဖေအရင်းနဲ့ အမေအရင်းက သက်ရှိထင် ရှားရော ရှိသေးရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



"အဖေနဲ့ အမေကို လုံးဝမမှတ်မိဘူးလေ၊ ဒီလောကမှာ တော့ သူတို့နှစ်ယောက် တကွဲတပြားစီနဲ့ ရှိကောင်းရှိနေမယ် ထင် တာပဲ ဦးထွန်း၊ တကယ်တမ်းပြောကြေးဆိုရင်တော့ ဖခင်ရဲ့ နာမည် ကိုတောင် ဥအနေနဲ့ မသိပါဘူး၊ လသားအရွယ်မှာပဲ အမေနဲ့ ဥကို ထားပြီး ထွက်သွားတာလေ၊ ဥကို မွေးတော့ မြန်မာပြည်ရဲ့ နယ်စပ် မြို့ဖြစ်တဲ့ ကော့သောင်းမှာလေ၊ ဥအမေက ကမ္ဘောဒီးယားသူ၊ အဖေ က ဗမာ၊ သူတို့တွေ တစ်ဖက်ကမ်းမှာ အလုပ်လာလုပ်ရင်းက တွေ့ ကြတယ် ပြောတာပဲ"

ဦးထွန်းရဲ့မျက်လုံးတွေမှာ စောစောက ဆင်ထားတဲ့ အရိပ် အယောင်တွေ ချက်ချင်းပြောင်းသွားတယ်။ စူးစမ်းတဲ့ အကြည့်၊ အံ့အားသင့်လွန်းတဲ့ မျက်လုံး၊ ပြီးတော့ ဝမ်းနည်းလာသယောင် ယောင် မျက်နှာအသွင်အပြင်တွေနဲ့။

"ဒါဆို ဥအမေနာမည်ကိုရော သိလား ဥ"

"ဖြူလို့ ပြောတာပဲ၊ အခု ဥကို ကြီးပြင်းအောင် စောင့် ရှောက်ခဲ့တဲ့ အဖေတို့အမေတို့က ဒုတိယမြောက်မွေးစားတဲ့လူတွေ လေ၊ အဲဒီ ဖြူဆိုတဲ့ ခမာအမျိုးသမီးက သူ့အမျိုးသား ပြန်ရောက် မလာတဲ့အဆုံးမှာ အိမ်နီးပါးချင်းတွေဆီမှာ မွေးစားပေးထားခဲ့ပြီး ကမ္ဘောဒီယားကို ပြန်ထွက်သွားခဲ့တာတဲ့ ဦးထွန်း"

သူမ,ကသာ စကားတွေပြောပြနေတာ။ ဦးထွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ ဘယ်ကနေဘယ်လိုဖြစ်သွားရှာတယ် မသိဘူး။ မျက်နှာတစ်ခုလုံး ညိုမှောင်ပြီး လုံးဝ တိတ်ဆိတ်နေတယ်။ အပူကူး တယ်ဆိုတာများလားတော့ မပြောတတ်ဘူး။

ရက်စက်တဲ့ မေတ္တာမဲ့တဲ့ မုန်းတီးစရာကောင်းတဲ့ ဖခင် အကြောင်းကို ပြောပြပြီး သူမကိုယ်တိုင်လည်း ငြိမ်ကျသွားရတယ်။

"ဦးထွန်းစိတ်မကောင်း ဖြစ်သွားပြီ မဟုတ်လား၊ ဥလည်း အိပ်ချင်ပြီ ဦးထွန်း၊ ဥတော့ အိပ်တော့မယ်၊ တောင်ငူရောက်ခါနီး ကျရင် ဥ,ကို နှိုးဖြစ်အောင် နှိုးဦးနော်"

"ဒါဆို ဥအိပ်လိုက်တော့ ဦးထွန်းတော့ အိပ်လို့ရမယ် မထင်တော့ဘူး၊ ပထမစိတ်ကူးက အရက် လုံးဝမသောက်ဘဲ နေ မလို့၊ အခုတော့ မသောက်လို့ မဖြစ်တော့ဘူး ဥ"

ဦးထွန်းရဲ့စိတ်တွေ ဘာဖြစ်သွားပြီလဲဆိုတာကို သူမ, မသိ ချင်တော့ပေ။ အိပ်ခါနီးမှာတော့ သတိပေးစကားအနေနဲ့ ပြောဖြစ် တယ်။

"သိပ်လည်း အမူးလွန်အောင် သောက်မနေနဲ့ဦးနော် ဦးထွန်း၊ ဒီအခန်းထဲမှာ ဦးထွန်းရယ် ဥရယ်ပဲ ရှိကြတာ၊ တော်ကြာ တစ်ခုခုဖြစ်ရင် ဥ, ဘာမှ လုပ်တတ်တာ မဟုတ်ဘူး"

"ကိုယ်, စိတ်, နှလုံး သုံးပါးလုံးအတွက် စိတ်ချလက်ချ အိပ်စက်လိုက်ပါ ဥ၊ အရက်မူးလာရင် ကိုယ့်စိတ်တွေက ပိုပြီး နူး



www.burmeseclassic.com

www.burmeseclassic.com



ညှို့လာတတ်ပါတယ်”

သူမ လွှတ်ခနဲ ပြောမိတာက ဘာကိုမှ ရည်ရွယ်ချက် မရှိခဲ့ဘူး။

ဦးထွန်းကတော့ တစ်စုံတစ်ခုကို ရည်ရွယ်ပြီး ကာကာ ကွယ်ကွယ်နဲ့ ပြောဆိုလိုက်ခြင်းပဲ။

ဦးထွန်းပြောသလို အားလုံးအတွက် စိတ်ချယုံကြည်စွာနဲ့ သူမ အိပ်စက်ဖြစ်ခဲ့တော့တယ်။

BURMESE CLASSIC .com

ပထမတော့ အိပ်လို့ မပျော်ခဲ့ဘူး။ စိတ်ပင်ပန်း လူပင်ပန်း နဲ့မို့ ပုခက်လွှဲပေးသလို ဖြစ်နေတဲ့ လှုပ်ရှားမှုတွေကြားမှာပဲ သူမ, အိပ်ပျော်ဖြစ်တယ်။

အိပ်ပျော်သွားတော့လည်း အိပ်မက်တွေတောင် မက်နေ လိုက်သေး။

အိပ်မက်ကို သတိထားမိတော့ ဦးထွန်းရဲ့ရင်ခွင်ထဲကို သူမ ရောက်နေလေရဲ့။ အရက်နံ့ကို သူမ, အမုန်းဆုံးဖြစ်ပေမယ့် အိပ်

www.burmeseclassic.com

www.burmeseclassic.com



မက်ထဲမှာတော့ ဦးထွန်းနှုတ်ခမ်းက အရက်နံ့ကို နှစ်သက်စွာနဲ့ပဲ သူမ ခံ့မင်မိနေပြန်ရော။

အိပ်မက်မှန်းတော့ အိပ်မက်ထဲမှာ သူမ သိလို့နေတယ်။

ရထားသံလမ်းတွေကြောင့်ရယ်၊ ရထားခုတ်တာ အရှိန်မြင့်တာရယ်နဲ့ ပေါင်းပြီး သူမတစ်ကိုယ်လုံး လေထဲမှာ မြောက်တက်သွားသလို ခံစားရပြီး လန့်နိုးခဲ့တယ်။

အဲဒီအခါမှာ . . .

သူမမျက်နှာပေါ်မှာ မိုးနေတဲ့ ဦးထွန်းမျက်နှာကို အိပ်မက်မဟုတ်ဘဲ တွေ့လိုက်ရတယ်။

သူမ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေစဉ်မှာပဲ သူမရဲ့ နဖူးစပ်ကို ဖွဖွလေး ဦးထွန်းနမ်းလိုက်တယ်။

"ဦးထွန်း . . . ဒါ ဘာသဘောလဲ၊ ဘာလုပ်လိုက်တာလဲ ဦးထွန်းရယ်၊ ဥဖြင့် ဒီလိုအခြေအနေမျိုးကို လုံးဝမျှော်လင့်မထားမိဘူး"

ဦးထွန်းမျက်နှာက ကြက်သေသေနေသလိုပဲ။

ဦးထွန်းရဲ့လှုပ်ရှားမှုတွေက သူမရဲ့တားမြစ်စကားကြောင့် ရပ်တန့်မသွားခဲ့ဘူး။ သူမရဲ့ အင်္ကျီကိုဆွဲဟရင်း ရင်ညွန့်ဆီကို စူးစူးရဲရဲကြည့်ပြန်တယ်။

"ပြောလေ ကဲလေပါလား ဦးထွန်း၊ ဘာသဘောလဲ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာလဲ ဦးထွန်း”

“သေချာပါတယ်၊ ဥရဲ့ရင်ညွှန့်အလယ်မှာ အမှတ်ရှိနေတယ်၊ ဥဟာ ဖြူနဲ့ ဦးထွန်းတို့ရဲ့ သမီးလေး၊ ဒီဘဝမှာ ဘယ်လိုမှ ပြန်မတွေ့နိုင်တော့ဘူးလို့ ထင်ထားတဲ့ ဦးထွန်းရဲ့ သမီးလေးပဲ”

ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ မပြောတတ်အောင်ပါပဲ။ ဦးထွန်းဆီကလည်း အရက်နံ့တွေက တထောင်းထောင်းနဲ့။

“ဦးထွန်း . . . ဘာတွေပြောပြီး ဘာတွေလုပ်နေတာလဲ၊ ဦးထွန်း အရမ်းအမူးလွန်နေပြီလားဟင်”

“မမူးဘူး သမီး၊ သမီးလေးအပေါ်မှာရော ဖြူ့အပေါ်မှာရော လုံးဝတာဝန်မကျေခဲ့ဘူး၊ အဲဒီအတွက်လည်း ဦးထွန်းဘဝမှာ တစ်နေ့မှ မပျော်သလို၊ မထင်ထားတာတွေပဲ ကြုံတွေ့နေရတယ်၊ မမမိုးဆုံးတော့ ကျော်မိုးနဲ့အတူတူ ကော့သောင်းကို ရောက်ခဲ့ပါသေးတယ်၊ အဲဒီမှာ သမီးရော ဖြူပါ မရှိတော့ဘူး၊ သမီးကို ဖြူမွေးစားပေးခဲ့တဲ့သူတွေနဲ့ပဲ တွေ့ရတယ်၊ ဖြူ့လက်ထဲကနေ လိုလိုချင်ချင်နဲ့ သမီးလေးကို သူတို့ ခေါ်ထားလိုက်ကြတာ၊ သမီးရောက်လာပြီးမှ သူတို့မိသားစု စီးပွားပျက်တယ်၊ သမီးလေးက သူတို့အတွက် အကျိုးမပေးဘူးဆိုပြီး တခြားလူလက်ထဲ ထပ်ပြီး မွေးစားပေးလိုက်တာကို သိရတယ်၊

ကံကြမ္မာကပဲ ဖေဖေတို့ကို ခွဲခဲ့ကြတယ်။ ကံကြမ္မာကပဲ

www.burmeseclassic.com



ပြန်လည်တွေ့ဆုံခွင့် ပေးခဲ့ပြန်တယ်လေ။

သမီးလေးကို ထပ်မွေးစားတဲ့လူတွေက ဖေဖေတို့ ရောက်သွားတဲ့အချိန်မှာ ကော့သောင်းကနေ ပြောင်းသွားကြတယ်၊ ဘယ်ကို ပြောင်းသလဲဆိုတာလည်း ခြေရာခံလို့ မရဘူး။

တိုက်ဆိုင်တာက ဖေဖေတို့ ရောက်မလာခင် တစ်ပတ်လောက်ပဲ ကော့သောင်းကို သမီးမေမေ ဖြူရောက်လာခဲ့တယ်တဲ့။ ဖြူတစ်ယောက်တည်းတော့ မဟုတ်ဘူး၊ ကမ္ဘောဒီးယားအမျိုးသားတစ်ယောက်နဲ့တဲ့၊ အဲဒီလူတွေက ဖြူ့ကိုတောင် ကောင်းကောင်း မမှတ်မိကြတော့ဘူး၊ ဖြူလည်းပဲ ဖေဖေ့လို သမီးလေးကို အစပျောက်သွားလို့ ကမ္ဘောဒီးယားကို ပြန်သွားရှာတာပဲ နေမှာပါကွယ်”

သူမကို ဖက်တွယ်ထားသော လက်တွေ။

သူမ အမုန်းဆုံးသောသူ၊ သူမ အတွေ့ချင်ဆုံးသောသူ။

ဝမ်းနည်းဝမ်းသာခြင်းတွေကြောင့်ပဲ သူမကိုယ်တိုင် ပြန်လည်ဖက်တွယ်ထားမိတယ် ထင်တာပဲ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ကြွေသမျှထက် ပွင့်ခဲ့တယ် ....

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ပန်းတွေပွင့်နေခဲ့တာ အများကြီးပဲ သမီး လေး ဉ။

ကြွေခဲ့တာလည်း အများကြီးပဲ။

ဒါပေမဲ့ ပန်းတွေကတော့ သူ့နေရာမှာ ပွင့်နေ လှနေမြဲပဲ။

ဖေဖေ့ရင်ထဲမှာလည်း သမီးလေးနဲ့ ပတ်သက်တဲ့ သံယော ဇဉ်ပန်းတွေ အများကြီးပွင့်ခဲ့ပါတယ်။

ဒါပေမဲ့ သမီးလေးရဲ့ မမြင်ကွယ်ရာမှာပဲ ကြွေသွားခဲ့ရတော

www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါပဲ။

ဒါပေမဲ့လို့ ကြွေသမျှထက် ပွင့်ခဲ့တာမို့ အခု သမီးလေးနဲ့ ပြန်လည်ဆုံခွင့်ရပြီလေ။

စိတ်မကောင်းစရာက ပန်းတစ်ပွင့် ပွင့်သွားခြင်းပဲ။

လူတွေကတော့ ဖြိုးသေဆုံးသွားတဲ့အတွက် ပန်းတစ်ပွင့် ကြွေသွားခြင်းလို့ နိမိတ်ဖတ်ကြတယ်။

ဖေဖေကတော့ ကြွေတာကို ပွင့်ပြလိုက်တာလို့ပဲ မှတ်ယူတယ် သမီး။

ဘာဖြစ်လို့လဲဆိုတော့ သမီးလေးနဲ့ ပတ်သက်ပြီး ဖြိုးရဲ့ ချစ်ခြင်းတရားတွေက ကြွေသမျှထက်ပွင့်ပြခဲ့တာပဲ မဟုတ်လား ကွယ်။

“ဖြိုးရယ် . . . ဥကို ခွင့်လွှတ်တယ်ဆိုတဲ့ စကားလေး တောင် ပြောမပြသွားတော့ဘူးလား”

ငိုလိုက်ပါ သမီးလေး။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပေါ့ပါးစွာနဲ့ပဲ ငိုကြွေးလိုက်ပါ။

သမီးလေးက ဘာဖြစ်လို့ စိတ်တင်းခံထားရတာတုန်း။

ဖေဖေလည်း ဖြိုးအတွက် ငိုနေပါတယ်။

"ဖြိုး ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရမယ်မှန်းသိရင် ဒီအစီအစဉ်တွေကို လေးလေး မလုပ်ခဲ့ပါဘူး၊ အခုတော့ အဖေနဲ့သမီးအဖြစ်ကို လေးလေးတို့ထက်စောပြီး ဖြိုးက သိခဲ့တယ်၊ အဲဒီဇာနဲ့ပဲ တောင်ငူကို ရထားအဆိုက်မှာမီဖို့ ဖြိုးလိုက်သွားခဲ့တာ၊ တောင်ငူအဝင်မှာ ရထားကိုမီတော့ မီပါရဲ့၊ ဒါပေမဲ့ ဖြိုး ကံမကောင်းခဲ့ပါဘူး"

ကျော်မိုးကတော့ သူဖန်တီးခဲ့တဲ့ဇာတ်လမ်းမို့ အတော် လေးယူကြုံးမရ ဖြစ်နေတယ်။

ဖြိုးအလောင်းကို မီးသင်္ဂြိုဟ်ဖို့ ထုတ်လာကြပြီ။

ဖြိုးတစ်ယောက် တောင်ငူအဝင်မှာ ကားမှောက်ပြီး ဆုံးရရှာတာတဲ့။

အဲဒီအချိန်မှာ တောင်ငူကို ရထားဆိုက်လို့ သမီးနဲ့ဖေဖေက ဝမ်းနည်းဝမ်းသာခြင်းတွေနဲ့ ကြည်နူးနေကြရတဲ့အချိန်ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို အမုန်းဆုံးလူသားအဖြစ် သတ်မှတ်ထားတာကို ရုပ်သိမ်းလိုက်တော့ သမီး။

အဲဒီစိတ်အစွဲအလမ်းကြောင့်ပဲ သမီးဘဝတစ်လျှောက်လုံး အမှောင်ကျခဲ့ရတာ။

မိဘဆိုတာ စိတ်နဲ့တောင် မပြစ်မှားကောင်းဘူး သမီး။

အဲဒီအစွဲအလမ်းကြီးနဲ့တော့ သံသရာအထိ ဆက်မသွားချင်ပါနဲ့ သမီးရယ်။

"ဖြိုး . . . ငါပြောမိခဲ့တဲ့စကားတွေအတွက် အလုံးစုံ ခွင့်လွှတ်ပါတော့ သူငယ်ချင်း"

ဖြိုးအိပ်စက်နေတဲ့ တလားအဖုံးကို ဖွင့်ခိုက်မှာပဲ ဇာနည်က တီးတိုးရေရွတ်တယ်။

ဖြိုးရဲ့ဝိညာဉ်တွေက ဒီအနီးနားတစ်ဝိုက်မှာ ရှိနေခဲ့ရင်တော့ အားလုံးရဲ့ ငိုရှိုက်သံတွေ တောင်းပန်ခယခြင်းတွေကို ကြားလောက်မယ် ထင်ရဲ့။

ဇာနည့်မျက်နှာမှာလည်း မျက်ရည်တွေ ရွှဲနစ်လို့။

ပြီးတော့ နောက်တစ်ယောက် . . .

"မမချိုကတော့ ဒီအဖြစ်ဆိုးအထိ ရည်ရွယ်ခဲ့တာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဖြိုးရဲ့စိတ်တွေ လွတ်လပ်စေချင်တဲ့ဆန္ဒနဲ့ ဦးရဲ့မာယာတွေကနေ လွတ်ကင်းအောင် ပြောမိဆိုမိခဲ့တာပါ ဖြိုးရယ်”

ခင်ချိုမြင့်တစ်ယောက်လည်း မျက်ရည်တွဲရွဲနဲ့ ယူကြုံးမရဖြစ်နေရှာတယ်။

ဖြိုးရေ အားလုံးရဲ့စကားသံတွေကို ကြားရော ကြားရဲ့ လား။

သင်္ဂြိုဟ်စက်တံခါးမကြီးက ဂျိမ်းခနဲ ပိတ်လို့သွားတယ်။

ကျော်မိုးနဲ့ ဇာနည်တို့ကတော့ အခန်းထဲကို ဝင်လိုက်သွားကြလေရဲ့။

အသုဘရှု လာကြတဲ့သူတွေကလည်း အားလုံးနီးပါး ဝမ်းနည်းပက်လက် ဖြစ်နေကြရှာတယ်။

လူတွေကတော့ ဖြိုးရဲ့ဘဝကူးခြင်းကို မလှပဘူးလို့ ပြောနေကြတယ် ဖြိုး။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနဲ့ ဖြိုးရေ . . .
ချစ်ခြင်းဆိုတာ လူတိုင်းရင်မှာ ကိုယ်စီရှိနေကြတယ်။
သံယောဇဉ်ဆိုတာလည်း မြစ်တစ်စင်းလိုပဲ . . .
သူစီးဆင်းနေကျအတိုင်း စီးဆင်းလို့နေတယ်။
မိုးကောင်းကင်မှာ ကြယ်တွေ လင်းလက်ဖူးကြမယ်။
ပြီးတော့ . . .
တဖြုတ်ဖြုတ်နဲ့ ကြွေကောင်းကြွေလိမ့်မယ်။
ပန်းတွေဆိုတာလည်း ဒီနှယ်ပါပဲ။
ပွင့်လိုက်ကြတာ တပုံတပင်၊
ကြွေလိုက်ရတာလည်း အုပ်နဲ့သင်းနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်တွေကြောင့်ပဲ ကြွေသမျှထက် ပွင့်ခဲ့တယ်လို့ပဲ မှတ်ယူလိုက်ပါကွယ်။

ဒါဆိုရင်တော့ ပတ်ဝန်းကျင်မှာ အမြဲလှပနေမယ်။

လူသားတွေအတွက် စိတ်ပျက်ဝမ်းနည်းစရာတွေနဲ့ ကင်းဝေးနေမယ်။

ခြွေတဲ့သူကတော့ ရက်စက်တာတွေ ဘာတွေကို သူသိမှာမဟုတ်ဘူး။

ရဲရဲသာ ပွင့်ပြလိုက်ပါကွယ်။

ကြွေသမျှထက် ပွင့်ခဲ့ပါတော့။

ခြွေရက်တဲ့ လူရမ်းကားတွေကြောင့်ပဲဖြစ်ဖြစ်၊ သူ့အလိုလို ကြွေသွားရတဲ့အဖြစ်ကြောင့်ပဲဆိုဆို . . .

ကြွေသမျှထက် ပွင့်ပြလိုက်ပါကွယ်။

မောင်ညိုအေး (ပန်းတော)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com